http://www.cherrythitsar.org

# ခေါင်းဝင်းလတ်



http://www.cherrythitsar.org

ပင်နီစာအုပ်တိုက်
PINNY PUBLISHING HOUSE

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

# ဆူးကလေးစူးတယ်

# ဆူးမယ်

ဆောင်းဝင်းလတ်

ပင်နီစာအုပ်တိုက်

အမှတ် (၂၀၅)၊ ၃၅လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၂၄၄၂၀၅၊ ၂၄၉၇၀၀၊ ၂၈၁၄၂၄

http://www.cherrythitsar.org


## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်**
၁၃၁၉/ ၂၀၀၃(၉)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၁၃၀၅/ ၂၀၀၃(၁၁)

**မျက်နှာဖုံးပန်းချီ**
မောင်မောင်သိုက်

**အတွင်းစာစီနှင့် ဖလင်**
မဟာမီဒီယာအုပ်စု

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**ထုတ်ဝေသည့်ကာလ**
၂၀၀၃၊ ဒီဇင်ဘာလ

**အုပ်ရေ**
၁၀၀၀

**ထုတ်ဝေသူ**
ဦးဝင်းမျိုးသူရ (ယာယီ – ၇၅၀)
အမှတ်(၁၆၀)၊ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဦးဝင်းမျိုးသူရ
မဟာမီဒီယာ (မြ – ၀၅၈၁၄)
အမှတ် ၁၅၅၊ ယောဂီကျောင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး**
၅၅၀ ကျပ်

၁၉၅၆ ခုနှစ်၊ မတ်လ (၅)ရက်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့ မနက်ကတော့ အဘိုး၏ ဘ၀သည် အမှန်တကယ်ပင် ပြီးဆုံးသွားခဲ့ရ၏။

အဘိုးက အိမ်မှာ ငွေကွမ်းအစ်ကလေးထားသည်။ သူ ကွမ်းမြုံ့တာကလည်း စနစ်တကျ။ အသက်အရွယ်အရ သွားတွေက ခပ်ယိုင်ယိုင်မို့ ကွမ်းသီးကိုညက်အောင်ထောင်းဖို့ သံငရုတ်ဆုံသေးသေး လေးကလည်း သူ့ဘေးမှာ အမြဲဆောင်ထားတတ်သည်။

သည်မြို့ ဇာတိ ကျောင်းဆရာအိုကြီး၊ ဆရာဟောင်းကြီး၊ ရှေးမီနောက်မီကြီးဆိုတော့ သီတင်း၀ါလကျွတ်လျှင် တပည့်တပန်း တွေက လာလာကန်တော့ကြတာ စည်စည်ကားကား။ အနန္တောအနန္တ ငါးပါး၊ ဘုရားတရားလည်းကိုင်းရှိုင်းတော့ သူ့ဘုရားခန်းလေးမှာ ပန်းတွေက အမြဲတစေဝေလို့လန်းလို့။

အဘွားတိမ်းပါးတာတော့ ကြာပြီ။ သည်တော့ သားသမီး တွေ၊ မြေးတွေကြားမှာသာ အဘိုးဘ၀က ချမ်းချမ်းမြေ့မြေ့။ ရှေးမြန်မာ ဆန်သော အပြောအဆို၊ ၀တ်စားဆင်ယင်မှုကြောင့် ခပ်ရိုးရိုးကြီး။

http://www.cherrythitsar.org



မြို့ကလေးတစ်မြို့လုံးကတော့ အဘိုးကို ရိုရိုသေသေ လေးလေးစားစား ရှိကြသည်။ နံနက်ခင်းနေခြည်မျှင်မျှင် ပြတင်းမှ ဖြာကျလာလျှင် အဘိုး၏သျှောင်ထုံးမှ ဆံဖြူလွလွတို့က ငွေရောင်ပိုတောက်ပလျက်။

မိသားစုပိုင် ဆီစက်သည် မလှမ်းမကမ်း ချောင်းရိုးစပ်တွင် မီးခိုးငွေ့တွေလူကာ ဝေ့ဝေ့ဝဲဝဲ။ စက်ပုံမှန်လည်ပတ်မှ စက်သံကြားနေရမှ ထမင်းစားရသော မိသားစုဘဝမှာ တက်ညီလက်ညီတော့ ရှိကြသည်။ ရွာနီးချုပ်စပ်မှ နှမ်း၊ ပဲ တစ်တင်းစ နှစ်တင်းစ လာကြိတ်လျှင်လည်း စိတ်လိုလက်ရ အလုပ်သမားတွေက ကြိတ်ပေးကြသဖြင့် ပေါင်းသင်းဆက်ဆံရေးအဆင်ပြေနေသည်။

အိမ်ထောင်ခွဲသားချင်းတွေကလည်း သိပ်ဝေးဝေးကြီးမှာတော့မဟုတ်။ ခြံတစ်ဝိုင်းနှင့်တစ်ဝိုင်းက မလှမ်းမကမ်း၊ တစ်ဆက်တည်းလိုလိုမှာ တည်ဖွဲ့ရှိနေသည်။

ဘယ်မှတော့ သိပ်မထွက်ဖြစ်။ အိမ်လည်မသွားတာ ကြာပြီ။ ကွမ်းတမြုံ့မြုံ့နှင့် အိမ်ဦးခန်းမှာထိုင်ရင်း ဟိုငေးသည်ငေး၊ ငေးခဲ့တာ ကြာပြီ။ ခြံဝတွင် သကြားပင်ကလေးရှိသည်။ အရွက်က စိမ်းမြမြသွယ်သွယ်။ အသီးလေးတွေက စိမ်းဖန့်ဖန့်။ နေ့လည်ခင်းဆိုလျှင် ကလေးတချို့ တံချူနှင့် သကြားသီး လာချူပြီး အပျင်းပြေစားနေတာ မြင်ရသည်။ ကလေးသဘာဝ အသီးကင်းလေးများ၏ ချိုမြမြအရသာကို နှစ်သက်ဟန်တူသည်။ ခြံဝိုင်းထဲမှာတော့ မန်ကျည်း၊ ကွမ်းသီးပင်၊ အုန်းပင်၊ သရက်ပင်နှင့် မာလကာပင်များသာ ရှိနေသည်။ ကျန်တာက မြေးများစိုက်ထားသော အလှစိုက်ပန်းအိုးတွေသာ ဝေဆာနေ၏။ အိမ်၏တံစက်မြိတ်တွင် စာငှက်လေးတွေအတွက် သစ်သားအသိုက်အိမ်သေးသေးလေး ချိတ်ဆွဲပေးထားသည်။ ဝင်ပေါက်

http://www.cherrythitsar.org



ကသုံးပေါက်ရှိပြီး လှမ်းကြည့်တော့ အထဲမှာ မြက်ခြောက်နှင့် ကောက်ရိုးမျှင်အစအနများ တွေ့ရသည်။ စာကလေးတွေ နှုတ်သီးနှင့် ကိုက်ချီလာတာဖြစ်၏။ လူဖန်တီးပေးသည့် သစ်သားအိမ်လေးထဲမှာပင် အသိုက်ဖွဲ့နေပြန်သည်။ မြေးတစ်ယောက်က မနက်တိုင်း အိမ်ရှေ့ မြေကွက်လပ်တစ်နေရာတွင် ဆန်စေ့ဖြူဖြူများကြဲချပေးလိုက်ရာ စာကလေးတွေ တပျော်တပါးပျံဝဲဆင်းကာ စားကြသည်။ စာကလေးတွေတွင်သာမက နံဘေးခြံမှ ကြက်ဖကြီးတစ်ကောင်နှင့် ကြက်သားအမိသုံးကောင်ပါ ဆန်ကိုလာစားတတ်ကြသည်။ အဘိုးမျက်စိကအနီးမှုန်။ အဝေးကိုတော့ အတန်ငယ် မြင်နိုင်ကြည့်နိုင်သေးသည်။ အနီးကျတော့ စာဖတ်လျှင်မျက်မှန်တပ်ရသည်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့ မနက်ကတော့ အဘိုး၏ဘဝသည် အမှန်တကယ်ပင် ရပ်တန့်သွားခဲ့ရ၏။

နာတာရှည်ဝေဒနာလည်း တစ်စုံတစ်ရာ အရိပ်အရောင်မပြဘဲ နှလုံးခုန်သံရပ်သွားခဲ့ရခြင်းဖြစ်သည်။ နှလုံးရောဂါ Heart Attack ဟု ဆရာဝန်က ပြောသည်။ အဘိုး၏ ဈာပနမှာ မြို့ကလေးတွင် စည်ကားခဲ့သည်။

ညအိပ်ညဥ့်နေလာရောက်သော အဘိုး၏တပည့်ဟောင်းများ၊ သားချင်းများဖြင့် တစ်အိမ်လုံးအခန်းပြည့်ဖြစ်နေသည်။ တော်ပါသေး၏။ ကျွန်တော်တို့ ခြံဝင်းမှာ ကျယ်ကျယ်ဝန်းဝန်းကြီးဖြစ်ပြီး ဆင်ဝင်အိမ်ကြီးမှာလည်း အတော်ပင် ခန်းဆောင်တွေများပြား၍ လာသမျှဧည့်သည်တွေအတွက် ဧည့်ဝတ်မပျက်ခဲ့ပေ။

ကျွန်တော့်မှာတော့ ဘာမှအားကိုးစရာမရှိတော့သလို ခံစားနေရသည်။ အဘိုး၏စောင့်ရှောက်မှုအရိပ်အာဝါသအောက်တွင်သာ လူမှန်းသိတတ်ခဲ့ရသူဖြစ်သည်။

http://www.cherrythitsar.org



ယခု အဘိုးကွယ်လွန်သွားချိန်တွင် မြို့ကလေးမှာ ကျွန်တော့်အတွက် ဘာမှအဓိပ္ပါယ်မရှိတော့သလို ခံစားနေရသည်။ အဘိုးကိုလွမ်းနေသည်။ နှမြောနေသည်။ ဆုံးရှုံးရပြီ။ ကြီးမားသော ဆုံးရှုံးမှုဖြစ်သည်။

ကျွန်တော့်ဘဝမှာ အဘိုးပေးသွားသော 'သင့်ဦးငယ်' ဆိုသည့်နာမည်သာ ကျန်ရစ်ခဲ့တော့သည်။ ဘာအဓိပ္ပါယ်နှင့် အဘိုးက သည်နာမည်ကိုပေးခဲ့မှန်းတော့ မသိ။ ကျွန်တော် မြို့အရှေ့ဘက်က ဆရာမကြီးဒေါ်မြရီ၏ မူလတန်းကျောင်းမှာ သူငယ်တန်းစတက်တော့ လည်း ကျောင်းဝင်အမည်ကို အဘိုးက 'သင့်ဦးငယ်' ဟုပင် ပေးခဲ့ သည်။ ထို့ကြောင့် ခုအရွယ်အထိ ဘဝတွင် ထိုနာမည်သည်သာ လူရာ ဝင်ခဲ့ပေသည်။

အိမ်မှာ ညှော်သည်တွေများသည့်ကြားက အဘိုး၏တတည့် ဟောင်း ကျောင်းဆရာတစ်ယောက်က

"လာကွာ၊ မင်းတို့မြို့က ချောင်းရိုးကလေးဘက် လမ်း လျှောက်ထွက်ရအောင်"

ဟု အဖော်ခေါ်သဖြင့် သူ့နောက်က တကောက်ကောက် လိုက်သွားရသည်။ ကျောင်းဆရာက ခပ်အေးအေး။ သိမ်သိမ်မွေ့မွေ့။ မြစ်ဝကျွန်း ပေါ်မြို့တစ်မြို့ဇာတိ။

နံနက်စောစောမို့ လေက ပိုအေးစိမ့်ပြီး ပိုလတ်ဆတ်နေ သည်။

ချောင်း၏သောင်စပ်တွင် ဗေဒါတွေ အုပ်ဖွဲ့နေသည်။ ကျူ ပင်စိမ်းစိမ်းတို့လည်း လေသိမ်းတိုင်းယိမ်းနွဲ့လျက်သာ။ ရိုးတံဖြူ လွလွများလည်း မြင်နေရသည်။

ရေက ရေကျ။ ချောင်းရေ၏ရနံ့သည် ဓနိသီးနံ့လိုလို။ အုန်း

http://www.cherrythitsar.org



လက်ခြောက်ရန့်လိုလို။ မသဲကွဲ။ ငါးညှီနံ့တော့ မဟုတ်။ ရေပြင်သည် အဝါနုရောင်ပြေးနေ၏။ ဟိုအဝေးဆီမှ ဘုတ်ငှက်မြည်သံ တအီအီကို ကြားရသည်။

"ဆရာကြီးဆီ၊ ပြီးခဲ့တဲ့ နွေရာသီ ကျွန်တော် လာကန်တော့ တုန်းက ဒီတစ်ဝိုက်မှာ တောစပယ်ရနံ့တွေ သင်းနေတာပဲ"

ကျွန်တော်တို့နောက်ဖက်မှ အသံကြားရ၍ လှည့်ကြည့်လိုက် တော့ ကျောင်းဆရာဦးလှဝမ်းကို တွေ့ရသည်။ သူလည်း အဘိုး နာရေးကိစ္စ ရောက်လာသူဖြစ်သည်။

"ကိုသိန်းမောင်တို့ လမ်းလျှောက်ထွက်သွားတာတွေ့လို့ ကျွန်တော်လည်း ကော်ဖီကတိုက်ကရိုက်သောက်ပြီး လိုက်လာတာ"ဟု ဦးလှဝမ်းက ပြောနေသည်။ သူက ပိန်လျလျ။ အရပ်သွယ်သွယ်။ ဆံပင်တိုတို။ မျက်မှန်ကိုင်း ထူထူ။ ပဒုမ္မာ ပိတ်သား ကော်လံတိုရှပ်ဖြူ နှင့် ရွှေတောင်လုံခြည်ကိုဝတ်ဆင်ထားသည်။ စကားပြောသိမ်မွေ့သည်။

"ဒီမြို့ကလေးက ကျွန်တော်ငယ်ငယ်က နေခဲ့တဲ့ မြို့နဲ့ ခပ် ဆင်ဆင်ဗျ"ဟု ဆရာဦးလှဝင်းက စကားစပြီး "အဲဒီတုန်းက ကျွန်တော့် အဘွားအိမ်ရဲ့ နောက်ဖက်မှာ ရေကန်ဟောင်းကြီးရှိတယ်။ ရေကန် ပျက်ကြီးပေါ့ဗျာ။ အဲဒီရေကန်ပျက်ကြီးဟာ ကျွန်တော့်အတွက်တော့ ငှက်ကလေးတွေ၊ ပန်းတွေ၊ သစ်ပင်တွေနဲ့ ပြည့်ဝနေတဲ့ တကယ့် သဘာဝပြတိုက်ကြီးတစ်တိုက်လိုပဲ။ ကန်ကြီးထဲမှာ ကြာတွေကလည်း ပွင့်နေလိုက်တာ ရောင်စုံပဲ။ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ဗေဒါပင် တွေအပြင် တက်ပြင်တွေရှိတယ်။ ကန်စပ်မှာကျတော့ ခရာချုံတွေ ရှိတယ်။ ခရာချုံတွေထဲမှာ တောကြောင်နဲ့ မြွေပါတွေက ခိုအောင်းနေ တတ်ကြသေးတယ်။ ချုံထဲတိုးဝင်တတ်တဲ့ ချုံတိုးဗျိုင်းငှက်တွေ၊ ဗျိုင်း အောက်နဲ့ ရေကြက်တွေကလည်း အဲဒီကန်ကြီးမှာ ပျော်နေတာ။ ကန်

http://www.cherrythitsar.org



ပေါင်ရိုးပေါ်မှာကျတော့ နွေကျရင် ရဲရဲနီအောင်ပွင့်နေတတ်တဲ့ ကသစ်ပင်ကြီးက မားမားကြီး။ ကသစ်ပင်ပေါ်က ချိုးကူသံကို စပါးပေါ်ချိန်ကျရင် ကြားရတယ်။ ကသစ်ပွင့်ပြီဆိုရင် ဆက်ရက်ငှက်သံတွေက ညံနေတာပဲ။ ကသစ်ပင်ကြီးရဲ့ခြေရင်းမှာ တောစံပယ်တွေကတသင်းသင်း။ အခုဒီမြို့ကလေးကိုရောက်တော့ ကိုးနှစ်သား ဆယ်နှစ်သားလောက်က အဘွားနဲ့နေခဲ့ရတဲ့ ကျွန်တော့်ရဲ့ဇာတိမြို့ကလေးကို လွမ်းသဗျ” ဟုပြောပါသည်။ အဘွားတဲ့။ ကျွန်တော့်မှာတော့ အဘွားရော အဘိုးပါ မရှိတော့ပါလား။ ရင်ထဲမှာဆို့သွားသည်။ နင့်သွားသည်။

ကျွန်တော်တို့သုံးဦးသား ခြံဝိုင်းကြီးသို့ ပြန်လာကြသည်။

လမ်းတစ်လျှောက်တွင် ကံ့ကော်ပင်တွေရှိသည်။ ကောင်းကင်မှာ တစ်စထက်တစ်စ အပြာနုရောင်လွင်လာသည်။ ကံ့ကော်တောထဲမှ ‘ဥဩ . . .ဥဩ’ ဟု မြည်သံသဲ့သဲ့က ဝေ့ဝဲနေသေးတော့သည်။

ကျွန်တော့်စိတ်ထဲတွင် အဘိုးကိုလည်းမသေစေချင်သကဲ့သို့ အဘိုး၏ဈာပနအတွက် ရောက်လာသူတွေကိုလည်း တော်တော်နှင့်မပြန်စေချင်။ ခြံဝိုင်းထဲမှာ ရက်အကြာကြီးနေစေချင်သည်။

လူစုံတော့ ရုပ်ပုံရိပ်တွေ စိုသည်။ အသွင်အမျိုးမျိုး။ စရိုက်လက္ခဏာအမျိုးမျိုး။ စကားတွေကြားရတာက ဗဟုသုတအမျိုးမျိုး။ ကျွန်တော်က သူတို့စကားဝိုင်းနားသို့ မသိမသာချဉ်းကပ်နားစွင့်နေမိတတ်သည်။

အဘိုး၏တပည့်တွေထဲမှာ ရှပ်အင်္ကျီကို ကြယ်သီးအပြည့်အစုံမတပ်ဘဲ အပေါ်အင်္ကျီကိုကပိုကရိုဝတ်၍ မန္တလေးလုံချည်ခပ်နွမ်းနွမ်း ဆံပင်တိုတို စုတ်ဖွားဖွားနှင့် လူတစ်ယောက်လည်း ရောက် လာသည်။

သူက သူ့မိတ်ဆွေတွေနှင့် စကားပြောလျှင် . . . ‘ဒီမယ်၊ ဒီ

http://www.cherrythitsar.org



မယ်’ ဟုလည်း အသံပြုတတ်ပြီး ‘ကိုယ့်လူ’ ‘ကိုယ့်လူ’ ဟုလည်း သုံးနှုန်းပြောဆိုတတ်သည်။

သူက ရေနွေးကြမ်းနှင့် ပဲကြော်၊ ဘူးသီးကြော်တွေလည်း ကြိုက်တတ်သည်။ သူသည် ခြံဝိုင်းထဲရှိ မန်ကျည်းပင်ကြီးအရိပ်အောက်၌ ပက်လက်ကုလားထိုင်တစ်လုံးနှင့်ထိုင်ကာ စာဖတ်နေတတ်သေး၏။

သူစာဖတ်ပုံကို ဘေးမှ ကျွန်တော်လှမ်းအကဲခတ်နေမိသည်။ သူက အတော်ပင်စနစ်တကျရှိလှသည်။ သူဖတ်နေသည့် စာအုပ်၏ မာတိကာကို မှတ်သည်။ တစ်ပိုဒ်ပြီးတစ်ပိုဒ်ဖတ်သည်။ သူ့မှာ မှတ်စုစာအုပ်လည်း ဆောင်ထားတာတွေ့ရသည်။ ဖတ်ပြီးသား အပိုဒ်များ၏အကျဉ်းချုပ်ကို သူ့မှတ်စုစာအုပ်ထဲတွင် ရေးမှတ်နေပြန်သည်။ သူက မြန်မာစာအုပ်ကိုဖတ်နေရင်းမှာပင် မှတ်စုစာအုပ်ထဲတွင် အင်္ဂလိပ်ဘာသာဖြင့် Summery အကျဉ်းချုပ်ကို ရေးနေတတ်သည်။ သူ့ အင်္ဂလိပ်စကားပြောသံကို ကြားရသည်။ အတော်ပင် ဌာန်ကရိုဏ်းကျနားဝင်ပီယံရှိလှသည်။

အဘိုးက ပညာရေးဝန်ထမ်းတစ်ယောက်ဖြစ်ခဲ့ခြင်းကြောင့် သူ့ဈာပနသို့ အမှတ်တရလာရောက်ကြသော မိတ်သင်္ဂဟ တပည့်သားမြေးများထဲကအများစုမှာ ပညာရေးလောကမှလူတွေသာ ဖြစ်နေသည်။ သူတို့ချင်း ပြောရာဆိုရာ အာလာပသလ္လာပစကားတော်တော်များများမှာလည်း စာသင်ကျောင်းပရိဝုဏ်အကြောင်းအရာများသာ ဖြစ်နေတတ်သည်။

ဦးလေးကြီးတစ်ယောက်မှာ တက္ကသိုလ်မှကထိကဖြစ်သည်။ ဦးဘိုးဟန်တဲ့။ သူက သူကြုံခဲ့ရသည့် အနောက်နိုင်ငံမှ ကိန်းဘရစ်နှင့် အောက်စ်ဖို့ တက္ကသိုလ်များအကြောင်း မြို့ကလေးရှိ လူငယ်

http://www.cherrythitsar.org



တချို့ကို ပြောပြနေသည်။ မဟာဝုန်ရတနာစံကျောင်းမှ ဆရာတော် ဦးဝိစိတ္တသည်ပင်လျှင် ဦးဘိုးဟန်၏စကားကို စိတ်ပါဝင်စားစွာ နားထောင်သည်။

ဦးဘိုးဟန်၏ပြောပြချက်တွေကလည်း စိတ်ဝင်စားဖွယ်ပင်။

"အင်္ဂလန်မှာ တက္ကသိုလ်က '၁၁' ခု ရှိတာယ်။ စကော့တလန်မှာ တက္ကသိုလ် '၄' ခုရှိတယ်။ အခုနောက်ဆုံးစာရင်းအတိုင်းဆိုရင် ယူနိုက်တက်ကင်းဒမ်းမှာ တက္ကသိုလ် '၂၄' ခုတောင် ရှိနေပါပြီ။ အင်္ဂလန်ကတက္ကသိုလ်တွေမှာ 'ရှေးဟောင်း' နဲ့ 'ခေတ်သစ်' ဆိုပြီး နှစ်မျိုးရှိပါတယ်။ ကိန်းဘရစ်(ချ်)နဲ့ အောက်စဖို့(ဒ်)က ရှေးဟောင်း တက္ကသိုလ်တွေဖြစ်ပါတယ်။ ကျန်တဲ့တက္ကသိုလ် '၉' ခုက 'ခေတ်သစ်' တက္ကသိုလ်တွေဖြစ်တယ်။ ဝေလနယ်မှာ 'ဝေလ' တက္ကသိုလ်ရှိတယ်။ မြောက်ပိုင်းအိုင်ယာလန်မှာတော့ 'ဘုရင်မ' တက္ကသိုလ်ရှိတယ်။ တက္ကသိုလ်အားလုံးမှာ တူညီတဲ့အချက်တစ်ခုက တသီးတခြား ကိုယ်ပိုင်အုပ်ချုပ်ရေးရှိတာပါပဲ"

ဟုပြောသည်။

ဦးဇော်ဖေဆိုသူက ဝင်မေးသည်။

"ဒါဆို . . .ဦးဘိုးဟန်ပြောသလိုဆိုရင် . . .အဲဒီ့ တက္ကသိုလ်တွေက အင်္ဂလိပ်စိုးရပညာရေးဝန်ကြီးဌာနရဲ့ လက်အောက်ခံ မဟုတ်ဘူးဆိုတဲ့သဘောလား"

ဟု မေးသည်။ ဦးဘိုးဟန်က ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်ရင်းက ခေါင်းညိတ်ပြပြီး . . .

"ဟုတ်ပါတယ်။ တက္ကသိုလ်တွေမှာ သင်ကြားပို့ချနေတဲ့ ပါမောက္ခတွေကို နိုင်ငံရဲ့ အစိုးရကခန့်ထားတာလည်း မဟုတ်သလို ရာထူးကဖယ်ရှားလို့လည်း မရပါဘူး။ အဲဒီ့ ပါမောက္ခတွေ သင်ကြား

http://www.cherrythitsar.org



ပို့ချတဲ့ ဘာသာရပ်တွေအပေါ်မှာလည်း ဝင်ပြီးသတ်မှတ်တာတို့ ဘာတို့ မရှိပါဘူး။ သိပ်လွတ်လပ်တယ်။ သူတို့က ပါလီမန်စနစ်။ အစိုးရလွှတ်တော်ပေါ့။ အဲဒီ ပါလီမန်ကလည်း တက္ကသိုလ်မှာပြုပြင်ပြောင်းလဲစရာအကြောင်းတစ်ခုခု သိပ်လိုအပ်နေပြီဆိုတာကို တက္ကသိုလ်အဝန်းအဝိုင်းထဲကပုဂ္ဂိုလ်တွေ ဒါမှမဟုတ် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေက အပြင်းအထန် လိုလိုလားလားတောင်းဆိုလာတဲ့အခါကျမှသာ . . . အဲဒါကိုမူတည်ပြီး အစိုးရရဲ့အထက်လွှတ်တော်အောက်လွှတ်တော် ပါလီမန်က တက္ကသိုလ်တွေရဲ့အကြီးအကဲတွေကို ဆက်သွယ်ဆွေးနွေးတာတွေ ပြုကြပါတယ်'

ဟုပြောပြသည်။

မဟာဝုန်စံကျောင်း ဆရာတော်ဦးဝိစိတ္တက . . .

"ဒကာကြီးပြောတာတော့ ရှင်းနေပါတယ်။ ဒါပေမဲ့ ဘုန်းကြီး သိချင်တာတစ်ခုက . . . ဒီ . . . အောက်စဖို့ဒ်တို့ ကိန်းဘရစ် တက္ကသိုလ်ပေါ့လေ၊ တက္ကသိုလ်ကောလိပ်တွေရဲ့ ပညာသင်စရိတ်စကကျတော့ ဘယ်သူကထောက်ပံ့လဲ"

ဟု မေးသည်။ ဦးဘိုးဟန်က ပြုံး၍လျှောက်ထားသည်။

"တပည့်တော်တို့ ပညာတော်သင်သွားကြတဲ့အချိန်မှာ အဲဒီတက္ကသိုလ်က ဆရာ့ဆရာတွေရဲ့ပြောစကားအရဆိုရင် ဗြိတိသျှအစိုးရဟာ ၁၈၈၂ ခုနှစ်လောက်ကစပြီးတော့ ဆရာအတတ်သင်ကိစ္စတွေ၊ သိပ္ပံပညာသုတေသနကိစ္စတွေအတွက် ငွေကြေးနည်းနည်းထောက်ပံ့ကူညီလာတယ်။ ဟိုးအရင်ကတော့ ထောက်ပံ့တယ်ဆိုတာ မရှိခဲ့ဘူး။ ၁၉၁၉ ခုနှစ်ကျတော့ ငွေကြေးထောက်ပံ့မှုနဲ့ ပတ်သက်ပြီး သိပ်အရေးပါတဲ့အစီအစဉ်ကို အစိုးရကကူညီသမှုပြုလာတယ်။ အစိုးရဟာ ပညာရပ်အားလုံးအတွက် ငွေအလုံးအရင်းနဲ့ထောက်ပံ့ဖို့ဆုံးဖြတ်ပြီး

http://www.cherrythitsar.org



University Grants Committe တက္ကသိုလ်ငွေကြေးထောက်ပံ့ရေး ကော်မတီကို ဖွဲ့စည်းပေးခဲ့တယ်။ အဲဒီကော်မတီရဲ့ အလုပ်ဝတ္တရားက အစိုးရဆီကရရှိတဲ့ ထောက်ပံ့ငွေတွေကို တက္ကသိုလ်အားလုံး မျှတ ဝေခွဲသုံးစွဲဖို့ ဆောင်ရွက်ပေးရပါတယ်။ ကော်မတီမှာပါဝင်တဲ့ ပုဂ္ဂိုလ် တွေဟာ အစိုးရဝန်ထမ်းတွေမဟုတ်ကြပါဘူး။ တက္ကသိုလ်ရဲ့လုပ်ငန်း တွေနဲ့ပတ်သက်ပြီး အတွေ့အကြုံရှိပြီးသားပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။ အစိုးရရဲ့ထောက်ပံ့ကြေးကလည်း တစ်နှစ်ထက်တစ်နှစ် ပိုများလာ တယ်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ခင်က ပေါင်စတာလင် ၂ သန်း ရှိခဲ့ပြီး စစ်ကြီးပြီးတဲ့အခါ ပေါင်စတာလင် ၆ သန်းလောက်နီးပါးဖြစ်လာပါ တယ်။ ထောက်ပံ့ငွေများလာပေမယ့် တက္ကသိုလ်ရဲ့ပညာသင်ကြားရေး နဲ့ ပါမောက္ခ၊ ကထိက၊ ဆရာ၊ ဆရာမတွေ သင်ကြားခန့်ထားရေးကိစ္စ အဝဝမှာ အစိုးရက ဘာတစ်ခုမှ ဝင်ပြီးပါဝင်ဆောင်ရွက်ကွပ်ကဲတာ မတွေ့ခဲ့ရပါဘူးဘုရား"

ဟု ဦးဘိုးဟန်က ဆရာတော်ကိုလျှောက်ထား ရှင်းပြသည်။ ကျွန်တော် တို့ခြံဝိုင်းထဲမှစကားဝိုင်းမှာ ပို၍စိုပြည်လာသည်။ နွေဦးလေ သည် မန်ကျည်းရွက်တွေကို တဖွေ့ဖွေ့တိုးနေ၏။ အခြားပင်အိုပင်ပျိုတို့ ၏ ရွက်နုသစ်တို့သည်လည်း ဝေ့ဝေ့လူးပ်ခါနေပေသည်။ ရွက်ဟောင်း နီကျင်တို့ကား နေရာအနှံ့ပျံ့ကြဲလျက်။

ခြံဝိုင်းထဲတွင် အုန်းတံမြက်စည်းတစ်ချောင်းနှင့် အမှိုက် လှည်းနေသောမေဇင့်အနားသို့ ကျွန်တော်လျှောက်လာခဲ့သည်။ မေဇင့် အမည်ရင်းမှာ မေဇင်မွန်ဖြစ်သည်။ ကျွန်တော်တို့ ခြံဝိုင်းနှင့်ကပ်လျက် ခြံမှ လယ်ဝန်ဦးဖေသန်းနှင့် ဒေါ်သိန်းချစ်တို့၏သမီးဖြစ်သည်။ သူမ နှင့်ကျွန်တော် မြို့ကလေးတွင် တစ်ကျောင်းတည်းနေခဲ့ကြသည်။ သူမက ကွယ်လွန်သွားသောကျွန်တော့်အဘိုးကို ကျွန်တော့်လိုပင်

ရှိသေသူဖြစ်သည်။ ယခု အဘိုးဆုံးတော့ ကျွန်တော်တို့ခြံဝိုင်းထဲ မေဇင် မကြာခဏရောက်လာကာ ဗာဟီရကိစ္စလေးများကို တခြားသူငယ် ချင်းတွေနှင့်အတူ ကူညီလေသည်။

"မေဇင်ရေ . . . ဟောဟိုမှာ လူကြီးတွေ ပြောနေတဲ့ ကိန်းဘရစ်(ချ်)နဲ့အောက်စဖို့(ဒ်) တက္ကသိုလ်အကြောင်းဗဟုသုတတွေဟာ သိပ်စိတ်ဝင်စားဖို့ကောင်းတာပဲ။ လာလေ . . . တံမြက်စည်းလှည်းတာ ခဏနားပြီး လိုက်နားထောင်ပါလား၊ ကိုယ်တော့ တကယ်ပဲ စိတ်ဝင်စားခဲ့ရတယ်"

ဟု သူမကို ပြောပြမိသည်။ မေဇင်လည်း လုပ်လက်စကိစ္စကို ခဏနားကာ ကျွန်တော်နှင့်အတူ မန်ကျည်းပင်ကြီးအောက်သို့ လိုက်လာသည်။ စကားဝိုင်းကား အရှိန်ကောင်းနေတုန်းပင်။

"အောက်စဖို့နဲ့ ကိန်းဘရစ်(ချ်)တက္ကသိုလ်နှစ်ခုရဲ့ သမိုင်းကလည်း ဗြိတိသျှပါလီမန်ရဲ့သမိုင်းလိုပဲ ရှည်ရှည်လျားလျားလို့ ဆိုရမယ်ဗျ။ ၁၂ ရာစုနှစ်ကုန်ဆုံးခါနီးမှာ အင်္ဂလန်နဲ့ပြင်သစ် နိုင်ငံရေးအရ ပြဿနာတက်ကြတော့ အင်္ဂလိပ်ကျောင်းသား ကျောင်းသူတွေက ပြင်သစ်က ပါရီတက္ကသိုလ်ကိုစွန့်ခွာပြီး အင်္ဂလန်မှာ ပညာပြန်သင်ကြတယ်။ အောက်စဖို့(ချ်)မြို့ကလေးဟာ သူတို့ရဲ့ပညာသင်ကြားရာ ဘူမိနက်သန်ဖြစ်လာရတယ်။ ဒီလိုနဲ့ အောက်စဖို့(ဒ်)တက္ကသိုလ်ကို စုရုံးပြီးသားဖြစ်သွားတာ။ တည်ထောင်ပြီးသား ဖြစ်သွားတာ . . ."

ဟု ဦးဘိုးဟန်ကပြောပြနေသည်။ ကျွန်တော်တို့ မြို့ကလေး၏ အထက်တန်းကျောင်းမှ မြန်မာစာပြဆရာ ဦးကျော်စိန်က

"ဒါဆိုရင် ကိန်းဘရစ်(ချ်)တက္ကသိုလ်က ဘယ်လိုပေါ်လာတာလဲဆရာ"

ဟု မေးသည်။ ဆရာကြီးဦးဘိုးဟန်က သူသိခဲ့ရသမျှ

http://www.cherrythitsar.org



ပြန်ပြောပြသည်။

"သက္ကရာဇ် ၁၂၀၉ ခုနှစ်လောက်မှာ အောက်စဖို့(ဒ်)မြို့သား တစ်ယောက်နဲ့ကျောင်းသားတစ်စု ခိုက်ရန်ဖြစ်ကြလို့ မြို့သားတွေက ကျောင်းသားတွေကို ပြင်းပြင်းထန်ထန် ဆိုးဆိုးဝါးဝါး အပြစ်ပေး တဲ့အခါ အောက်စဖို့ကကျောင်းသားကျောင်းသူတွေဟာ ကိန်းဘရစ်(ချ်) မြို့ကိုထွက်သွားကြတယ်။ သူတို့မလာခင်ကတည်းက ကိန်းဘရစ်(ချ်) မှာ ကျောင်းသူ ကျောင်းသားတွေ တော်တော်များများ ရှိပြီးသား ဖြစ်ပေမယ့် အောက်စဖို့(ဒ်)မြို့က ခုလို ကျောင်းသားကျောင်းသူတွေ ပြောင်းရွှေ့လာတဲ့အခါ ကိန်းဘရစ်(ချ်)တက္ကသိုလ်ရယ်လို့ ဖြစ်လာတာပါပဲ။ သက္ကရာဇ် ၁၃၁၄ ခုနှစ်လည်းရောက်ရော ဂျွန်ဘုရင်နဲ့ ပုပ်ရဟန်းမင်းကြီး နှစ်ယောက်ယှဉ်ပြိုင်ရာမှာ တိုင်းပြည်အုပ်ချုပ်ရေးအတွက် ပုပ်ရ ဟန်းမင်းကြီးက အသာရသွားတယ်။ အောက်စဖို့(ဒ်)မြို့က ကျောင်းသား ကျောင်းသူတွေကို ပြင်းပြင်းထန်ထန်အပြစ်ပေးခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး ပုပ်ရဟန်းမင်းကြီးဟာ အောက်စဖို့မြို့က မြို့အုပ်ချုပ်ရေးအဖွဲ့ကို ဒဏ်ငွေ ၄၂ သျှီလင် တပ်ခဲ့တယ်။ ဘာသာရေးနေ့တစ်နေ့ဖြစ်တဲ့ စိန့်နီကိုးလတ်စ်နေ့ရောက်တိုင်း တစ်နှစ်တစ်ကြိမ် ဒဏ်ငွေ ၄၂ သျှီ လင်ကို အောက်စဖို့(ဒ်)မြို့အုပ်ချုပ်ရေးအဖွဲ့က တက္ကသိုလ်ကို ဒဏ်ငွေပေး ဆောင်ကြရတယ်။ ခုတော့ ဒီအစဉ်အလာကို မပျက်အောင်ထမ်း ဆောင်ရတာက ဘုရင့်နန်းတွင်းအဖွဲ့ပါပဲ။ ပြီးတော့ အစိုးရကဆက်ပြီး ဒီအစဉ်အလာအတိုင်း ပေးဆောင်ခဲ့တယ်။ ဒီငွေကို ဆင်းရဲနွမ်းပါးတဲ့ ကျောင်းသူ ကျောင်းသားတွေကိုထောက်ပံ့တယ်လို့ ဆိုပါတယ်။ ဒီတက္ကသိုလ်တွေရဲ့သမိုင်းက တော်တော်ကြီးမားပါတယ်။ အောက်စဖို့(ဒ်) မြို့သူ မြို့သားတွေနဲ့ ကျောင်းသူ ကျောင်းသားတွေရဲ့ ပဋိပက္ခဟာ နောင်နှစ်ပေါင်းတစ်ရာလောက်အတွင်းမှာတောင်မှ အကြိမ်ပေါင်း

http://www.cherrythitsar.org



လေးငါးဆယ်ခါ ဖြစ်ပွားခဲ့တယ်တဲ့။ ၁၃၃၄ ခုနှစ်မှာ တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေက အောက်စဖို့(ဒ်)မြို့ကိုစွန့်ခွာပြီး စတန်းဖို့မြို့ကို သွားကြပြန်တယ်။ ဒါပေမဲ့ ရှင်ဘုရင်က အောက်စဖို့(ဒ်)ကို ပြန်ပို့ပါတယ်။ ဘွဲ့ယူတဲ့အခါ စတန်းဖို့(ဒ်)တက္ကသိုလ်မှာ သင်ကြားတာ၊ ပို့ချတာ မလုပ်ပါဘူးလို့လည်း ကျမ်းသစ္စာဆိုခဲ့ကြရတယ်။ ဒီအစဉ်အလာကိုလည်း ဒီနေ့အထိ အင်္ဂလိပ်တွေကထိန်းသိမ်းထားကြဆဲပါပဲ။ ၁၃၅၄ ခုနှစ်မှာတော့ ဖြစ်ပျက်တဲ့ပဋိပက္ခကိုမူတည်ပြီး ရှင်ဘုရင်က အောက်စဖို့မြို့တစ်မြို့လုံးကို တက္ကသိုလ်ရဲ့လက်အောက်ကို လွှဲပြောင်းပေးလိုက်ပါတယ်။ နှစ်ပေါင်းခြောက်ရာအကြာမှာတော့ ဘာပဋိပက္ခမှမရှိတော့ဘဲ အောက်စဖို့(ဒ်)မြို့နဲ့တက္ကသိုလ်ဟာ ချစ်ကြည်ရင်းနှီးလာခဲ့တာ ဒီနေ့အထိပဲလို့ သိရပါတယ်။

အဆောင်တစ်ခုခုမှာ ကျောင်းသူ ကျောင်းသားတွေစုပြီး နေကြ ထိုင်ကြတဲ့ဓလေ့လည်း အဲဒီတက္ကသိုလ်တွေက စခဲ့တာပါ။ Hall အဆောင်ဆိုတဲ့ ဝေါဟာရရဲ့အစပေါ့။ ဆရာ Master တစ်ယောက်က အဆောင်မှူးပါပဲ။

အောက်စဖို့မှာ ပထမဦးဆုံးတည်ထောင်တဲ့ ကောလိပ်နှစ်ခုက Balliol ဘယ်လီယိုနဲ့ မာတင် Marton လို့ သိရပါတယ်။

ခရစ်ယာန်သာသနာနဲ့ပတ်သက်ပြီး လူထုရှေ့မှောက်မှာ အပြစ်ပေးခံရတဲ့ ဆာဂျွန်ဒီဗယ်လီယို ဆိုတဲ့ပုဂ္ဂိုလ်ဟာ အောက်စဖို့ဒ်တက္ကသိုလ်က ကျောင်းသူ ကျောင်းသားတွေအတွက်လည်း တစ်ယောက်ကို ၂ ပဲနီ နှုန်း ပေးသွင်းဒဏ်ငွေဆောင်ဖို့ အမိန့်ချခံခဲ့ရပါတယ်။ သူ သေဆုံးပြီးနောက်ပိုင်း ကျန်ရစ်တဲ့သူ့မိန်းမကတော့ ထောက်ပံ့ကြေးပိုပေးတဲ့အပြင် ဗယ်လီယိုကောလိပ်ကို အမှတ်တရတည်ထောင်ပေးခဲ့ပါတယ်။

http://www.cherrythitsar.org



အင်္ဂလန်နိုင်ငံရဲ့ ငွေတိုက်စိုးဝန်ကြီးဖြစ်ခဲ့ဖူးတဲ့ ဝေါလတာ ဒီမာတင် တည်ဆောက်ခဲ့တာကတော့ မာတင်ကောလိပ်ပါ။ သူက သူပိုင်တဲ့ မြေဧကတော်တော်များများကိုလည်း ကောလိပ်အတွက် လှူဒါန်းခဲ့ပြီး ကိစ္စအားလုံးကို ကောလိပ်ကသာအုပ်ချုပ်ပါလို့ လွှဲအပ်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ အင်္ဂလန်မှာ Oriel အိုရီယယ်လ်၊ Queen's ဘုရင်မ၊ New နယူး၊ Magdalen မက်ဒလိန်းကောလိပ်တွေနဲ့ စည်ကားလာတယ်။ ဒါက အောက်စဖို့(ဒ်)မြို့မှာစည်ကားလာတဲ့ ပညာသင်ကြားရေး ကောလိပ်တွေပေါ့။

ကိန်းဘရစ်မှာလည်းပဲ အောက်စဖို့(ဒ်)ကို နမူနာယူပြီး ပညာသင်ကြားရေးက ပိုတိုးတက်လာတယ်။ Peter House ပီတာဟောက်စ် ကောလိပ်ကို အောက်စဖို့(ဒ်)က မာတင်ကောလိပ်ပုံစံအတိုင်း တည်ဆောက်ထားတာ တွေ့ခဲ့ရပါတယ်။ King's Hall ဘုရင့်ကျောင်းဆောင်ကောလိပ်နဲ့ Michael House မိုက်ကယ်ဟောက်စ်ကောလိပ်နှစ်ခုကို ပေါင်းပြီး Trinity ထရီနီတီကောလိပ်လို့ တည်ထောင်ခဲ့တယ်။ အောက်စဖို့(ဒ်)နဲ့ ကိန်းဘရစ်(ချ်)တက္ကသိုလ်တွေမှာ ကောလိပ်ပေါင်း ၄၀ ကျော်အထိ ဖြစ်လာပါတယ်”

ဆရာကြီးဦးဘိုးဟန်၏စကားကိုနားထောင်ရင်း ကျွန်တော့် သူငယ်ချင်း မေဇင်က စိတ်လှုပ်ရှားလာဟန်တူသည်။

“သူတို့ဆီမှာ တက္ကသိုလ်ဝင်ခွင့်က ဘယ်လိုပုံစံမျိုးပါလဲ ဘဘ”

ဟု ရုတ်တရက် ဝင်မေးလိုက်သည်။ မေဇင့်အမေးကို ကျွန်တော်ကိုယ်တိုင်လည်း မေးချင်နေမိသည်။ မေဇင် အခုလိုမေးလိုက်ခြင်း အတွက် ကျွန်တော့်ရင်ထဲတွင် နှစ်သိမ့်နေမိသည်။

“ကျောင်းသားတစ်ယောက်ဟာ ကိန်းဘရစ်(ချ်)တက္ကသိုလ်နဲ့

http://www.cherrythitsar.org



အောက်စဖို့(ဒ်)တက္ကသိုလ်ကို ဝင်ခွင့်ရချင်တယ်ဆိုရင် ပထမဦးဆုံး ကောလိပ်တစ်ခုခုမှာ အရင်ဝင်ခွင့်ရဖို့ ကြိုးစားရပါသေးတယ်။ ဒီလို ဝင်တဲ့အခါမှာလည်း Scholar ဆုရကျောင်းသား ဒါမှမဟုတ် Commoner ရိုးရိုးကျောင်းသားအနေနဲ့ဖြစ်ဖြစ် ဝင်နိုင်ပါတယ်။

ကောလိပ်ကျောင်းတိုင်းက နှစ်စဉ်နှစ်တိုင်းမှာ ပညာသင်ဆု တွေ ချီးမြှင့်တယ်။ Scholarship စကောလားရှစ်ဆု ဒါမှမဟုတ် Exhibition အိတ်ဆီဗီးရှင်းဆုတွေ ချီးမြှင့်တယ်။ အိတ်ဆီဗီးရှင်းကတော့ စကောလားရှစ်ဆုထက် တန်ဖိုးနည်းပါတယ်။ တစ်နှစ်ကို ပေါင် ၅၀ ထက် မပိုပါဘူး။ စကောလားရှစ်ပညာသင်ဆုကျတော့ တစ်နှစ်ကို ပေါင် ၅၀ ကနေ ပေါင် ၁၀၀ အထိ ချီးမြှင့်ပါတယ်။ ဒီဆု တွေရဖို့က လည်း အတော်ကြိုးစားမှ ရကြတာပါ။ စာသိပ်တော်မှသာ ဒီဆုတွေရဖို့ ဖြေဆိုရတဲ့စာမေးပွဲတွေကို အောင်မြင်နိုင်တာပါ။ တစ်နှစ်ကို ဒီပညာသင် ဆုမျိုး ၈၀၀ လောက်ပေးပါတယ်။ မိဘချမ်းသာကြွယ်ဝတိုင်း၊ ဂုဏ်ပကာသန ရာထူးရာခံအကြီးကြီးရှိတိုင်း ဒီဆုမရနိုင်ပါဘူး။ ကျောင်းသားရဲ့အရည်အချင်းက အဓိကပါပဲ။ မိဘရဲ့ အထောက်အပံ့ မရဘဲ ပညာသင်ဆုရပြီး ပညာသင်နေကြတဲ့ ကျောင်းသူ ကျောင်းသား တွေရှိသလို ပညာသင်ဆုမရဘဲ မိဘရဲ့ ထောက်ပံ့မှုနဲ့ ပညာသင်နေတဲ့ ကလေးတွေကလည်း အများကြီးပဲ။ Public School ပုဂ္ဂလိက အလွတ် ပညာသင်ကျောင်း ဒါမှမဟုတ် အထက်တန်းကျောင်း Secondary School ကျောင်းတစ်ကျောင်းက စာအသင့်အတင့်တော်တဲ့ကျောင်း သားတစ်ယောက်အတွက်လည်း တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဟာ အောင်ဖို့အတွက်သိပ်မခက်လှပါဘူး”

ဟု ဆရာကြီးဦးဘိုးဟန်က ပြောပြသည်။

“တက္ကသိုလ်ဝင်ခွင့်ရပြီးသွားတဲ့ ကျောင်းသားကျောင်းသူ

http://www.cherrythitsar.org



တွေရဲ့နေရေးထိုင်ရေးက ဘယ်လိုရှိပါသလဲ ဘဘ”

ဟု မေဇင်က မေးပြန်သည်။ မေဇင့်ကို ကြည့်ရသည်မှာ အထူးပင်စိတ်ဝင်စားနေပုံရ၏။

“ခုတော့ အဲဒီ့ တက္ကသိုလ်နှစ်ခုမှာ ကျောင်းသူ ကျောင်းသား ဦးရေက များလာပြီလေ။ အားလုံးကို ကျောင်းထဲမှာနေဖို့ နေရာ မပေးနိုင်တော့ဘူး။ ဒီတော့ မြို့ထဲမှာအခန်းငှားပြီး တချို့သွားနေဖို့ အတွက် သက်ဆိုင်ရာကောလိပ်တွေက စီစဉ်ပေးကြရတယ်။ အစား အသောက်လည်း ကိုယ်နှစ်သက်သလို ကိုယ့်အစီအစဉ်နဲ့ကိုယ် စား နိုင်ကြပါတယ်။ ဒါပေမဲ့ တစ်ပတ်မှာလေးကြိမ်လောက်တော့ ကျောင်း ကထမင်းစားခန်းမှာ စုပေါင်းထမင်းစားကြဖို့ ပါမောက္ခတွေက စီစဉ်ပေး ကြပါတယ်။ အချင်းချင်း ရင်းနှီးချစ်ခင်ဖို့အတွက်ပါပဲ။ ကျောင်းဆောင် မှာနေတဲ့ ကျောင်းသူ ကျောင်းသားတွေအတွက် လိုအပ်တာ လုပ်ပေး ကူညီပေးဖို့ အဝတ်လျှော်သမား၊ သန့်ရှင်းရေးသမားတွေကို ကျောင်းက ထားပေးပါတယ်။ အောက်စဖို့(ဒ်)တက္ကသိုလ်မှာတော့ သူတို့ကို Scout စကောက်လို့ ခေါ်ပြီး ကိန်းဘရစ်(ချ်)တက္ကသိုလ်မှာတော့ gyp ဂျစ်ပ် လို့ ခေါ်ကြပါတယ်။ စေတနာထားပြီး လုပ်ပေးကြပါတယ်။ စာကျက် နေလို့ ထမင်းစားဆောင်ကိုလာမစားနိုင်တဲ့ ကျောင်းသား အတွက် အစားအစာကို အခန်းအရောက်လာပို့ပေးကြပါတယ်”

ဟု ဆရာကြီးက ပြောပြသည်။

“ကျောင်းသားကျောင်းသူတွေ ဒီလောက်များပြားတဲ့ တက္ကသိုလ်ကြီးတွေဆိုတော့ စည်းကမ်းပိုင်းမှာ အတော်ဂရုထားရလိမ့် မယ်ထင်တယ်”

ကျွန်တော်တို့နှင့် ဆွေမျိုးနီးစပ်တော်သည့် သပြေကုန်းရွာမှ အလယ်တန်းပြဆရာ ဦးတင်မြိုင်က ဝင်မေးသည်။

http://www.cherrythitsar.org



“စည်းကမ်းကြီးပါတယ်။ ဂုဏ်သိက္ခာနဲ့ ဆိုင်တဲ့စည်းကမ်းတွေပါ။ ကျောင်းသူ ကျောင်းသားတစ်ယောက်ဟာ နေ့ဝင်မိုးချုပ်ကျောင်းရဲ့ ပြင်ပကို အကြောင်းကိစ္စရှိလို့ထွက်ချင်ရင် ဝတ်ရုံအနက်ရောင် Gown ကို ဝတ်ဆင်သွားရပါတယ်။ ညဥ့်နက်ပိုင်းမှာတော့ ကျောင်းသားဟာ ကိုယ့်အိပ်ဆောင်မှာပဲကိုယ် ရှိနေရပါတယ်။ မြို့ထဲမှာ ကျောင်းသားတွေပြဿနာမဖြစ်ရအောင် လှည့်ပြီး စည်းကမ်းထိန်းပေးရတဲ့ ကတ္တသိုလ်အရာရှိတွေကိုတော့ Proctor ပရော့တာလို့ ခေါ်ပါတယ်။

အင်္ဂလန်မှာက Head of College ကျောင်းအုပ်ကြီးကို Dean လို့ ခေါ်ပါတယ်။ အရာရှိတွေနဲ့ကျောင်းအုပ်ကြီးက ကျောင်းသူကျောင်းသားတွေရဲ့စည်းကမ်းကို ဂရုတစိုက်ထိန်းသိမ်းကြပါတယ်”

“ဆရာ ဆရာမတွေနဲ့ ကျောင်းသူကျောင်းသားတွေရဲ့ ထိတွေ့ ဆက်ဆံရေးအပိုင်းက . . . ကော . . . ဗျာ”

“ကျောင်းသားတိုင်းမှာ ကျူတာဆိုတဲ့ ဆရာ ဆရာမတစ်ယောက်စီ ရှိပါတယ်။ ကျူတာဆိုတာကလည်း တက္ကသိုလ်ရဲ့ အကြီးအကဲစာရင်းဝင် Fellow တွေပါပဲ။ ကျောင်းသားတစ်ယောက်ဟာ ကိုယ့်ရဲ့ကျူတာနဲ့ တနင်္ဂနွေတစ်ပတ်မှာ တစ်နာရီလောက် တွေ့ရဆုံရ ဆွေးနွေးရပါတယ်။ ကျူတာက ကိုယ့်ရဲ့ကျောင်းသားကို ဘာစာအုပ်တွေဖတ်ပါ၊ ဘယ်လို သင်တန်းမျိုးတွေတက်ပါဆိုတာ လမ်းပြပေးပါတယ်။ အပြန်အလှန် ဆွေးနွေးကြတယ်။ ဝေဖန်ကြတယ်။ ဒါဟာ ကျောင်းသားတစ်ယောက်ရဲ့ဘဝတိုးတက်မှုကို အထောက်အကူပြုပေးတာပါပဲ။ ဒါကို Tutorial လို့လည်း ခေါ်ကြပါတယ်။ ကထိက Lecturer တော်တော်များများဟာ ကောလိပ်အသီးသီးက ကျူတာ Fellow တွေ ဖြစ်ကြပါတယ်။ ကိုယ်နဲ့ဆိုင်တဲ့ ကောလိပ်တွေမှာသာ

http://www.cherrythitsar.org



ဘာသာရပ်တွေ ပို့ချသင်ကြားပေးကြပါတယ်။ အောက်စဖို့(ဒ်)နဲ့ ကိန်းဘရစ်(ချ်)ကတက္ကသိုလ်ကျောင်းသားတစ်ယောက်ဟာ ဘယ်ကောလိပ်မျိုးမှာမဆိုသင်ကြားနေတဲ့ ဘယ်လိုသင်တန်းမျိုးပဲဖြစ်ဖြစ်၊ တက်ရောက်နိုင်ခွင့်၊ နားထောင်နိုင်ခွင့် ရှိပါတယ်။ များသောအားဖြင့်တော့ ကျောင်းသားတစ်ယောက်ဟာ မနက်ပိုင်းမှာ အတန်းတစ်ခုခုကိုတက်ကြပါတယ်။ ဖတ်ဖို့စာရှိရင်လည်း ဖတ်နေတတ်တယ်။ ဓာတ်ခွဲခန်းဝင်စရာရှိရင်လည်း လက်တွေ့ဝင်လုပ်နေတတ်တယ်။ တက္ကသိုလ်နဲ့ ကောလိပ်တစ်ခုခုက အစည်းအဝေးဖိတ်ထားရင်လည်း သွားတက်တယ်။ ပါမောက္ခ၊ ကထိကနဲ့ ကျောင်းသားတွေရဲ့ဆက်ဆံရေးက သိပ်ရင်းနှီးချစ်ခင်မှုရှိကြတယ်။ ပါမောက္ခနဲ့ ကထိကတွေကို Don လို့ ခေါ်ကြပါတယ်။ နှစ်တစ်နှစ်မှာ ပညာသင်တဲ့ရာသီကို သုံးရာသီပိုင်းခြားထားတယ်။ တစ်ရာသီကို ရက်သတ္တရှစ်ပတ်ကြာပါတယ်။ တက္ကသိုလ်သက်တမ်းက ၃ နှစ်နဲ့ ၄ နှစ်ပါ။ ၃ နှစ် ဒါမှမဟုတ် ၄ နှစ်ကြာတဲ့အခါ ဝိဇ္ဇာ B.A ဒါမှမဟုတ် သိပ္ပံ B.Sc ဘွဲ့အတွက် စာမေးပွဲကြီး ဖြေဆိုကြရပါတယ်။ ကျောင်းသားတော်တော်များများဟာ ဂုဏ်ထူးရဖို့ကြိုးစားကြတယ်။ ဂုဏ်ထူးတွေက စာမေးပွဲကြီးမှာ ရတဲ့အမှတ်ပေါ် မူတည်ပြီး အမြင့်ဆုံးက ပထမတန်းပေါ့။ ပြီးတော့မှ ဒုတိယနဲ့ တတိယတန်းတွေပေါ့။ ဂုဏ်ထူးရဖို့ဆိုတာကလည်း တော်တော် ခက်ခဲပါတယ်။ ၁၀ ယောက်မှာ ၁ ယောက်ရဖို့ မလွယ်လှပါဘူး။

အောက်စဖို့နဲ့ ကိန်းဘရစ်(ချ်)တက္ကသိုလ်နှစ်ခုလုံးမှာ ထူးထူးချွန်ချွန်စာမေးပွဲအောင်ပြီး တချို့က ကျောင်းဆရာလုပ်ချင်ကြတယ်။ တချို့က ကိုယ်နှစ်သက်ဝါသနာပါတဲ့ဘာသာရပ်ကို ဆက်သင်ချင်ကြတယ်။ အဲဒီ ကျောင်းသူ ကျောင်းသားတွေအတွက် တက္ကသိုလ်က သုတေသန စကောလားရှစ်ပညာသင်ထောက်ပံ့ကြေး လုံလုံလောက်

http://www.cherrythitsar.org



လောက်ပေးပါတယ်။ အဲဒီ ကျောင်းသူ ကျောင်းသားတွေကို တက္ကသိုလ်ရဲ့ကျူတာ Fellowအဖြစ်ခန့်ထားဖို့ စာမေးပွဲဖြေဆိုခိုင်းတာရှိသလို ကျောင်းသားရဲ့အရည်အချင်းက သိပ်ကောင်းနေရင် စာမေးပွဲဝင်ဖြေမခိုင်းတော့ဘဲ တိုက်ရိုက်ခန့်ထားတာကို တွေ့ရတယ်။ ကျူတာဖြစ်လာပြီဆိုရင် ကျောင်းမှာနေဖို့ အဆောင်ရတယ်။ အခန်းရတယ်။ လွတ်လပ်ပါတယ်။ ကျောင်းသူတွေအတွက် အောက်စဖို့(ဒ်) တက္ကသိုလ်မှာ ကောလိပ်ကျောင်း (၄) ကျောင်းရှိပြီး ကိန်းဘရစ် တက္ကသိုလ်မှာ ကောလိပ်ကျောင်း (၂)ကျောင်း ရှိပါတယ်။ ထူးခြားတဲ့ အခွင့်အရေးကတော့ ကျောင်းသူတွေဟာ ကျောင်းသားတွေစာသင်နေတဲ့ သင်တန်းတွေကိုလည်း ဘယ်သင်တန်းခန်းကိုမဆို ဝင်ပြီး သင်ကြားနိုင်ခွင့် ရှိတာပါပဲ”

ဟု ဆရာကြီး ဦးဘိုးဟန်က ပြောပြသည်။

“စာကြည့်တိုက်ကြီးတွေကတော့ စာအုပ်အတော်စုံမှာပဲနော်”

ကိုမောင်မောင်မြင့်ဆိုသူက ဝင်မေးသည်။

ဆရာကြီးက ခေါင်းညိတ်ပြပြီး

“အောက်စဖို့(ဒ်)တက္ကသိုလ်မှာရှိတဲ့ Bodleian Library ဘော့ဒလိန်း စာကြည့်တိုက်နဲ့ ကိန်းဘရစ်(ချ်)မှာရှိတဲ့ University Libraryတက္ကသိုလ် စာကြည့်တိုက်တွေဟာ သိပ်ခမ်းနားကြီးကျယ်ပြီး စာအုပ် တွေကလည်း အရေအတွက်များသလောက် သာသာရပ်စုံလင်ပါတယ်။ ကမ္ဘာ့နိုင်ငံအားလုံးက ကောင်းမွေ ညွန့်မွေဆိုတဲ့ စာအုပ်တွေ စုဝေးရာနေရာကြီးတွေဖြစ်နေတာကိုး။ တက္ကသိုလ်နှစ်ခုလုံးမှာလည်း ကိုယ်ပိုင်ပုံနှိပ်တိုက်တွေ ရှိနေကြတယ်။ အင်္ဂလိပ်အဘိဓာန်ကစလို့ စာအုပ်မျိုးစုံအောင် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့တဲ့အတွက် ဝင်ငွေရော၊ ကျောင်းအတွက် ရန်ပုံငွေပါ ပိုလျှံခဲ့ပါတယ်”

http://www.cherrythitsar.org



ဟု ပြောပြသည်။

စကားဝိုင်းကောင်းနေဆဲတွင် အဘိုး၏ရှာပနအတွက် ရန်ကုန်မှတပည့်တပန်း မိတ်သင်္ဂဟတချို့လိုက်ပါလာမည့်သင်္ဘော ဆိုက်ချိန်နီးပြီဟု ဦးမောင်မောင်စိန်ကအသံလာပြ၍ လူစုခွဲပြီး ဧည့်သည်တွေကိုကြိုမည့်သူတွေက သင်္ဘောဆိပ်ဆင်းသွားကြသည်။

မေဇင်နှင့် ကျွန်တော်သည် စက်ဘီးတစ်စီးနှင့် မြို့လယ်ပိုင်းမှ ဖြူသွဲ့တို့ ရီရီမြင့်တို့ ညီအစ်မအိမ်သို့ ထွက်လာကြသည်။ တစ်တန်း တည်းနေ သူငယ်ချင်းတွေမို့ ရင်းနှီးနေသည်။

ရောက်သွားတော့ ဖြူသွဲ့ကအဝတ်လျှော်နေပြီး ရီရီမြင့် တစ်ယောက်သာ အားနေသည်။ မနက်စာထမင်းစားဖို့ ကျွန်တော်တို့ ကို ဖွတ်အတင်းခေါ်သည်။ မစားဖြစ်။ သိပ်မဆာလှသေးသောကြောင့် ဖြစ်သည်။ ဖြူသွဲ့တို့ မိဘများက ဆေးရွက်ကြီးအရောင်းအဝယ် လက္ကားဒိုင် ဈေးကြီးထဲမှာဖွင့်ထားသည်။ ခပ်ရိုးရိုးစင်းစင်း မိသားစု တစ်စုပင် ဖြစ်သည်။

ပြီးခဲ့သည့်စကားဝိုင်းမှာကြားခဲ့ရသည့် ဆရာကြီးဦးဘိုးဟန် ပြောပြသော တက္ကသိုလ်နှစ်ခုအကြောင်းကို မေဇင်က ရီရီမြင့်ကို ပြန်ပြောပြနေသည်။

"ဟယ် . . .သိပ်ကောင်းတာပဲ၊ တို့လည်း အဲဒီမှာ ကျောင်း သွားနေဖူးချင်လိုက်တာ"

ဟု ရီရီမြင့်က မျက်နှာလေးပြုံး၍ပြောနေသည်။ ကျွန်တော် တို့ သူငယ်ချင်းတော်တော်များများမှာ ပညာကိုစိတ်ဝင်စားနေကြသူ များသာ ဖြစ်သည်။ သို့သော် . . . ရန်ကုန်သည်ပင်လျှင် ကျွန်တော်တို့ မြို့ကလေးအတွက် ဟို . . .အဝေး . . .ဖြစ်နေသေးသည်။ အားတော့ မငယ်မိ။ ဆရာကြီးဦးဘိုးဟန်တို့တောင် ပြည်ပရေမြေကို ခြေချနိုင်

http://www.cherrythitsar.org



ခဲ့ကြဖူးပြီမဟုတ်လား။

ခဏကြာတော့ အဝတ်လျှော် ရေချိုးပြီးစ ဖြူသွဲ့က အဝတ်လဲလှယ်ပြီး ဧည့်ခန်းထဲလာထိုင်သည်။ သူတို့ မိန်းကလေးသူငယ်ချင်းသုံးဦးသား စကားကောင်းနေကြပြန်သည်။

ပြတင်းမှ လှမ်းငေးနေမိသည်။ ကောင်းကင်က ခပ်မှုန်ပျပျ။ ကျွန်တော့်စိတ်က တစ်ခါတစ်ခါ ဘာအကြောင်းအရာမှမရှိဘဲ အုံ့မှိုင်းကြေကွဲသလို ဖြစ်နေတတ်သည်။ တတ်နိုင်ရင်တော့ လူငယ်ဘဝမှာပျော်ပျော်ရွှင်ရွှင်နေချင်တာပေါ့။

တချို့လည်း ကျွန်တော့်လိုပင် ခံစားဖူးကြလိမ့်မည်ထင်သည်။

ဖြူသွဲ့တို့အိမ်ပြတင်းမှလှမ်းကြည့်လျှင် အိမ်ရှေ့ကန့်လန့်ဖြတ်လမ်းတွင် ဥဒဟိုသွားလာနေကြသော ဆိုက်ကား၊ စက်ဘီးနှင့်လူရိပ်လူရောင်တချို့ကို မြင်ရသည်။ လမ်းတစ်ဖက်တွင် လမ်းဦးတိုက်သဘောမျိုး မြေနီလမ်းသွယ်တစ်လမ်းရှိပြီး ထိုလမ်းသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆိုင်သည့် ဂိုဒေါင်ကြီးတွေဆီသို့ ဆက်သွယ်ဖောက်ထားသည့် လမ်းဖြစ်၏။ ထိုလမ်းသွယ်လေးဆောင်းတွင် မြက်ခင်းပြင် စိမ်းစိမ်းများ၊ ရေအိုင်များရှိကာ သွပ်မိုး၊ မြေစိုက် မော်တော်ကား ဘော်ဒီရုံတစ်ရုံကိုလည်း တွေ့နေရသည်။ ရေအိုင်တစ်အိုင်မှာ ကန်စွန်းခင်းကြီးဖြစ်သည်။ နောက်တစ်အိုင်မှာ ဘာမှမစိုက်။ အိုင်ပတ်လည်တွင် လူနေတဲငယ်တချို့ ဖြစ်သလို အခြေဖွဲ့နေထိုင်ကြသည်။

ထိုကန်စောင်းမှာ မသိမသာပင် မြို့ကလေး၏အမှိုက်ပုံသဖွယ် ဖြစ်နေသည်။ ဆိတ်ကျောင်းသား၊ နွားကျောင်းသား တချို့သည်လည်း စားကျက်သဖွယ် ထိုရေအိုင်ငယ်နံဘေးက မြက်ခင်းရိုင်းရိုင်းကို အသုံးပြုနေကြသည်။ အရိပ်ရကျွန်းပင်ကြီးများ၊ နွားတွေအကြိုက် ဆီးပင်ချုံနွယ်များလည်းရှိသဖြင့် နွားကျောင်းသားလေးတွေက

http://www.cherrythitsar.org



ထိုနေရာမှာ တစ်နေ့တာ စခန်းလာလာချတတ်ကြသည်။ ထိုမြင်ကွင်းတွင် ကောင်းကင်၏အနားသတ်မှာ အဖြူရောင်တိမ်ဝွမ်းစိုင်တို့ကို မြင်ရသည်။ သူတို့ရဲ့အထက်မှာတော့ ပြာလဲ့နေ၏။ အသားညိုမှောင်မှောင်လူသုံးယောက်က သစ်တိုသစ်စတချို့ကို တွန်းလှည်းတစ်စီးပေါ်တွင်တင်ကာ မြေနီလမ်းအတိုင်း တွန်းယူလာနေကြသည်။ လမ်းထိပ်က ကွမ်းရာဆိုင်လေးမှာပိတ်ထားပြီး သူ့ဘေးကဆံပင်ညှပ်ဆိုင်လေးမှာ ဖွင့်ထား၏။

"ဟော့ . . .လာမယ့်လ ပထမအပတ်ထဲမှာ စာမေးပွဲအောင်စာရင်းတွေ ထွက်မယ်ထင်တယ်"

ခပ်ငြိမ်ငြိမ်လေးထိုင်၍ ငိုင်နေသောကျွန်တော်သည် ဖြူသွဲ့၏စကားသံကြောင့် ဆတ်ခနဲတုန်သွား၏။ တချို့ကလည်း နောက်ဆုံးနှစ်စာမေးပွဲဟု ဆိုသည်။ သခၤါရဆိုတာ ဒါပါပဲ။ ရန်ကုန်မှာ ကျွန်တော်စာမေးပွဲဖြေပြီးစအထိ အဘိုးက ဒီမြို့လေးမှာရှိသွားသေးပါလား။ ခုတော့ . . .အင်းလေ . . . လူဆိုတာ သေမျိုးပေပဲ။ ကျွန်တော်လည်း သေချိန်တန်လျှင် သေရဦးမယ့်သူပါ။ မနက်ဖြန်ဆို အဘိုး၏ရက်လည်နေ့။ ရက်လည်သည်အထိတော့ ခြံဝိုင်းထဲမှာ ဧည့်သည်တွေနှင့် စည်ကားနေဦးမည်။ ပြီးတော့လည်း ခြံဝိုင်းကြီးက ငြီးငွေ့ခြောက်သွေ့ဖွယ် ကျန်ရစ်ခဲ့တော့မှာပါ။

ကျွန်တော်တို့ မြို့ကလေးမှ ကျွန်တော်ကဲ့သို့ပင် ရန်ကုန်တက္ကသိုလ်သို့ သွားတက်နေကြရသည့် သူငယ်ချင်းအချို့မှာ ကျွန်တော်နှင့် ဘာသာရပ်ချင်း မတူကြသလို အဆောင်တွေကလည်း တစ်နေရာစီဖြစ်နေ၏။ ခုလို ကျောင်းပိတ်ရက် မြို့ကလေးသို့ ပြန်ရောက်မှသာ နီးနီးကပ်ကပ်တွေ့ကြဆုံကြရသည်။ ကျွန်တော်က အင်္ဂလိပ်စာအဓိကဖြင့် ဝိဇ္ဇာဘွဲ့ယူရမည်ဖြစ်သည်။ မဇေင်နှင့် ရီရီမြင့် က သချာၤ။

http://www.cherrythitsar.org



ဖြူညွှံ့က ဥပဒေ။ စံဒွေးနှင့် ထွန်းအောင်ကြီးတို့က ရက္ခဗေဒ။

မှတ်မိပါသေးသည်။ ကျွန်တော် ရန်ကုန်တက္ကသိုလ်သို့ သွားရမည့်အချိန် နီးကပ်လာစဉ်က အဘိုး၏မျက်နှာမှာ မြေးအတွက် ပီတိတွေ ဝေဖြာခဲ့စဉ်က ဖြစ်သည်။

ည . . . ည . . .မြေးအဘိုးနှစ်ယောက် တော်တော်နှင့်မအိပ်ကြ။ အဘိုးက ကွမ်းကလေးမြုံ့ရင်း သူသိသော သူသိခဲ့ ကျွမ်းခဲ့ရသော တက္ကသိုလ်အကြောင်းကို ပြန်ပြောင်းပြောပြတော့လည်း ကြည်နူး ဆွတ်ပျံ့ဖွယ်ရာ ရန်ကုန်တက္ကသိုလ်၏ အရိပ်ဟောင်း၊ အတိတ်ဟောင်း တွေက ကျွန်တော့်ဘဝဆီသို့ ပြေးလာရိုက်ခတ်ခဲ့ရပေသည်။ ထိုစဉ်က တစ်ခါမှ တက္ကသိုလ်နယ်မြေသို့ ခြေမချဖူးသေးသောကျွန်တော်သည် ကိုယ်သိချင်တာလေးတွေ အဘိုးကိုမေးခဲ့ရသည်။

"တက္ကသိုလ်ဆိုတာ ဘာလဲဟင် . . .အဘိုး"

ဟု မေးတော့ အဘိုးက စိတ်လိုလက်ရရှင်းပြသည်။

"တချို့က အိန္ဒိယပြည်မှာရှိတဲ့ Taxila တက္ကသီလာမှာစပြီး တည်ထောင်ခဲ့လို့ တက္ကသိုလ်ကျောင်းဆိုပြီး ယူဆကြတာလည်း ရှိ တယ်။ တက္ကဆိုတဲ့ အထူးထူးအထွေထွေ ကြံစည်ခြင်းနဲ့ သီလဆိုတဲ့ အထူးထူးအထွေထွေ ကျင့်ဆောင်လုပ်ကိုင်ခြင်းအတတ်ကို သင်ကြား တဲ့ ဌာနလို့လည်း တချို့က တက္ကသိုလ်ကိုအဓိပ္ပာယ်ဖွင့်ကြတယ်။

၁၈၇၈ ခုနှစ်က ရန်ကုန်မှာရှိတဲ့ အစိုးရအထက်တန်းကျောင်း မှာ ကာလကတ္တားတက္ကသိုလ်ရဲ့ First Arts လို့ခေါ်တဲ့ ဥပစာတန်း စာမေးပွဲကို ဝင်ပြီးဖြေဆိုနိုင်ဖို့ ပထမဆုံးသင်ကြားပေးခဲ့တယ်။ ၁၈၈၄ ခုနှစ်အကုန် ၁၈၈၅ ခုနှစ်လည်းရောက်ရော ရန်ကုန်အစိုးရအထက် တန်းကျောင်းမှာ ရန်ကုန်ကောလိပ်ဆိုပြီး သီးသန့်ဖွင့်ပေးတယ်။ ဗြိတိသျှအစိုးရလက်အောက်ခံ မြန်မာပြည်ပညာရေးဆင်ဒီကိတ်

http://www.cherrythitsar.org



အဖွဲ့က ကြီးကြပ်အုပ်ချုပ်တယ်။ ရန်ကုန်ကောလိပ်ရဲ့ ပထမဆုံး ကျောင်းအုပ်ကြီးက မစ္စတာဂျေအိတ်ချ်ဂီးလ်ဗတ်ပေါ့။ ၁၉၀၄ ခုနှစ်မှာတော့ ရန်ကုန်ကောလိပ်ကို အစိုးရကတာဝန်ယူလိုက်တယ်။ အဲဒီနှစ်ကစပြီး ရန်ကုန်မှာ အစိုးရကောလိပ်ဆိုတာ ဖြစ်လာတယ်။ ၁၉၀၀ ခုနှစ်မှာ ရန်ကုန်ကောလိပ်ရဲ့ အဆောက်အဦတွေကို စပြီးဆောက်ခဲ့တယ်။ ၁၉၁၃ ခုနှစ်နဲ့ ၁၉၁၅ ခုနှစ်မှာတော့ ဓာတုဗေဒစမ်းသပ်ခန်းနဲ့ ရူပဗေဒ စမ်းသပ်ခန်းတွေကို တိုးချဲ့ဖွင့်လှစ်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ကို တည်ထောင်တာက ၁၉၂၀ ခုနှစ်၊ ရန်ကုန်ကောလိပ်ကလည်း ယူနီဗာစီတီကောလိပ်၊ တက္ကသိုလ်ကျောင်းဖြစ်လာတယ်”

ဟု အဘိုးက ကျွန်တော့်ကိုပြောပြခဲ့သည်။ အဘိုးပြောပြခဲ့သမျှဆိုရလျှင်မူ ထိုစဉ်က ရန်ကုန်ကောလိပ်နှင့်ခေတ်ပြိုင်ပေါ်ပေါက်ခဲ့သော ကောလိပ်မှာ ဂျပ်ဆင်ကောလိပ်ဖြစ်သည်ဟုသိရ၏။ ဘက်ပတစ်ကောလိပ်ဟုလည်းခေါ်ကြောင်းသိရသည်။ အမေရိကန် ဘက်ပတစ်ခရစ်ယာန်သာသနာပြုအဖွဲ့က ၁၈၄၃ ခုနှစ်ကစပြီး ပညာရေးလုပ်ငန်းများ စတင်အခြေပြုလာခဲ့ကြရာဝယ် ၁၈၇၂ခုနှစ်တွင် ကူရှင်ကျောင်းကို တည်ထောင်ခဲ့ကြသည်။ အဆိုပါ ကူရှင်ကျောင်းမှ ၁၈၉၄ခု နှစ်တွင် ကာလကတ္တားတက္ကသိုလ်ဝင် ဥပစာတန်းအတွက် စတင်သင်ကြားပေးပြီးနောက်ပိုင်း ဝိဇ္ဇာတွဲ့ ဘီအေတန်းနှင့်ဆက်နွယ်ကာ အင်္ဂလိပ်ဘာသာနှင့် သဘာဝတ္တဗေဒတို့အတွက် ဂုဏ်ထူးတန်းအထိ တိုးချဲ့သင်ကြားလာခဲ့ကြောင်း သိရသည်။ ၁၉၁၈ ခုနှစ်တွင်မူ ဘက်ပတစ်ကောလိပ်ကို အမေရိကန်ခရစ်ယာန်သာသနာပြုဆရာကြီး ဒေါက်တာဂျပ်ဆင်အားဂုဏ်ပြုခြင်းအားဖြင့် ဂျပ်ဆင်ကောလိပ် သို့မဟုတ် ယုဒသန်ကောလိပ်ဟု အမည်ပေးခဲ့ကြောင်း သိရသည်။

“ကာလကတ္တားတက္ကသိုလ်ရဲ့ ဩဇာအာဏာအောက်က

http://www.cherrythitsar.org



ကင်းလွတ်တဲ့ သီးခြားတက္ကသိုလ်တစ်ခု ရန်ကုန်မြို့မှာတည်ထောင်ဖို့ နေ့စဉ်ထုတ်သတင်းစာတွေ၊ မြန်မာတိုင်းရင်းသားခေါင်းဆောင်တွေက အင်္ဂလိပ်အစိုးရကို ၁၈၉၂ခုနှစ်မှာ တောင်းဆိုလာကြတယ်။ ဒါ့ကြောင့် ၁၉၁၀ ခုနှစ်လည်းရောက်ရော အင်္ဂလန်မှာရှိတဲ့အောက်လွှတ်တော်က အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ကလေးဟာ အိန္ဒိယပြည်အစိုးရမှာ မြန်မာပြည်အတွက် သီးခြားတက္ကသိုလ်တည်ထောင်ပေးဖို့ မူဝါဒ ချမှတ်ထားပါတယ်ဆိုတဲ့အကြောင်း ထုတ်ပြန်ကြေညာပေးခဲ့ရတယ်"

ဟု အဘိုးပြောတာ ပြန်လည်ကြားယောင်နေမိသည်။

"မြန်မာပြည်နယ် အစိုးရက ၁၉၁၃ခုနှစ်မှာ အိန္ဒိယပြည်အစိုးရကို သီးခြားတက္ကသိုလ်တစ်ခု တည်ထောင်ရေးမူကြမ်း တင်သွင်းခဲ့တယ်။ ၁၉၁၆ခုအထိ ဘာမှမထူးခြားတဲ့အပြင် ကမ္ဘာစစ်ကြီးက ဖြစ်လာပြန်တယ်။ ဒါပေမဲ့ မြန်မာလူထုက တောင်းဆိုနေတုန်းပဲ။ မြန်မာပြည်ရဲ့ ဒုတိယဘုရင်ခံ ဆာဟာကုတ်ဘတ်တလာနဲ့ ဆာရယ်ဂျီနယ်ခရက်ဒေါက် နှစ်ယောက်ဟာ ဒီကိစ္စအတွက် အရေးပေါ် စီစဉ်လိုက်ကြရတော့တယ်"

ဟု အဘိုးပြောပြခဲ့ပါသည်။

၁၉၁၈ခုနှစ်တွင် ဗြိတိသျှအစိုးရသည် ဆာမတ်ဟန်းတားဆိုသူအား ပညာရေးဆိုင်ရာမင်းကြီးခန့်ပြီး ရန်ကုန်တက္ကသိုလ်ဖွဲ့စည်းရေးနှင့် ဥပဒေမူကြမ်းများရေးဆွဲရေးကို တာဝန်ပေးခဲ့သည်။ ၁၉၂၀ စက်တင်ဘာလတွင် မြန်မာပြည်ဥပဒေကောင်စီက ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို အတည်ပြုလိုက်သည်။ ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ် စတင်ဖြစ်တည်ခဲ့ရသည်။

"ရန်ကုန်တက္ကသိုလ်ရယ်လို့ ဖြစ်လာရတာ အခက်အခဲပေါင်းစုံပါပဲကွာ။ စပြီးတည်ထောင်တော့ တစည်းတလုံးတည်းစနစ်

Unitary နဲ့ သွားကြဖို့ပါပဲ။ ဒါပေမဲ့ အမေရိကန်သာသနာပြုအဖွဲ့က သူတို့ရဲ့ ဂျပ်ဆင်ကောလိပ်ကို မဖျက်သိမ်းချင်ပြန်ဘူးတဲ့။ နောက်ဆုံးမှာတော့ ယာယီအနေနဲ့ Collegiate system ကောလိပ်စနစ်ကို လက်ခံဖို့ အင်္ဂလိပ်အစိုးရက မူချပေးပြီး တက္ကသိုလ်အက်ဥပဒေမှာ လမ်းဖွင့်ပေးရင်း တက္ကသိုလ်ကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ်ကို တစ်နေ့နေ့ ပြန်ပြီးပူးပေါင်းပေးဖို့ ရည်ရွယ်ခဲ့ဟန်တူတယ်။ ဒီလိုနဲ့ ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်နိုင်ခဲ့တာပဲ”

ဟု အဘိုးကပြောပြသည်။ ကျွန်တော်က အဘိုးကို တစ်ခု မေးခဲ့ဖူးသည်။ ကျွန်တော်မေးခဲ့သည်ကား ထိုစဉ်ကာလသမယက ရန်ကုန် တက္ကသိုလ်အက်ဥပဒေနှင့်ဖွဲ့စည်းပုံသည် မည်သည့် ‘မူ’နှင့် ကိုက်ညီခဲ့ပါသလဲဆိုတာပဲဖြစ်သည်။

“အဲဒီတုန်းကတော့ကွာ၊ ကာလကတ္တားတက္ကသိုလ်ကော်မရှင်ရဲ့ အစီရင်ခံစာထဲမှာ အချက် (၄)ချက်ပါလာတာ တွေ့ရပါတယ်။ အဲဒီအချက် (၄)ချက်နဲ့ ကိုက်ညီအောင် ရန်ကုန်တက္ကသိုလ်ကို စပြီး တည်ထောင်ခဲ့ကြတာပဲ။

ဟု အဘိုးက ပြောပြခဲ့သည်။

“ဟဲ့ . . . သင့်ဦးငယ်၊ နင်ဘာတွေစဉ်းစားနေတာလဲ”

ဟူ သည့်အသံကြောင့် ကျွန်တော့်စိတ်တွေက ဝေချင်ရာလွှော်ကဲ်ဝေနေရာမှ ဖျတ်ခနဲဖြုံသွဲ့ကိုလှမ်းကြည့်လိုက်မိသည်။ ကျွန်တော်က သူငယ်ချင်းဖြူသွဲ့၏မျက်နှာလေးကို တစ်ချက်မျှ ငေးကြည့်ရင်းက . . .

“ဩော် . . . စိတ်တွေက . . . ငါရန်ကုန်ကိုကျောင်းသွားတက်ရခါနီးမှာ အဘိုးနဲ့ စကားတွေ ညတိုင်းပြောခဲ့ရတာလေးတွေ ပြန်တွေးနေမိလို့ပါ”

ဟုပြောပြလိုက်သည်။

http://www.cherrythitsar.org



"ထမင်းမဆာလို့ မစားကြရင်လည်း ကော်ဖီတစ်ခွက်စီတော့ သောက်သွားကြပါဟာ"

ရီရီမြင့်က ကော်ဖီခွက်နှင့် မုန့်တွေလာချပေးသည်။

'အေးဟယ် . . . အဘိုးမရှိတော့တာ တို့လည်းတကယ်စိတ် ထိခိုက်ပါတယ်။ နင့်ဖေဖေဆီကိုရော အကြောင်းကြားထားတာ ဘာ အကြောင်းပြန်လဲ"

ဖြူသွဲ့က အင်္ဂလန်မှာအလုပ်သွားလုပ်နေသော ကျွန်တော့် ဖေဖေ့အကြောင်းမေးသည်။

"ကြေးနန်းစာလာပါတယ်။ ဖေဖေက ချက်ချင်းပြန်လာဖို့ အဆင်မပြေနိုင်တဲ့အကြောင်း ကြေးနန်းထဲမှာ အကြောင်းပြန်လိုက်တယ်"

ဟု ကျွန်တော်က ပြောပြလိုက်သည်။

"နင်တို့ဖေဖေ အလုပ်လုပ်နေတာက ဘယ်မြို့မှာလဲ"

ဟု ရီရီမြင့်ကမေးသည်။ ကျွန်တော်က ကော်ဖီခွက်ကို ညာ လက်နှင့် လှမ်းယူရင်းက . . .

"မာစီဆိုတဲ့မြစ် ရှိတယ်တဲ့ဟာ။ ဖေဖေက အဲဒီမြစ်ကမ်းပေါ်က လစ်ဗာပူလ်မြို့တော်ဟောင်းမှာ အလုပ်လုပ်နေတာ၊ စက်မှုလက်မှု အလုပ်ရုံလို့ပဲဆိုပါတော့ဟာ။ ဖေဖေပြန်လာရင် ဒီမှာကုမ္ပဏီတစ်ခု ထောင်ဖြစ်လိမ့်မယ်ထင်တယ်"

ဟု ပြောပြလိုက်သည်။ သနပ်ခါးရနံ့က လေအဟုန်တွင် ဝေ့ဝဲလာ သည်။ ရေချိုး အဝတ်အစားလဲပြီးစ ဖြူသွဲ့ထံမှ ဖြစ်လိမ့်မည်ထင်၏။ ဖြူသွဲ့မျက်နှာပေါ်တွင် သနပ်ခါးအစအနလေးတွေ မပြေမပြစ် အိမ်နေ ရင်း ကပိုကရိုဟန် တွေ့ရပြန်သောကြောင့်ဖြစ်၏။ သူတို့ ညီအစ်မနှစ် ယောက်က အသားဖြူတာချင်းတော့တူသည်။ မျက်နှာကျအလှမှာ တော့ ရီရီမြင့်ကမအေ့မျက်နှာကျနှင့်နွယ်သွားသည်။ ဖြူသွဲ့တို့ မေမေ

http://www.cherrythitsar.org



က မျက်နှာကျပြေပြစ်သလို စကားအပြောအဆိုလည်း သိမ်မွေ့သည်။

"အဘိုး ရက်လည်ပြီးရင်တော့ ဖေဖေ့ဆီစာတစ်စောင်လှမ်းရေးလိုက်ဦးမယ်"

ကျွန်တော့်စကားကြောင့် သူငယ်ချင်းမကလေးတွေ မျက်လုံးအဝိုင်းသားနှင့် လှမ်းကြည့်ကြ၏။

"ခဏာလောက်ဖြစ်ဖြစ် ဖေဖေရှိတဲ့နေရာကို ငါလိုက်သွားမလို့စဉ်းစားထားတယ်။ သားအဖချင်းလည်း ဝေးနေတာကြာပြီလေ။ ဒီကြားထဲမှာ အဘိုးကမရှိတော့ပြန်ဘူးဆိုတဲ့အခါ စိတ်ပြေလက်ပျောက်ပေါ့ဟာ"

ဟုကျွန်တော်က ပြောပြလိုက်သည်။

"ငါတောင်မှ လိုက်ချင်တယ်"

ဟု မေဇင်က ဝင်ပြောသည်။ မေဇင်က တကယ်တော့ စိတ်မြန်လက်မြန် နှင့် ကလေးဆန်သည်။

"မေဇင်ကလည်းဟယ်၊ နင့်ဖေဖေနဲ့ မေမေက လွှတ်မှာတဲ့လား။ အဝေးကြီးသွားတယ်ဆိုတာ စရိတ်စကကလည်း ကြီးပါဘိသနဲ့"

ဟု ဖြူသွဲ့က လှမ်း၍ဟန့်သည်။

"သူနဲ့လိုက်သွားချင်တာကို ပြောမိတာပါဟယ်"

ဆိုသည့်မေဇင့်အသံလေးမှာ တိုးလျလွန်းလှသည်။ တကယ်လည်း . . . တကယ်မှာလည်း လောလောဆယ် ကျွန်တော်က သည်ရေမြေတွင် မနေချင်သလိုပင်။

ပြီးခဲ့သည့်စာမေးပွဲကို ကျွန်တော်ဖြေနိုင်တာ ကျွန်တော့်ကိုယ်ကျွန်တော် အသိဆုံးပင်။ ဒီကောင်မလေးတွေရော ဟိုကောင်စံဌေးတို့တတွေပါ သူတို့ဘာသာရပ်နှင့်သူတို့ ဖြေနိုင်ကြကြောင်း ကျွန်တော်သိပြီးသား။ ဂုဏ်ထူးတန်းကို လောလောဆယ်မတက်ဖြစ်သေးမီ

http://www.cherrythitsar.org



တက္ကသိုလ်မြကျွန်းသာသည် ကျွန်တော်၏နှုတ်ဆက်လက်ပြခွဲခွာရာ ပရိဝုဏ်သာ ဖြစ်ရပေဦးတော့မည်။

ဖြူသွဲ့တို့အိမ်မှ ပြတင်းပေါက်ဘောင်ပေါ်တွင် ငှက်ကလေး တစ်ကောင်လာနားပြီး ခေါင်းကလေးငဲ့စောင်းကာ ခဏနေထ၍ ပြန်သွားသည်။ စာငှက်ကလေး။ ဟိုအဝေးကောင်းကင်ပေါ်တွင်လည်း ငှက်တွေပျံဝဲသွားနေတာ လှမ်းမြင်ရသည်။

“မနက်ဖြန် ရက်လည်တော့ နင်တို့လာခဲ့ကြဦးနော်”

ဟု ဖြူသွဲ့တို့ကို ကျွန်တော်ပြောလိုက်သည်။ ရီရီမြင့်က

“လာရမှာပေါ့ဟ”

ဟုပြောရင်း . . .

“နင်ကလည်းဟာ နင်တို့ခြံဝိုင်းထဲမှာ ဘာလုပ်စရာရှိသေးလို့လဲ၊ နားနားနေနေ ထိုင်စမ်းပါဦး”

ဟု ကျွန်တော့်ကိုတားသည်။

ကျွန်တော်ပြန်တော့မည်ဆို သည်ကို အရိပ်အခြေသိနေပုံရ၏။ ဖြူသွဲ့တို့ခြံထဲသို့ စက်ဘီးတစ်စီး ဝင်လာသည်။

“ဟောတော့ . . . မခင်သန်းလိုက်လာတယ်။ ဘာကိစ္စများလဲ မသိဘူးမေဇင်”

ရီရီမြင့်က မေဇင်တို့အိမ်မှ အိမ်မှုကိစ္စဗာဟီရ ဝိုင်းကူလုပ်ရသောအမျိုးသမီးကို လှမ်းကြည့်ရင်းပြောသည်။ မခင်သန်းအိမ်ပေါ် တက်လာ၏။

“စောစောကဆိုက်တဲ့သင်္ဘောနဲ့ ရန်ကုန်က အိလေးဝေနဲ့ သောဘီတို့ပါလာတယ် မေဇင်။ အဲဒါ ခရီးရောက်မဆိုက် တွေ့ချင်တယ်ဆိုတာနဲ့ ဘဘကြီးတို့ ကြီးကြီးမြင့်တို့က မေဇင့်ကို လိုက်ရှာခိုင်းတာနဲ့ လာခေါ်တာ”

http://www.cherrythitsar.org



ဟု မခင်သန်းကပြောသည်။

"သြော်. . . အိလေးဝေနဲ့ ဘောဘီဆိုတာ ရန်ကုန်မှာနေကြတဲ့ မေဇင့်ညီအစ်မဝမ်းကွဲတွေလေ"။ "ကဲ သွားလိုက်ဦးမယ်"

ဟု မေဇင်နှုတ်ဆက်သည်။ ရီရီမြင့်က အိမ်ပေါ်မှဆင်း၍ ခြံဝအထိ သူတို့ကိုလိုက်ပို့သည်။

"နင် . . . တစ်ခုခုအမှတ်တရ ကျွေးရလိမ့်မယ်"

ဟု ဖြူသွဲ့ ကပြော၍ ကျွန်တော်အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့ ကျွေးရမှာလဲဟ"

ဟု ကျွန်တော်က မေးမိသည်။

"ဒီနေ့ နင့်ဘဝရဲ့ အမှတ်တရနေ့လေ"

ဟု ဖြူသွဲ့က စူးစူးရှုရှုလေး ကျွန်တော့်ကိုကြည့်ရင်းပြော နေပြန်သည်။

"အမှတ်တရနေ့ . . . ဘာကိုဆိုလိုတာလဲ"

"ဟင် . . . နင်မသိဘူးလား"

"တကယ်ပါ . . . ငါ တကယ်နားမလည်ဘူးဟာ"

ဖြူသွဲ့ပြုံးသည်။ သူမ၏အပြုံးမှာ အားမပါလှ။

"နောက်တော့မှ နင့်ကို အေးအေးဆေးဆေးပြောပြမယ်"

ဖြူသွဲ့က စကားစဖြတ်လိုက်သည်။ အိမ်ပေါ်သို့ ရီရီမြင့် တက်လာသည်။ ပဟေဠိဆန်နေ၍ ကျွန်တော်လည်း စိတ်တွေ ပိုဝေ သလို ဖြစ်လာကာ . . .

"ခြံဝိုင်းဘက် ငါပြန်လိုက်ဦးမယ်ဟာ၊ မနက်ဖြန် အဘိုးရက် လည်မှာ တွေ့ကြတာပေါ့"

ဟုပြောပြီး နှုတ်ဆက်၍ ဆင်းလာခဲ့သည်။ ကျွန်တော် လမ်း တစ်လျှောက်လုံး တစ်မျိုးကြီးဖြစ်နေသည်။ ရင်ထဲမှာ တစ်မျိုးပါပဲ။

http://www.cherrythitsar.org



ခြံဝိုင်းထဲရောက်တော့ စောစောက သောဘီတို့အိလေးဝေတို့ပါလာသည့် သဘော်ာနှင့် တစ်စီးတည်းလိုက်လာကြသည့် ရန်ကုန်မှ အဘိုး၏ မိတ်ဆွေသင်္ဂဟ တပည့်တချို့နှင့် ဆုံရသည်။

"သင့်ဦးငယ် . . . ဘယ်အိမ်ရောက်နေတာလဲ၊ ထမင်းစား နောက်ကျနေပြီ"

ဟု မစိန်နှစ်ကပြောပြီး၊ ကျွန်တော့်အတွက် ထမင်းစားခန်း စားပွဲမှာ ထမင်းဟင်းပွဲတွေ ပြင်ဆင်ပေးသည်။ လက်မှနာရီကို ငုံ့ကြည့် လိုက်တော့ ဟုတ်ပါရဲ့ မွန်းလွဲပိုင်းတောင်နီးလုပြီ။ အိမ်၏ ထမင်းစား ခန်းမှာ ကျယ်ဝန်းသည်။ လူ ၁၅ ယောက်လောက် မျက်နှာချင်းဆိုင် ထိုင်၍ရသော စားပွဲရှည်တစ်လုံးလည်းရှိသေးသည်။ ခုမှရောက် လာသောဧည့်သည်တွေအတွက် မစိန်နှစ်တို့ ဒေါ်ငွေမှီတို့က ထမင်းဝိုင်း ဆက်၍ပြင်ဆင်ပေးနေသည်။ ခရီးရောက်မဆိုက်မို့ ဧည့်သည်တချို့က ရေချိုးခန်းဝင်သူဝင်၊ အဝတ်အစားလဲသူကလဲနှင့် တစ်အိမ်လုံး လူရိပ် လူရောင် လှုပ်လှုပ်ရှားရှားဖြစ်နေသည်။

ထမင်းစားသောက်ပြီးနောက် အိမ်အပေါ်ထပ်ရှိ ကျွန်တော့် အိပ်ခန်းသို့ ကျွန်တော် တက်ခဲ့သည်။ ပြတင်းကို ဖွင့်လိုက်သည့်အခါ ခြံဝိုင်းထဲရှိ သစ်ရွက်ကြိုသစ်ရွက်ကြားထဲမှ တိုးဝှေ့ဝင်လာသည့် လေပြည်ကို ခံစားရလေသည်။ ခုတင်နံဘေးမှ စာရေးစားပွဲတွင်ထိုင်ကာ အဝေးမှဖေဖေ့ဆီပို့ဖို့ စာတစ်စောင်ထိုင်ရေးနေမိသည်။

*၉. ၅. ၁၉၅၉*

*ဖေဖေ*

*မနက်ဖြန်ဆိုရင် အဘိုးဆုံးတာ ရက်လည် ပြီ။ အိမ်မှာတော့ ဧည့်သည်တွေက မစဲဘူး။ တဖွဲဖွဲပါ ပဲ။ အလုပ်ကိစ္စတွေ မပြီးပြတ်သေးလို့ မြန်မာပြည်ကို*

http://www.cherrythitsar.org



*ဖေဖေ ပြန်မလာနိုင်သေးတဲ့စပ်ကြားမှာ စာမေးပွဲ အောင်စာရင်းတွေကလည်း မထွက်သေးဘူးဆိုတော့ စိတ်ပြေလက်ပျောက်သဘောမျိုး ဖေဖေ့ဆီကို သား ခဏလာလည်ချင်ပါတယ်။ ဖေဖေ အကြောင်းပြန် ကြားပေးပါ။ ဖေဖေ့ဆီကအကြောင်းပြန်ချက်ရမှ နိုင်ငံ ကူးလက်မှတ်ကိစ္စကအစ သားဒီမှာ လူကြီးတွေကို ပြောပြီး လုပ်စရာရှိတာလုပ်ရမှာပါ ဖေဖေ။ အိမ်မှာ တော့ ဦးဦးတွေရော၊ ဒေါ်လေးတို့တတွေရော နေထိုင် ကောင်းကြပါတယ်။ အစစလည်း လုပ်ငန်းအဆင် ပြေမှု ရှိနေကြပါတယ်။*

*ရိုသေသတိရစွာဖြင့်*<br>
*သား*<br>
*သင့်ဦးငယ်*

စာကို တစ်ခေါက်ပြန်ဖတ်ကြည့်ပြီး စာအိတ်ထဲထည့်ကာ စာအိတ်ပေါ်မှာ ဖေဖေ့လိပ်စာကို ရေးလိုက်သည်။

ထိုစဉ်မှာပင် အိပ်ခန်းအပြင်ဘက်ဆီမှ ကြီးကြီးဒေါ်ငွေမှီ၏ အသံကို ကြားရသည်။

"သား . . . သင့်ဦးငယ် . . . အောက်ထပ်ဧည့်ခန်းထဲမှာ သားသူငယ်ချင်း ဇေယျာတင်ရောက်နေတယ်"

ဟုအသံပြုသဖြင့် ကျွန်တော်က စာအိတ်လေးကို စားပွဲပေါ်က မှတ်စုစာအုပ်ကြားထဲညှပ်ရင်းက . . .

"ဟုတ်ကဲ့ပါ ကြီးကြီး၊ ကျွန်တော် အခုပဲ ဆင်းတွေ့လိုက်ပါ့မယ်"

ဟု ပြောလိုက်ရသည်။

http://www.cherrythitsar.org



အောက်ထပ်သို့ ကျွန်တော်ဆင်းလာခဲ့သည်။ ညှော့ခန်းထဲရှိ ကုလားထိုင်တစ်လုံးတွင် မှုန်တေတေမျက်နှာထားဖြင့် ထိုင်နေသည့် ဖေယျတင်ကို တွေ့ရ၏။

ဖေယျတင်သည် ကျွန်တော်တို့မြို့ကလေးမှာ အထက်တန်းကျောင်းအတူတက်ခဲ့သူဖြစ်ပြီး မိဘများက အတန်အသင့် နွမ်းပါးကြသဖြင့် ကိုးတန်းအောင်ပြီးချိန်တွင် တက္ကသိုလ်ဝင် ၁၀ တန်းကို ကျွန်တော်တို့လို ဆက်မတက်နိုင်ရှာပဲ သူ့ဖခင်၏ပန်းပဲဖိုလုပ်ငန်းခွင်နှင့် သံဖြူဆိုင်ကို တစ်ဖက်တစ်လမ်းမှ ဝင်ရောက်ဝိုင်းကူနေရရှာသူလည်းဖြစ်၏။ သူတို့က ညီအစ်ကိုမောင်နှမလည်းများသည်။ သည်ကြားထဲ မိခင်ဖြစ်သူကလည်း ကျန်းမာရေးမကောင်း။ ဖေယျတင်က သားအကြီးဆုံးမို့ ကျန်ကလေးများကို သူကပင် ဖခင်ကိုယ်စား အစစ ထိန်းသိမ်းစောင့် ရှောက်နေရသူလည်း ဖြစ်သည်။

"မင်းနဲ့ စကားပြောစရာကိစ္စရှိလို့ လာခဲ့တာ"

ဖေယျတင်၏အသံမှာ မာကြောဆတ်တောက်လွန်းလှသည်။ ကျွန်တော်အံ့အားသင့်မိသည်။ ငယ်စဉ်ကတည်းက ခုကာလဘဝအထိ သူနှင့်ကျွန်တော့်ကြားတွင် ဘာမှ ပြဿနာတစ်စုံတစ်ရာအဖုအထစ်မရှိဖူးခဲ့။ ဒါဖြင့် ဒီနေ့ သူဘာဖြစ်နေပါလိမ့်။ ကျွန်တော်က သူ့ရဲ့နံဘေးကခုံမှာ ဝင်ထိုင်လိုက်သည်။

"ပြောပါ . . . ဘာကိစ္စများလဲ သူငယ်ချင်းရာ"

ဟု တရင်းတနှီးပင် ကျွန်တော်ကမေးလိုက်သည်။

"ငါ့ဦးလေး ဦးဘအုန်းမှာ ဘာအပြစ်ရှိလို့ မင်းတို့ဆီစက်က အလုပ်ထုတ်ပစ်လိုက်တာလဲ"

ဖေယျတင်က ဒေါသသံဖြင့် ကျွန်တော့်ကိုမေးသလို သူ့မျက်နှာမှာလည်း ပန်းရောင်နီမြန်းနေပေသည်။

http://www.cherrythitsar.org



"မင်းဦးလေး ဦးဘအုန်းကို သေသေချာချာ မေးကြည့်ပါဦးကွာ၊ ငါတစ်ခုပြောပြမယ်။ ငါ့ကို မိသားစုဆီစက်က ဘာအလုပ်မှ ဝင်လုပ်ခိုင်းသေးတာ မဟုတ်ဘူး။ ကျောင်းသားတစ်ယောက်လိုပဲ မိသားစုတစ်စုလုံးက ငါ့ကို သဘောထားနေကြတာ၊ ဒါပေမဲ့ ဒီမိသားစု ထဲမှာနေတဲ့ သူဆိုတော့ ဒီမိသားစု၊ ဒီဆီစက်နဲ့ဆိုင်တဲ့ကိစ္စတစ်ချို့ကို မြင်နေ ကြားနေ သိနေရတာပေါ့ကွာ။ ဦးဘအုန်းကိစ္စကို ငါသိသလောက်ပြောပြရရင် ဈေးထဲမှာ သူ့ကို ပဲဆီ၊နှမ်းဆီဆိုင် ထိုင်ခိုင်းတယ်။ အရောင်းသမားအလုပ် ခန့်ထားတယ်။ ဒါကလည်း သူ့ကိုသံယောဇဉ်နဲ့ ခန့်ထားတာ။ သူက ငါတို့ငယ်ငယ်လေးကတည်းက ဆီစက်မှာ အလုပ်သမားဟောင်းဆိုတော့ သူ ကျန်းမာရေးသိပ်မကောင်းလို့ အလုပ် သိပ်မလုပ်နိုင်တော့ဘူး ဆိုတဲ့အခါ၊ ငါတို့အိမ်ကလူကြီးတွေက အလုပ် လက်မဲ့နဲ့တော့မနေပါနဲ့၊ ဈေးထဲမှာဖွင့်ထားတဲ့ ပဲဆီနှမ်းဆီဆိုင်မှာဆိုင် ထိုင်ပေးပါဆိုပြီး သူ့ကိုသက်သက်သာသာနဲ့ စားဝတ်နေရေးပြေလည် အောင် ထားပေးကြတာ၊ ငါလိုရင်းပဲ ပြောမယ်ကွာ၊ ဦးဘအုန်း ဆိုင် ထိုင်တာ ကြာပါပြီ။ ခဏခဏ ငွေအပျောက်အရှ အကွာအဟတွေ ရှိလာတယ်။ ငါတို့အိမ်ကို ငွေပြန်အပ်တဲ့စာရင်း မမှန်ဘူးဆိုပါတော့ ကွာ။ ငါတို့မိသားစုမို့လို့ သူတို့ဘက်က တစ်ဖက်သတ်ငါလိုက်ပြော တာတော့ မဟုတ်ဘူး။ စီးပွားရေးနဲ့ လူမှုရေးကို မျှကြည့်တတ်ကြ တယ်။ တော်ရုံတန်ရုံကိစ္စမှာ သိပ်အားနာတတ်ကြတယ်။ ဦးဘအုန်း ကိုပြောမထွက်လို့ မပြောရက်ခဲ့ကြဘူး။ ကြာတော့ သူကိုယ်၌က သူ့ ဟာသူ အနေကြပ်လာတယ်။ အခုနောက်ဆုံးတစ်ခေါက် ငွေအကွာမှာ ကျွန်တော်အလုပ်နားတော့မယ်လို့ သူ့ပါးစပ်ကပြောပြီးတော့ ဈေးထဲ ကဆိုင်ကိုမလာတော့တာ။ ဒီကိစ္စကို ငါတို့မိသားစုက သူသိက္ခာကျ မှာစိုးလို့ တစ်မြို့လုံး ဘယ်သူ့ကိုမှမပြောဘူး။ သူအလုပ်ထွက်သွား

http://www.cherrythitsar.org



တာ ဒီအကြောင်းကြောင့်ပဲ။ ကဲ . . . မင်းသဘောပေါက်ပြီလား”

ကျွန်တော်က ဇေယျာတင်ကို ကျွန်တော်မြင်ထား၊ ကြားထား၊ သိထားသမျှ တစ်ကွက်မချန် ပြောပြလိုက်သည်။

“ဒီမှာ သင့်ဦးငယ် . . . မင်းလည်း ငယ်ငယ်လေးကတည်းက ဒီအရင်းရှင်ဥစ္စာထဲက ပေါက်ဖွားလာတဲ့သူဆိုတော့ မင်းပါးစပ်က မင်းတို့ အရင်းရှင် ဓနရှင် မိသားစုကို ကာကွယ်တဲ့စကားလုံးတွေပဲ ထွက်လာတော့တာကိုး၊ ဦးလေးဦးဘအုန်း ငွေအပ်တာမမှန်ဘူး၊ ငွေကွာတယ်ဆိုတာ မင်းတို့ဘက်က ဘာသက်သေပြနိုင်လဲ”

ဇေယျာတင်က ကျေနပ်ဟန်မပြ။ ကျွန်တော်က သူ့ကိုတော် တော်လေး စိတ်ပျက်မိသည်။

“ဦးဘအုန်းကို မင်းပြန်မေးကြည့်လိုက်ပါကွာ၊ ငါမတရားမပြောပါဘူး။ ငါတို့မိသားစုဟာ ဒီဆီစက်၊ ဒီဈေးဆိုင်နဲ့ စားဝတ်နေရေး ရပ်တည်နေကြပေမယ့်၊ အခုမကြာသေးခင်ကမှ ဆုံးသွားတဲ့ အဘိုးက အစ ပညာရေးကိုဦးစားပေးတဲ့ ပညာရေးလောကထဲကဝန်ထမ်းဟောင်းတွေပါ။ မြို့ကျဉ်းကျဉ်းလေးမှာ ရိုင်းရိုင်းပျပျ ဘာမှလုပ်ခဲ့ကြတာ မဟုတ်ပါဘူး”

ကျွန်တော်က စိတ်ရင်းအမှန်အတိုင်း ပြောပြလိုက်သည်။

“အေးပေါ့ကွာ၊ မင်းပြောတော့လည်း မင်းစကားပေါ့။ မင်းတို့စက်ရုံ၊ မင်းတို့ဈေးဆိုင်ဆိုတော့ အလုပ်ရှင်နဲ့ အလုပ်သမားကိစ္စမှာ အလုပ်သမားဆိုတာက အရင်းမဲ့လူတန်းစား၊ မင်းတို့ပြောသမျှခံရပေဦးမှာပေါ့”

ဇေယျာတင်စကားတွေက ရင့်သီးလွန်းလှသည်။

“ထားပါတော့ကွာ၊ မင်းပြောသလို ငါတို့မိသားစုက ဓနရှင်အရင်းရှင်မိသားစု ဖြစ်တယ်ပဲ ထားပါတော့။ မိရိုးဖလာ ပိုင်ဆိုင်လာ

ခဲ့တဲ့မြေကွက်မှာ ဘိုးဘွားပိုင်အမွေပစ္စည်းတွေနဲ့ ရင်းနှီးမတည်ပြီး ဒီစက်ကို တည်ခဲ့ရတာ၊ အဲဒီရင်းနှီးမှုနဲ့ စက်ကြီးလည်ပတ်ရတယ်၊ ကုန်ကြမ်းပစ္စည်းတွေ ဝယ်ရတယ်၊ အလုပ်တွေ လက်ခံရတယ်၊ ကိုယ်တိုင်လည်း ပဲ၊ နှမ်းကုန်သည်တွေနဲ့ ဆက်သွယ်ပြီး ပဲတွေနှမ်းတွေ ဝယ်ရလှောင်ရ ဆီကြိတ်ရတယ်။ ဈေးထဲမှာ မိသားစုအရင်းအနှီးနဲ့ မတည်ထားရတဲ့ ဆီဆိုင်ကရှိသေးတာကိုး။ လုပ်ငန်းကြီးတစ်ခုလုပ်ရင် အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာတော့ ရှိလာမှာပဲ။ ကဲ ငါမေးမယ်၊ ဒီမြို့မှာ မင်းတို့အဖေ ပန်းပဲဖိုနဲ့ သံဖြူဆိုင်လေးတည်ထားတယ်။ ဒါလည်း သူ့လုပ်ငန်း သေးတာကြီးတာနဲ့ မဆိုင်ဘူး။ သူလည်း တစ်နိုင်တစ်ပိုင်အရင်းအနှီးတော့ မြှုပ်နှံမတည်ရတာပဲ မဟုတ်လား၊ သူ့မှာလည်း အလုပ်သမားဆိုတာ ရှိတာပဲမဟုတ်လား၊ လုပ်ငန်းကြီးဆိုရင်တော့ အလုပ်သမားဦးရေက များလာမှာပဲ။ အလုပ်သမားတွေကိုလည်း သူတို့စိတ်ဆန္ဒသဘောအရ အလုပ်ဝင်ခွင့်ပေးထားတာပါ။ သူတို့နဲ့ ထိုက်သင့်တဲ့ အလုပ်လုပ်ခငွေတွေ၊ နေ့စားဆို နေ့စား၊ လနဲ့ရှင်းရတဲ့သူဆို လစာဆိုပြီး ငါတို့ပေးနေတာပဲ။ ငါနားလည်ထားတာတော့ ဒါပဲ။ ပိုက်ဆံရင်းနှီးမတည်မြှုပ်နှံနိုင်တဲ့ ငါတို့မိသားစုကို မင်းက ခနရှင်၊ အရင်းရှင်လို့ ခေါ်နိုင်ပါတယ်။ ခေါ်လည်းခေါ်သင့်ပါတယ်။ စက်ပုံမှန်လည်ပတ်ဖို့ တစ်ခုခုချို့ယွင်းသွားရင် ရင်းနှီးမြှုပ်နှံထားတဲ့ ငါတို့မိသားစုကပဲ လိုအပ်တာဝယ်ထည့်ရတယ်၊ ပြုပြင်ရတယ်။ လုပ်ငန်းစရိတ်စကတွေ၊ အဲဒီရင်းနှီးမြှုပ်နှံထားရတဲ့ငွေတွေ၊ အလုပ်သမားတွေအတွက် လုပ်ခရှင်းရတဲ့ငွေတွေထဲက ကျန်တဲ့ငွေကို မိသားစုစားဝတ်နေရေးအတွက် ဖွဲ့ချန်ကြရတယ်။ တခြားစက်တွေကရှင်းပေးတဲ့ အလုပ်သမားခထက်နည်းပြီး ငါတို့က ရှင်းပေးခဲ့တာများ ရှိဖူးလို့လား၊ မင်းစုံစမ်းကြည့်ပါ လေ့လာကြည့်ပါ။ မင်းစဉ်းစားကြည့်ပါ။ ဘဝအကြောင်း

http://www.cherrythitsar.org



တရားကြောင့် လယ်ပိုင်၊ မြေပိုင်၊ ယာပိုင်ရှိတဲ့သူဟာ ပိုင်ရှင်နေရာက နေပြီး သူ့ဆီမှာလာအလုပ်လုပ်တဲ့သူရင်းငှားတွေကို စီမံခန့်ခွဲရမှာပဲ။ သင်္ဘောပိုင်ရှင်ရှိရင် သင်္ဘောသားဆိုတာ ရှိမှာပဲ။ ကုန်တင်ကား ပိုင်ရှင် ဆိုတာရှိရင် ဒရိုင်ဘာနဲ့ ယာဉ်နောက်လိုက်ဆိုတာ ရှိမှာပဲ။ ကမ္ဘာကြီးမှာ ဒီလိုနဲ့ လည်ပတ်လှုပ်ရှား စားသောက်နေထိုင်နေကြတာပဲ၊ ရလာတဲ့ လုပ်အားခပေါ်မှာမူတည်ပြီး အသုံးအစွဲ အနေအထိုင်ကတော့ တစ်ပြေးညီ ဘယ်ရှိနိုင်ပါ့မလဲ”

ကျွန်တော့်စကားအဆုံးတွင် ဖေယျတင်က အထင်သေးသလို ကျွန်တော့်မျက်နှာကို စိုက်ကြည့်သည်။

“မင်းကို ဘွဲ့ရတော့မယ့် နောက်ဆုံးနှစ်တက္ကသိုလ်ကျောင်းသားဆိုပြီး အထင်တကြီးစကားလာပြောမိတဲ့အချိန်တွေအတွက် ငါ သိပ်နှမြောမိတယ်ကွာ၊ မင်းပြောလိုက်တဲ့စကားတွေဟာ မူလတန်းကျောင်းသားလေးတစ်ယောက်ရဲ့ အဆင့်အတန်းလောက်သာ ရှိသေးတာကိုး”

ဖေယျတင်က စော်စော်ကားကားပင်ပြောဆိုပြီး ဆတ်ခနဲထလိုက်သည်။

“ဒီမှာ သင့်ဦးငယ်၊ မင်းသိပ်နုပါသေးတယ်။ ကမ္ဘာကြီးကို လေ့လာပါဦး၊ ငါကမိဘစီးပွားရေးအရ ကျောင်းထွက်လိုက်ရပေမယ့် မင်းထက်ပိုပြီး ကမ္ဘာကြီးအကြောင်းကိုလေ့လာနေတယ်ဆိုတာ မင်းနားလည်ထားစမ်းပါ”

ကျွန်တော်တို့အိမ်ဧည့်ခန်းဆောင်ထဲမှာလာပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောချင်တိုင်းပြောနေသည့် ငယ်သူငယ်ချင်းတစ်ယောက်ကို ငေးစိုက်ကြည့်ရင်း ဒေါသထွက်ရမည့်အစား များစွာကြေကွဲဝမ်းနည်းသွားမိသည်။ တော်ပါသေး၏။ ဧည့်ခန်းထဲတွင် အိမ်သား

http://www.cherrythitsar.org



တစ်ယောက်မှ ရှိမနေသည့်အပြင် အဘိုး၏ ဈာပန ရက်လည်အတွက် ရောက်နေသောဧည့်သည်တစ်စုံတစ်ယောက်မျှရှိမနေခြင်းကို စိတ်သက်သာရာ ရခဲ့သည်။ ဖေယျာတင်က ခြေသံပြင်ပြင်းနင်းကာ အိမ်ပြင်သို့ ထွက်ခွာသွားသည်။ သူအခုလို လာရောက်ပြောဆိုသွားခြင်းမှာ ကျွန်တော့်ကိုသာမက ကျွန်တော်တို့မိသားတစ်စုလုံးက သူ့ဦးလေး ဦးဘအုန်းအပေါ်မှာ ထားရှိခဲ့သည့်စေတနာများကို စော်ကားသွားခြင်းသာဖြစ်သည်။ လူမှုရေး စာနာခဲ့ကြ၍သာ ငွေစာရင်းတွေခဏခဏကွာခဲ့သောဦးဘအုန်းကို သူစိမ်းတစ်ယောက်လို ဟိုတိုင်သည့်တိုင် မတိုင်ခဲ့ကြခြင်းဖြစ်သည်။

ကျွန်တော်တို့ဦးလေး ဦးဇော်ဖေဆိုလျှင် ဘယ်လောက်အထိ ထောက်ထားညှာတာသလဲဆိုရင် . . .

"ကိုဘအုန်းခများမှာလည်း သားဆိုးသမီးဆိုးတွေနဲ့နေရတော့ အိမ်အသုံးစားရိတ်က လောက်ငှမှာမဟုတ်ဘူး။ ဒါကြောင့်လည်း လက်ထဲငွေကိုင်ထားရတာလေးတွေ ဟိုသုံးဒီသုံး ယူသုံးမိတာဖြစ်မှာပါကွာ။ သူ့သား 'ကာလီ' ဆိုတဲ့ကောင်လေးက အိမ်မှာမရှိရှိတာ ပေါင်နှံရောင်းချပြီး လောင်းကစားလုပ်တယ်လို့ ကြားတာပဲ။ သူ့သမီးလေးကလည်း ကိုဘအုန်းတို့လင်မယား တားနေတဲ့ကြားထဲက တင်မောင်မောင်ဆိုတဲ့ အလုပ်အကိုင်မရှိတဲ့ကောင်လေးနဲ့ ခိုးရာလိုက်ပြေးတယ်ဆိုပဲ။ ကဲပါလေ . . . သူလည်းအလုပ်က နားသွားပြီပဲ။ ဒီငွေကွာတဲ့ကိစ္စ ဘာမှစကားဆက်မပြန့်ပါစေနဲ့တော့"

ဟု ကြားဝင် စေ့စပ်ပေးခဲ့သေးသည်။ ဒါတွေကို စောစောကဒေါသတကြီး စော်ကားသွားသည့် ဖေယျာတင်ကြားချင်သိစေချင်မိသည်။ စိတ်ထဲမှာ အတော်ပင်ရှုပ်ထွေးသွားသည်။ ထမင်းစားခန်းထဲသွားကာ သောက်ရေတစ်ခွက်ခပ်သောက်ပြီး အိမ်ရှေ့ပြန်ထွက်၍

http://www.cherrythitsar.org



ဆင်ဝင်အောက်မှ စက်ဘီးတစ်စီးကိုယူကာ မြို့လယ်ပိုင်းနေ ငယ်သူငယ်ချင်းတစ်ယောက်ဖြစ်သည့် ထက်လွင်တို့အိမ်သို့ ထွက်လာခဲ့သည်။ ထက်လွင်တို့က ဓာတ်ပုံဆိုင်ဖွင့်ထားသည်။ သူ့အဖေက ဓာတ်ပုံဆရာဖြစ်သည်။ ထက်လွင်လည်း ယခုလိုကျောင်းအားရက်တွင် ဓာတ်ပုံကူးဆေး ဝင်လုပ်ပေးနေတတ်သည်။ ကျွန်တော်ရောက်သွားတော့ သူတို့အိမ်ရှေ့မျက်နှာစာက ဓာတ်ပုံဆိုင်လေးထဲမှာ စွပ်ကျယ်အင်္ကျီနှင့် လုံချည်တစ်ပတ်နွမ်းလေးဝတ်ကာ သတင်းစာဖတ်နေသည့် ထက်လွင်နှင့်ကြုံရသည်။ သူ့လည်ပင်းမှ ငါးမူးသားရွှေဆွဲကြိုးလေးမှာ ခပ်ဖြူဖြူသူ့အသားအရည်တွင် ပေါ်လွင်နေသည်။

"လာကွာ . . . ထိုင်"

ထက်လွင်က ကျွန်တော့်ကိုနေရာထိုင်ခင်းပေးရင်း လက်ထဲက ဖတ်လက်စသတင်းစာကို နံဘေးမှစားပွဲလေးပေါ် လှမ်းတင်လိုက်၏။

"မင်း အဖေကြီးကောကွ"

ကျွန်တော်ကမေးတော့၊ ထက်လွင်က . . .

"ရှင်ပြုရဟန်းခံတစ်ခုကွာ . . . ။ ဟိုဘက်တာဝရွာက လာခေါ်လို့ ဓာတ်ပုံသွားရိုက်ပေးတယ်။ မင်းဘယ်ကလှည့်လာလဲ"

ဟုပြောရင်း ပြန်မေးသည်။ ကျွန်တော်က . . .

"စောစောလေးတင်ကပဲကွာ . . . ဟိုကောင် . . .ဇေယျာတင် ငါတို့အိမ်ရောက်လာပြီး ငါ့ကိုဒေါသတကြီးနဲ့ ပြောဆိုသွားတာနဲ့ စိတ်ပြေလက်ပျောက် မင်းဆီထွက်လာခဲ့တာပဲ"

ဟု စကားစကာ ကြုံတွေ့ခဲ့ရသမျှကိစ္စကို ပြောပြလိုက်သည်။ ထက်လွင်က ခေါင်းတငြိမ့်ငြိမ့်နှင့်နားထောင်နေသည်။ ကျွန်တော်လည်း ဇေယျာတင်အပေါ်တွင် ဘယ်လိုနားလည်ရမှန်းမသိအောင်

http://www.cherrythitsar.org



ဖြစ်နေမိသည်။ ထက်လွင်က ဇေယျာတင်ကို သူဘယ်လိုယူဆကြောင်း ပြောပြသည်မှာ . . .

"ဇေယျာတင်က ငါ့ကိုပြောဖူးတယ်ကွ၊ သူတို့မိသားစု ခုလို နွမ်းပါးခဲ့ရတာ သူတို့အဘိုးအဘွားလက်ထက်က စီးပွားရေးအဆင်မပြေလို့၊ ဟိုဟာပေါင် သည်ဟာနှံနဲ့ ချစ်တီးတွေဆီမှာ ပိုက်ဆံချေးရင်းက စီးပွားရေးက ကျသထက်ကျလာလို့ ခြံတွေကို ချစ်တီးအသိမ်းခံလိုက်ရတယ်တဲ့။ အခြေပျက်သွားတယ်ပေါ့ကွာ။ ဒါက လွတ်လပ်ရေးမရခင်က သူတို့ခံခဲ့ရတဲ့ကိစ္စ။ ဒီကိစ္စကြီးကို ခုထိ သူတို့မိသားစုက အခဲမကြေတဲ့ သဘောပဲ။ ဇေယျာတင်စိတ်ထဲမှာ ဘိုးစဉ်ဘောင်ဆက် ခုလို အရင်းရှင်ဒဏ်ကိုခံခဲ့ရတာ မကျေမနပ်ဖြစ်နေတာတော့ အမှန်ပဲ"

ဟူ၍ဖြစ်ပါသည်။ ကျွန်တော်က စိတ်ပျက်စွာခေါင်းခါလိုက်မိသည်။

"အခုပဲ ၁၉၅၆ခုနှစ်ရောက်နေပြီကွာ၊ တို့မြို့ကလေးမှာလည်း ချစ်တီးတွေ မရှိကြတော့ပါဘူး။ လွတ်လပ်ရေးရပြီးကတည်းက ရန်ကုန်တက်ပြီး ကြည့်မြင်တိုင်ဘက်မှာ အခြေသွားချကြတယ်လို့ တို့အိမ်က လူကြီးတွေ ပြောကြဆိုကြတာ ငါကြားဖူးပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ . . . မင်းတို့ငါတို့ဟာ ကံစီမံရာနာခံကြရတဲ့ လူသားအချင်းချင်းပဲ မဟုတ်လား၊ တစ်မြို့တည်းသား ငယ်ပေါင်းသူငယ်ချင်းတွေထဲမှာ ဒီလို အာဃာတကိုတော့ မထားသင့်ပါဘူး။ ဇေယျာတင်ကို ငါစိတ်မဆိုးပါဘူး။ သူ့အယူအဆ တင်းမာတဲ့အတွက် ဝမ်းနည်းတာတစ်ခုပဲရှိပါတယ်"

ကျွန်တော်က စိတ်ထဲရှိသမျှ ပြောပြလိုက်မိသည်။ ထက်လွင်က ကျွန်တော့်စကားကိုနားထောင်ပြီး တစ်ခုခုကိုစဉ်းစားနေရင်း တစ်စုံတစ်ရာသတိရလာဟန်ဖြင့် . . .

http://www.cherrythitsar.org



"နေဦးကွ . . . ဇေယျာတင်နဲ့ပတ်သတ်ပြီး ခုတလောမှာ ငါသိထားတာလေးတွေ ပြောပြရဦးမယ်"

ဟု စကားပြန်စသည်။

"ပြောစမ်းပါဦးကွာ . . . ဘယ်လိုအကြောင်းအရာလဲ"

"မင်းသိတဲ့အတိုင်း ငါတို့မြစ်ဝကျွန်းပေါ်ဒေသဟာ ခုချိန်အထိ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်ရတာ ရှိသေးလို့လား။ ဒီမြို့လေးဆို သူပုန်ဝင်စီးတာပဲ နှစ်ကြိမ်ရှိပြီ။ အစိုးရတပ်ကတပ်စွဲထားလို့သာ သူတို့ ပြန်ပြန်ဆုတ်ခွာသွားကြတာ။ တိုင်းပြည်ပြန်လည်ထူထောင်ရေးမှာ ပြည်တွင်းငြိမ်းချမ်းရေးက ကိုယ့်ရေမြေဒေသနဲ့ကိုယ်၊ ကိုယ့်သဘာဝနဲ့ ကိုယ်အရေးပေါ်လိုအပ်နေပြီ ထက်လွင်။ ဇေယျာတင်မှာ အယူအဆ ဝါဒပိုင်းဆိုင်ရာလေ့လာမှုတွေ ရှိသင့်သလောက်ရှိနေပြီဆိုတာ မင်းပြောလို့ငါသိရပေမယ့် အဲဒီအယူဝါဒနဲ့ပတ်သက်ပြီး သူလိုချင်တဲ့ လူတန်းစားလူ့အလွှာ ညီမျှရေးပြဿနာကို ငြိမ်းချမ်းစွာ အဖြေရှာနိုင်ဖို့ သူ့မှာဦးတည်လမ်းကြောင်းတော့မှန်ဖို့လိုမယ်လို့ ငါပြောချင်တယ်။ အယူအဆဝါဒဆိုတာ ခရီးတစ်ခုကိုသွားတဲ့အခါ လမ်းကြောင်းပဲ၊ အတွေးအခေါ်ဆိုတာက အဲဒီလမ်းကြောင်းမှာ ခလုတ်ကန်သင်းဆူး ညှောင့်ကင်းအောင် မြင်နိုင် ကြည့်နိုင် ရှောင်နိုင် တိမ်းနိုင်ဖို့ လိုအပ်တဲ့ အလင်းရောင်ပဲ။ ဇေယျာတင်မှာ ဒေါသမရှိတဲ့အချိန်မျိုးဆို ငါ သူနဲ့ အေးအေးဆေးဆေး ဆွေးနွေးချင်ပါသေးတယ်ကွာ။ ကဲ ... ငါပြန်လိုက်ဦးမယ်ထက်လွင် ... မနက်ဖြန်မနက်ကျ ငါတို့ ခြံဝိုင်းဘက်လာခဲ့ဦးလေ။ အဘိုးရက်လည်ဆွမ်းကျွေး၊ တရားနာရေစက်ချရှိတယ်။ နယ်ကရော၊ ရန်ကုန်က ဧည့်သည်တချို့ပါ ရောက်နေကြတယ်။ သူတို့ပြန်သွားတဲ့အခါကျတော့လည်း ပျင်းစရာကြီးဖြစ်ပြီး ကျန်ရစ်ခဲ့ရဦးတော့မှာပေါ့ကွာ"

http://www.cherrythitsar.org



ကျွန်တော်က ထက်လွင်ကိုနှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ ထို့နေ့က ညဉ့်နက်သည်အထိ ခြံဝိုင်းထဲတွင် ချက်ကြပြုတ်ကြ စီမံကြသူတွေနှင့် ရက်လည်ကိစ္စအတွက် အတော်ညဉ့်နက်ခဲ့ကြသည်။ ညဉ့်နက်ပိုင်းတွင် မေးခနဲအိပ်ပျော်သွားပြီး မနက်စောစောကြီးမှာ ဆရာတော် သံဃာတော်များသွားပင့်ဖို့ ကျွန်တော် အိပ်ရာကထခဲ့သည်။

ရေစက်ချကိစ္စအဝဝပြီးတော့ ဧည့်သည်တွေကို မုန့်ဟင်းခါးနှင့် ဆက်၍တည်ခင်းဧည့်ခံရပြန်သည်။ မြို့ကလေးမှ ကျွန်တော့်သူငယ်ချင်း တော်တော်များများလည်း ရောက်လာကြသည်။

"ဟော့ . . . ဖြူသွဲ့၊ နင့်ညီမ ရီရီမြင့် မပါဘူးလား"

ကျွန်တော်က ဖြူသွဲ့မုန့်ဟင်းခါးထိုင်စားနေသည့် စားပွဲဝိုင်း မှာ ခဏသွားထိုင်ကာ မေးလိုက်တော့ . . .

"သူ လာချင်တယ်ဟ... အိမ်မှာ၊ ဆိုင်အတွက်ဈေးကို ထမင်း ချိုင့်ပို့ဖို့ လုပ်ရင်းကိုင်ရင်း မအားတာနဲ့ကျန်ခဲ့တယ်"

ဟုပြောသည်။ ကျွန်တော်က

"ဖြူသွဲ့လိုတာထပ်ထည့်စားဦးနော်"

ဟု ပြောရင်း . . .

"တော်ကြာကျမှ ရီရီမြင့်အတွက် ချိုင့်နဲ့ထည့်ပြီး ငါလာပို့ပေး လိုက်ပါ့မယ်"

ဟုပြောတော့ ဖြူသွဲ့ပြုံးနေသည်။ ကျွန်တော့်ကို လက်ကလေးနှင့်လှမ်းပုတ်ရင်းက . . .

"ဟိုမှာ မေဇင် . . . သွားနှုတ်ဆက်လိုက်ဦး"

ဟုဆိုသဖြင့် ဖျတ်ခနဲ ကျွန်တော်လှည့်ကြည့်လိုက်တော့ စိုးစိုးအေးတို့နှင့် တစ်ဝိုင်းတည်းဝင်ထိုင်လိုက်သည့် မေဇင့်ကိုတွေ့ရသည်။ မေဇင်ကလည်း ကျွန်တော့်ကိုလှမ်းကြည့်နေသည်။ သူထိုင်

http://www.cherrythitsar.org



နေသည့်စားပွဲဝိုင်းနား ကျွန်တော်ရောက်သွားတော့ . . .

"အိပ်ရေးတွေ ပျက်နေပြီလား"

ဟုပဋိသန္ဓာရပြုသည်။

"အင်း . . . ဒီလိုပဲပေါ့"

ဟုကျွန်တော်က ပြုံး၍ပြောရင်း သူ့ပန်းကန်လေးထဲသို့ မုန့်ဟင်းခါးဟင်းရည်ဇွန်းနှင့် ခပ်၍ထည့်ပေးလိုက်သည်။

"တော်ပြီ . . . များတယ်"

ဟုတားရင်းက ပဲကြော်၊ နံနံပင်နှင့် ငရုတ်သီးအကျက်မှုန့်လေး နည်းနည်းထည့်ကာ ဖြည်းဖြည်းချင်း သူစားနေသည်။

"ဟိုဝိုင်းမှာ ဖြူသွဲ့"

ဟု သူ့ကို ကျွန်တော်ကပြတော့

"တွေ့သားပဲ . . . ခုနက စကားပြောနေကြတယ် မဟုတ်လား"

ဟု မေဇင်ကမေးသည်။

"ဖြည်းဖြည်းစားနော်"

ဟု မေဇင့်ကိုပြောရင်း တခြားဝိုင်းများကို ဟင်းရည်လိုက်ရန် ဝိုင်းကူးခဲ့ရသည်။ ဧည့်သည်တွေ တော်တော်လေးစားသောက်ပြီးကြတော့မှ တချို့လည်း နှုတ်ဆက်၍ပြန်သွားကြတော့မှ ကျွန်တော်တို့အိမ်က ဝိုင်းလုပ်ဝိုင်းစား မစိန်နှစ်ကို ဟင်းရည်ရောမုန့်ပါ သုံးဆင့်ချိုင့်နှင့် တစ်ချိုင့်ထည့်ပေးရန်ပြောလိုက်သည်။ မစိန်နှစ် ချိုင့်လာပေးတော့ ရီရီမြင့်အတွက်ပို့ဖို့ ကျွန်တော်ထွက်လာခဲ့သည်။

"နင် ဘယ်အချိန်ကအိမ်ပြန်ရောက်လဲ၊ မေဇင်နဲ့နင် ပြန်သွားတာတောင် ငါမသိလိုက်ဘူး၊ ဧည့်သည်တွေက များလွန်းလို့"

အိမ်ပေါ်တက်တက်ချင်း အဝတ်အစားလဲပြီးစ ဖြူသွဲ့ကိုမြင်

http://www.cherrythitsar.org



တော့ ကျွန်တော်ကလှမ်းမေးလိုက်သည်။

"ငါပြန်ရောက်တာ သိပ်မကြာသေးဘူး။ လာလေ . . .ခဏ ထိုင်ပါဦး၊ ရီရီမြင့် ပြန်လာလိမ့်မယ်။ ဈေးခဏသွားနေတယ်၊ ဘုရားပန်းအိုးလဲဖို့ ဂန္ဓမာပန်းတွေ သွားဝယ်တာ"

ဖြူသွဲ့နှင့်မလှမ်းမကမ်းမှာ ကျွန်တော် ဝင်ထိုင်လိုက်သည်။

"နောက်ရက်ဆို နင်တို့ခြံမှာဧည့်သည်တွေ ပါးသွားတော့မှာပေါ့"

ဟု ဖြူသွဲ့ကမေးတော့ ကျွန်တော်ခေါင်းညိတ်ပြရင်း

"တချို့ကလည်းဟာ နာရေးဆိုပြီးတော့ အဘိုးအတွက် အကူငွေတွေဘာတွေထည့်ကြတယ်။ ငါတို့မိသားစုက လက်မခံချင်ပေမယ့် အဘိုးအတွက်ရည်စူးပြီး ဘုရားကျောင်းကန် သံဃာတော်တွေကိုလှူတဲ့အထဲ ရောထည့်ပေးလိုက်မယ်ဆိုပြီး လက်ခံလိုက်ရတယ်"

ဟုပြောပြမိသည်။

"အေးလေ . . . အဘိုးရဲ့ တပည့်တပန်းတွေကလည်း အများသား မဟုတ်လား"

ဟု ဖြူသွဲ့ကပါပြောသည်။ ဖြူသွဲ့က ကျွန်တော့်အတွက် ရေနွေးကြမ်းပူပူတစ်ခွက်ငှဲ့ချပေးတာ ခပ်ဖြည်းဖြည်းသောက်ရင်းက သူ့မျက်နှာကို ဖြတ်ခနဲဝေ့ဝဲကြည့်လိုက်မိသည်။ မနေ့က ဖြူသွဲ့ပြောထားသောစကားတစ်စကို ကျွန်တော်ပြန်လည်ကာ သတိရမိ၍ဖြစ်သည်။

"ဖြူသွဲ့ . . ."

ဟု သူ့ကို ခပ်တိုးတိုးခေါ်လိုက်မိသည်။ သူက ကျွန်တော့်ကို ဝံ့ဝံ့စားစားပင်ပြန်ကြည့်သည်။

"ဘာလဲဟင်"

http://www.cherrythitsar.org



ဟု မေးသည်။

“မနေ့က နင့်ဆီငါလာတုန်းမှာ နင်ပြောလိုက်တဲ့ စကားတစ်ခွန်းက ဘာအဓိပ္ပါယ်မှန်း မသိလို့”

ဟု ကျွန်တော်ပြောတော့ သူက မျက်လုံးလေးအဝိုင်းသားဖြစ်ပြီး စဉ်းစားရင်း . . .

“အင်း . . . ငါဘာများ ပြောလိုက်မိပါလိမ့်”

ဆိုကာ ပြန်တွေးနေပုံရသဖြင့် ကျွန်တော်ကပင် စကားစပြန်ကောက်ပေးလိုက်သည်။

“တစ်ခုခုအမှတ်တရ ကျွေးရမယ်၊ ဘာကြောင့်လဲဆိုတော့ ငါ့ဘဝရဲ့ အမှတ်တရနေ့ . . . ဆိုတဲ့ စကားလေ။ အဲဒါဘာအဓိပ္ပါယ်လဲ ငါ့ကို နားလည်အောင် သေသေချာချာပြောပြစမ်းပါဦး”

ဟုပြောတော့မှ သူပြန်သတိရသွားဟန်တူပြီး

“နင် ယုံမလားဟင်”

ဟု မေးပြန်သည်။

“ဘာမှန်းမှ မသိသေးဘဲနဲ့ ငါက ဘာကိုယုံရမှာလဲဟာ” ဟုကျွန်တော်ပြောတော့ သူက သက်ပြင်းလေးတစ်ချက်ချရင်းက ခပ်တိုးတိုးပြောသည်။

“မေဇင်လေ . . .”

“မေဇင် ဘာဖြစ်လို့လဲ”

“သူ . . . နင့်ကို သံယောဇဉ်ရှိနေတယ်ဆိုတာ ငါသိလိုက်မိလို့ပါ”

ကျွန်တော့်တစ်ကိုယ်လုံး ဆတ်ခနဲတုန်သွားသည်။

“ဖြူသွဲ့ကလည်းဟာ . . . တို့ ငယ်သူငယ်ချင်းတွေ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ရှိကြတာ၊ ခင်ကြတာ ခုမှ မှ မဟုတ်

http://www.cherrythitsar.org



တာ။ နှစ်တွေကြာခဲ့ပြီပဲ မဟုတ်လား”

ဟု ကျွန်တော်က ဖြူသွဲ့ကိုပြောတော့ ညင်သာစွာ ခေါင်းလေးခါပြသည်။

“မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို လေးစားတယ်ဆိုရင် နင် သူ့ကို အထင်မသေးလိုက်နဲ့နော် . . . ငါပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ မေဇင့်ရဲ့ သံယောဇဉ်ဟာ သူများတကာထက်ပိုတဲ့ သံယောဇဉ်ဖြစ်နေလို့ပါ သင့်ဦးငယ်ရယ် . . . ”

အိမ်ဧည့်ခန်းဆောင်ထဲဝယ် ခေတ္တမျှ တိတ်ဆိတ်သွားသည်။

“ဘယ်လိုကြောင့်များ ဒီထင်မြင်ချက်ကို နင်ယူဆနိုင်တာလဲ ဟင် ဖြူသွဲ့”

ကျွန်တော်က ရုတ်တရက်လှုပ်ရှားလာသော စိတ်ကို အတတ်နိုင်ဆုံး ထိန်းသိမ်းရင်းက မေးလိုက်မိသည်။

“ငါတို့ မိန်းကလေးချင်းသာ နားလည်ရိပ်စားမိလိုက်နိုင်တဲ့ သူ့ရဲ့ သံယောဇဉ်ပါ။ နင်က နင့်အဖေအလုပ်သွားလုပ်နေတဲ့ အင်္ဂလန်ကို စိတ်ပြေလက်ပျောက် ခဏလောက်လိုက်သွားလို့ရရင် သွားချင်တယ်လို့ မနေ့ကပြောတဲ့အခါ မေဇင်ကဘာပြောလိုက်လဲဆိုတာ နင်မှတ်မိမှာပေါ့။ နင်နဲ့အတူလိုက်သွားချင်တယ်ဆိုတဲ့ စကားလေ။ အဲဒါ နင့်အပေါ်မှာထားတဲ့ မေဇင်ရဲ့ ထူးခြားတဲ့သံယောဇဉ်ပဲ။ ဘယ်လိုမှ ဖုံးကွယ်လို့မရဘဲ မတော်တဆပွင့်ထွက်လာတဲ့ အတွင်းစိတ်ပဲ။ ညက ညဉ့်တော်တော်နက်တဲ့အထိအိပ်မပျော်ဘဲ အဲဒီမေဇင်ရဲ့အတွင်းစိတ်အကြောင်းကို ငါတွေးနေမိသေးတယ်။ တကယ်တမ်းတွေးကြည့်တော့ ငါ့ကိစ္စမှမဟုတ်တာ၊ ငါနဲ့မှမဆိုင်တာ၊ ရယ်စရာကြီးဖြစ်မနေပေဘူးလား။ ငါတော်တော်ခက်တယ်။ ကိုယ့်ကိစ္စမဟုတ်တာ၊ ကိုယ့်အလုပ်မဟုတ်တာကိုမှ . . .”

http://www.cherrythitsar.org



ဖြူသွဲ့အသံ တစ်စထက်တစ်စ တိုးလျတိမ်ဝင်သွားပြီး နှင်းဆီအသွေးနုတ်ခမ်းပါးလေးများပင် မသိမသာတုန်ယင်လာကာ သူမ၏မျက်ဝန်းအိမ်မှာ ဆွေးလျရိပ်ကလေး ပြေးဝေ့လာသည်ကို ကျွန်တော်မျက်ဝါးထင်ထင် မြင်လိုက်ရသည်။ ကျွန်တော်ခြေဖျားလက်ဖျားများပင် အေးစက်လာသည်။ နံနက်ခင်းကြီးမှာပင် ကြိုတင်မျှော်လင့်မထားသော အိပ်မက်တစ်ခုကို ကျွန်တော်မြင်မက်ခဲ့ရပါပေါ့လား။ ကျွန်တော် ဘာဆက်ပြောရမှန်းပင် မသိတော့။ ထို့ကြောင့် ဖြူသွဲ့ကို နှုတ်ဆက်လိုက်သည်။

"နောက် ကြုံတော့မှ တစ်ယောက်ယောက်နဲ့ ချိုင့်လေးပြန်ပို့ခိုင်းလိုက်တော့ဟာ . . . ငါပြန်လိုက်ဦးမယ်။ အိမ်မှာ အလှူပစ္စည်းတွေသွားပြီးဝိုင်းဝန်းသိမ်းဆည်းပေးလိုက်ဦးမယ်"

ဟုဆိုကာ ဖြည်းညင်းလေးတွဲ့စွာ ထိုင်ရာမှထလိုက်မိသည်။

အို . . . ဖြူသွဲ့မျက်ဝန်းမှာ မျက်ရည်စတွေနဲ့ပါလား။ ကတုန်ကယင်ဖြင့် လှေခါးထစ်လေးများအတိုင်း ကျွန်တော် သူမတို့အိမ်ပေါ်မှဆင်းလာခဲ့သည်။ စက်ဘီးကို သတိထားရင်းနင်းလာခဲ့သည်။ လမ်းမှာ ဈေးကပြန်လာသောရီရီမြင့်နှင့် တွေ့လိုက်ရသေးသည်။ သူမ၏လက်ထဲမှာ ဂန္ဓမာပန်းဝါဝါတွေက ဝေလို့။

"နင်တို့အိမ်မှာ နင့်အတွက် မုန့်ဟင်းခါးတစ်ချိုင့် ပို့ပေးထားခဲ့တယ်"

ဟုပြောကာ ဆက်နင်းလာခဲ့သည်။ အိမ်ရောက်တော့ ဧည့်သည်တချို့က ရှိနေဆဲ။ အိမ်ပေါ်ထပ်သို့ တက်လာပြီး အိပ်ခန်းတံခါးကိုစေ့ကာ ခုတင်ပေါ်မှာ ကယောင်ချောက်ချား လဲလျောင်းလိုက်မိသည်။ မျက်လုံးတွေကြောင်နေသည်။

ဘဝမှာ မိသားစုကြီးတစ်ခုကြား နေထိုင်ရင်းကြီးပြင်း၊

http://www.cherrythitsar.org



ကျောင်းစာတွေထဲ နှစ်ထားခဲ့ရင်းက တက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသားဘဝရောက်သည့်တိုင် ကျွန်တော့်သဏ္ဌာန်သည် တက္ကသိုလ်ကျောင်းသားတော်တော်များများနှင့် ခြားနားလေပြီလား။ ကျောင်းမှာ သူငယ်ချင်းတချို့ အင်းလျားရေရိပ် မြက်ခင်းလဲ့လဲ့မြေညီညီတွင် ချစ်သူကြင်သူ မြတ်နိုးရလေသူဟုဆိုသော မိန်းမချောလေးတချို့နှင့် တွဲယှဉ်သွားလာနေကြတာ မြင်ဖူးသား။

တချို့လည်း အသည်းကွဲသီချင်းလေးများပင် ညည်းညူရကြလေသူတွေ ရှိတတ်ပြန်သည်။ ဒါတွေဟာ ကျောင်းသားဘဝ ဖြစ်လေ့ဖြစ်ထဆိုတာတော့ ယေဘုယျအားဖြင့် ကြားဖူးနားဝအရ တက္ကသိုလ် ပထမနှစ်မတက်မီကပင် ကျွန်တော်သိထားပြီးသား။

စိတ်နှင့်လည်း ဆိုင်ခဲ့လေမည် ထင်ပါ၏။ကျွန်တော့်စိတ်ထဲတွင် ကျိတ်ခဲမရှင်စရာ ဘာတစ်ခုမှ မကြုံမဆုံခဲ့ရသေးခြင်းကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ဖြူသွဲ့ပြောစကားအရ မှန်သည်ဆိုသော်ငြား မေဇင့်စိတ်ထားကို ခတုံးခိုကာ ကျွန်တော့်ကိုယ်ကျွန်တော် တိတိပပမော်မော်ကြွားကြွားကြီးလည်း ဖြစ်သွားစရာအကြောင်းမရှိ။ သို့သော် မေဇင့်ကိုတော့ လျစ်လျူပြုရက်သောစိတ်ထားလည်း သည်နေ့မှစ၍ ကျွန်တော့်မှာ မရှိပြန်။

ဖြူသွဲ့စကားအရ မေဇင့်ကို ထူးထူးကဲကဲပင် ကျွန်တော်အရေးထားရမည့်ကာလ၏အစ ဟုလည်းဆိုချင်ပါ၏။ အစပထမကတော့ ကိုယ့်ဘဝကိုယ် Solitary Life အထီးကျန်ဆန်သည်ဟု ထင်ခဲ့မိသည်များကပင်လျှင် ယခုပစ္စက္ခသမယ၌ သင်ပုန်းချေလိုက်ရတော့ မလိုရင်ဖိုစွာကြုံတွေ့ရပြန်သည်။ ဘဝမှာ ထူးခြားသော သံယောဇဉ်ဆိုတာ ရှိပါသေးလား၊ သီးသန့်အဖော်မွန်ဆိုတာ ရှိပါသေးလားဆိုတာ

http://www.cherrythitsar.org



သိတတ်ဖို့ ဖြူသွဲ့က ကျွန်တော့်စိတ်တံခါးတစ်ချပ်ကို ဖွင့်ပေးလိုက်ပြီ ဖြစ်သည်။

ကျွန်တော် အံ့အားတသင့်ဖြစ်နေမိတာတစ်ခုတော့ဖြင့် ရှိသေးသည်။ မေဇင်၏ သံယောဇဉ်အကြောင်းပြောရင်း ဘာကြောင့်များ ဖြူသွဲ့၏ နှင်းဆီအသွေးနှုတ်ခမ်းပါးလေးတွေ တဆတ်ဆတ်တုန်ယင်လာကာ အသံတွေတိုးတိတ်တိမ်ဝင်သွားရပါသလဲ။ ထို့အတွက်မူ ဖြူသွဲ့ကို အကြောင်းရင်း ကျွန်တော်မမေးမိခဲ့။ မမေးရက်ခဲ့။ ဒါကြောင့်လည်း ထူးခြားတဲ့ အိပ်မက်နှယ်ဟုပင် ကျွန်တော့်ရင်တွင် ခံစားခဲ့ရခြင်း ဖြစ်သည်။

ဖြူသွဲ့ဘာကို ဆို့နင့်လှိုက်လှဲသွားရပါသလဲ။ ပူဆွေးဆန်လွန်းသော ကျွန်တော့်ပတ်ဝန်းကျင်ပါတကား။ ပြီးတော့ သူမ၏မျက်ဝန်းအိမ်ထဲတွင် မျက်ရည်တွေကလည်း ရစ်ဝဲသီးခိုလို့။ အသိရခက်ခဲ နက်နဲသိမ်မွေ့ ညင်သာလွန်းလှစွာသော မိန်းကလေးတို့၏ ရင်တွင်းပဋိပက္ခ Inner Conflict ကို လှစ်ဟဆန်းစစ်ဖို့ ကျွန်တော့်နှလုံးသားများ စတင်လှုပ်ရှားရပေသောနေ့တစ်နေ့ဟူ၍သာ သည်နေ့ကို ဝိသေသပြုရပေတော့မည်။ ကျွန်တော် ဘဝင်မမြင့်ပါ။ ကိုယ့်ကိုယ်ကိုယ်လည်း အလွန်အကဲအထင်တကြီးရှိလှသော လူရွယ်တစ်ယောက် မဟုတ်ရပါ။ ကျွန်တော်သည် ယခုမြို့ကလေးတွင် ဘာမှသိပ်ထူးခြားလှသော လူရွယ်တစ်ဦးလည်း မဟုတ်သေးပါ။ သူလိုကိုယ်လို သာမန်လူရွယ် တစ်ယောက်မျှသာ။

အသက်အရွယ်အရသော်လည်းကောင်း၊ ဖြတ်သန်းခဲ့ရသောလူငယ်ဝန်းကျင် တက္ကသိုလ်လာမြကျွန်းသာမှာ ပညာရှာခဲ့ရာ လေးနှစ်တာ အတွေ့အသိတချို့ကြောင့်သော်လည်းကောင်း၊ မေဇင်၊ ဖြူသွဲ့နှင့် ကျွန်တော်တို့၏ကြားမှာ မမြင်သာအောင် ယှက်နွယ်ဆက်သွယ်

http://www.cherrythitsar.org



နေသည့် Megicstic Concious ပဉ္စလက်ဆန်လှသည့် စိတ်အလျဉ်ကို တဖြည်းဖြည်းချင်း ကျွန်တော် အသေးစိတ်တွေးဆ ဆန်းစစ်နေမိသည်။

Situation တိုက်ဆိုင်မှုဆိုရပေလိမ့်မည်။ မေဇင်က ကျွန်တော် ဟိုအဝေးကြီးကိုသွားလျှင် တစ်ဖဝါးမကွာလိုက်ချင်ပါသည်ဟူသည့် စေတသိက်ကို မမျှော်လင့်ဘဲ ဖြူသွဲ့သိလိုက်ရချိန်ကျမှ ကာလအတန်ကြာကတည်းက သူမ၏ရင်ထဲတွင် သိုဝှက်ထားခဲ့ဟန်တူသည့် ကျွန်တော်နှင့် ဆက်နွယ်နေသော သံယောဇဉ်သည်လည်း မေဇင်နှင့် ထပ်မျှနိုးကြားခဲ့ရှာဟန်တူပါ၏။

အချစ်သည် မူလဘူတအားဖြင့် သတ္တလောကကြီးဝယ် ကျားရယ်မရယ်မဟူ ဖြူစင်ကာ Innocent အပြစ်ကင်းစင်သည်သာ ဖြစ်၏။ မေဇင့်မှာလည်း အပြစ်မရှိ။ ဖြူသွဲ့မှာလည်း အပြစ်ကင်းစင်ပေသည်။ ကျွန်တော့်အတွက်မူ ဖြစ်လေ့ဖြစ်ထရှိမြဲ လောကဝဲဂယက်ကြားထဲတွင် မထင်မှတ်ဘဲ အသည်းတနင့်မျှ ရောက်ရှိခဲ့ရပြီဟုသာ စေ့ငုမိပါ၏။ မသိကျိုးကျင် တုံဏှိဘာဝေ ကျွန်တော်နေလိုက်လျှင်လည်း လိပ်ခဲတည်းလည်းဖြင့်ပင် မေဇင်နှင့်ဖြူသွဲ့တို့နှစ်ဦးသားကြား တစ်စတစ်စ ကျွန်တော်ဆိုသော သမုဒယအရိပ်သင်္ကာန်တစ်ခုသည် မပီဝိုးတဝါး မှုန်ဝါးပျောက်ကွယ်သွားလိမ့်မည်သာ ဖြစ်ပါ၏။

ကျွန်တော်တွေးနေသည်။ တစိမ့်စိမ့်ပင် ပြန်လည်၍တွေးနေမိသည်။ ရန်ကုန်မှာ လေးနှစ်တာမျှ ဇာတိမြို့ကလေးက ငယ်ပေါင်းသူငယ်ချင်းတစ်စု ပညာရှာသမှုပြုခဲ့စဉ်ကာလအတွင်း အချင်းချင်းဆုံစည်းမှုကလည်း ရံခါမျှသာ။ အကြောင်းကိစ္စရှိမှသာ မေဇင်တို့ ဖြူသွဲ့တို့ရှိရာ မိန်းကလေးများအဆောင်သို့ ညေ့ချိန်အတွင်း ကျွန်တော်ရောက်သွားတတ်၏။ မှတ်မှတ်ရရ တစ်ကြိမ်တွင် ပဲခူးသို့ ဘုရားဖူး တစ်စုတစ်

http://www.cherrythitsar.org



ဝေးထွက်ခဲ့ဖူးကြပြီး နှစ်ကြိမ်သုံးကြိမ်မျှ ရန်ကုန်မှ သန်လျင်ကို သင်္ဘောစီးပြီး သန်လျင်မှကျောက်တန်းရေလယ်ဘုရားသို့ မော်တော်ကားဖြင့် တပျော်တပါး အတူတကွ သွားခဲ့ကြဖူးသည်။ ဒါကလည်း သူငယ်ချင်းတွေအများကြီးနှင့်သွားခဲ့ကြရခြင်းဖြစ်သည်။ တက္ကသိုလ်ကျောင်းသူများတွင် ဖြစ်လေ့ဖြစ်ထ ကြုံလေ့ကြုံထရှိကြမြဲဘာဝ၊ မေဇင်တို့ဖြူညွှဲ့တို့တွင် အဖော်သဟာ ချစ်ခင်ကြင်နာလေသူ အရေးတယူဖေးကူမည့်သူ ရှိကောင်းရှိနေကြပေလိမ့်မည်ဟုပင် တစ်ခါက ကျွန်တော်မှန်းဆထင်ခဲ့ဖူးသေးသည်။

သို့သော်လည်း ကျွန်တော့်ဘက်က ထင်တရေးရေးအတွေးမျှသာဖြစ်၍ သူတို့ကိုလည်း တစ်ခါမျှ ဖွင့်ဟစေ့ငုခြင်း မပြုမိ။ ကိုယ့်ကိစ္စလည်း မဟုတ်၍သာဖြစ်သည်။ ကျွန်တော်ကိုယ်၌မှာမူ မိခင်ကြီးတိမ်းပါးသွားပြီးသည့်နောက်ပိုင်း တစ်နိုင်ငံမြို့ယံခြားသို့ မကြာခဏသွားကာ လုပ်ငန်းဆောင်တာလုပ်ကိုင်ကာ ပရိယေသန ရှာဖွေနေရသည့်ဖခင်အပေါ် လွမ်းစိတ်ဝေမိသည့်အခါ ဝေမိသလို၊ မြို့ကလေးတွင်ကျန်ရစ်ပြီး ကျွန်တော်၏ပညာရေးအတွက် အထောက်အပံ့အစောင့်အရှောက်ပေးနေသည့် ယခုကွယ်လွန်သွားရှာသူ အဘိုးကိုသာသတိတရရှိနေတတ်ခြင်းတို့အပြင် ကျောင်းစာများ၌သာ နစ်နေခဲ့ရခြင်းတို့မှတပါး တခြားစိတ်အစဉ်များ ဝေဝါးခြင်းကင်းခဲ့သည်သာပင်။

သည်နေ့မှာတော့ဖြင့် ကျွန်တော်၏လူ့ရွယ်ဘဝ ကာလရှည်ကြာ ငြိမ်ဆိတ်အိပ်ပျော်နေခဲ့ရသည့် နှလုံးသား၏လှုပ်ရှားမှု အစပြုသည့်ပထမနေ့တစ်နေ့ဟုသာ ကျွန်တော်နားလည်ခံစားရပါသည်။ သာမန်ရုပ်ဝတ္ထုမဟုတ်သော စိတ်သုံးခု၏အနုသယ သမုဒယဖြစ်စဉ်ကား ဆန်းပြားလွန်းနေပေသောကြောင့်လည်း ကျွန်တော် ဘယ်သူ့ကိုတကယ် တနင့်မျှချစ်မိနိုင်မည်လဲဆိုသည့် ဒွန်တွဲခြင်း ရင်တွင်းပုစ္ဆာ

http://www.cherrythitsar.org



အရှုပ်အထွေးကမ္ဘာကြီးနှင့် အံ့အားတသင့် ကျွန်တော်ရင်ဆိုင်နေရခြင်းပင်ဖြစ်၏။

အမှတ်ထင်ထင် တကယ်ပင်ဝေးကြရမှ တိတိပပ ဘယ်သူ့သံယောဇဉ်က ပိုသည်ဆိုခြင်းကို ပိုသိရမည့်အခြေအနေမို့ ကျွန်တော့်အဖို့ ဖေဖေ့ဆီလိုက်သွားရန်ကိစ္စကိုသာ လောလောဆယ် ဝါယမစိုက်ရပေဦးမည်။ အဆင်သင့် စာအိတ်ထဲထည့်ပြီးသားစာက မှတ်စုစာအုပ်ကြားထဲမှာ ရှိနေသည်။

ဒီနေ့တော့ စာတိုက်သွားဖို့ အချိန်လင့်ပြီ။ မနက်ဖြန်မှ ဖေဖေ့ဆီစာထည့်ရမည်။ ဖေဖေ့ထံ ခေတ္တခဏလိုက်သွားခြင်းသည် ယာယီအားဖြင့် ကျွန်တော်ခံစားနေရခြင်းအတွက် ထွက်ပေါက်ဝိမုတ္တိတစ်ခုဖြစ်ပါ၏။ အဘိုး၏စျာပနသို့ ဧည့်သည်အဖြစ်ရောက်လာကြသောပညာရေးအသိုင်းအဝိုင်းမှပုဂ္ဂိုလ်တချို့၏ ဆွေးနွေးဖလှယ်ပြောဆိုမှုများကြားထဲဝယ် နိုင်ငံခြားတက္ကသိုလ်ပညာရေးစနစ်နှင့် ထိုတက္ကသိုလ်များတွင် ဝင်ရောက်ပညာသင်ခြင်းတည်းဟူသော အတွေ့အကြုံကိုလည်း ကျွန်တော်စိတ်ကူးဆန့်ကာ ဆန္ဒဖြစ်တည်နေမိ၏။ ဖေဖေ့ဆီရောက်လျှင် ဖေဖေနှင့် တိုင်ပင်ကာ အဆိုပါပြည်ပတက္ကသိုလ်များအားအပြင်ပန်းမှ တစ်စေ့တစ်စောင်း သွားရောက်အကဲခတ် လေ့လာလိုစိတ်လည်း ရှိနေသည်။ ကျွန်တော်ရည်မှန်းထားတာတွေကတော့ လောလောဆယ် ရင်ထဲဝယ် အသွယ်သွယ် အတန်းတန်း။ ခြံထဲသို့ ပြတင်းမှတစ်ဆင့် လှမ်းကြည့်လိုက်သည်။ ထပ်တစ်ရာ ပန်းကလေးများကားဝေဆာနေလေ၏။ ပန်းများတွင် တစ်မျိုးနှင့်တစ်မျိုးမတူသလိုအရောင်အဆင်အသွင်အပြင်ချင်းလည်း ကွဲပြားသည်။ လူတွေရဲ့ စိတ်အသွင်လိုပင်။ ထို့ကြောင့် စိတ်အယူအဆချင်းမတူနိုင်သော သူငယ်ချင်းများကြားထဲတွင် တချို့ကိစ္စများကို မိမိတစ်ကိုယ်တည်းသာ ကျွန်

http://www.cherrythitsar.org



တော်တွေးဆစဉ်းစားသည်။ တစ်ကိုယ်ရည်ဖြေရှင်းဆင်ချင်သည်။ မေဇင်၊ ဖြူသွဲ့နှင့် ကျွန်တော့်ဘဝတစ်ကဏ္ဍအတွက်လည်း ကျွန်တော် တစ်ယောက်တည်းပင် တွေးဆနေချင်သည်။ စဉ်းစားနေချင်သည်။ ဘယ်သူငယ်ချင်းနှင့်မှ ဖွင့်ဟတိုင်ပင်သင့်သောကိစ္စမျိုးလည်း မဟုတ်ပေ။ မသင့်။ မိန်းကလေးနှစ်ဦး၏ဂုဏ်သိက္ခာပိုင်းကို စာနာထောက်ထားရမည်။

ခြံဝင်းထဲမှ ပန်းခင်းလေးများကား မျက်စိပသာဒကို အေးမြစေလေသည်။ သစ်ရွက်ကြိုသစ်ရွက်ကြားမှာ ပျံဝဲသွားလာနေကြသော ငှက်ကလေးတွေကလည်း လွတ်လပ်လို့။ သက်ရှိသတ္တဝါထဲမှာ ဗာဟီရကိစ္စ၊ ဗျာပါဒ၊ သောကအများဆုံးက လူတွေပဲဖြစ်ပေလိမ့်မည်။ လူတစ်ယောက်ရဲ့ လူ့ကိစ္စတွေအများဆုံးထဲမှာ ခုဆိုရင် ကျွန်တော့်ကို ပင်ကြည့်ဦးတော့။ ကျွန်တော့်မှာ လူရွယ်ဘဝ နှလုံးသားရေးရာ ပြဿနာ ရှိလာခဲ့ရပြီမဟုတ်လား။

အိပ်၍လည်း ပျော်လိမ့်ဦးမှာမဟုတ်သည့်အတွက် အိမ်အောက်ထပ် ခဏပြန်ဆင်းလာခဲ့ပြီး မနက်ဖြန်ဆို တဖွဲဖွဲ လာရာအရပ်သို့ ပြန်ကြတော့မည့် အဘိုး၏တပည့်တပန်း၊ မိတ်သင်္ဂဟ၊ သားချင်းဧည့်သည်များကြားထဲ သွားထိုင်ကာ သူတို့ပြောတာဆိုတာ နားစွင့်နားထောင်ရင်း စိတ်ကိုအာရုံပြောင်းပစ်လိုက်သည်။ မိသားစုကိုအကဲခတ်တော့ အဘိုးဆုံးသည့်နေ့မှစ၍ ယခုရက်လည်သည့်နေ့အထိ အိမ်သားအားလုံးလည်း ကိုယ်စီကိုယ်င ပင်ပန်းနွမ်းနယ်နေကြပြီဆိုသည်ကို သတိထားမိသည်။ လူမှုရေးကိစ္စတွေကို ကျွန်တော်တို့ မြို့ကလေးမှာ အားပါးတရ နေ့ရောညပါလိုက်လံဆောင်ရွက်တတ်သည့် ဘကြီးစိန်ဟန်ပင်လျှင်တော်တော်ပင်ပန်းနေပြီထင်၏။ အိမ်အောက်ထပ် ထောင့်ကျကျက ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ခေါင်းကလေး

http://www.cherrythitsar.org



ငှဲ့စောင်းကာ မောမောလျလျအိပ်မောကျနေတာ မြင်ရသည်။

ခြံဝင်းထဲတွင်ကား အိုးခွက်ပန်းကန်များ ဆေးကြောသိမ်းဆည်းသူတွေနှင့် ယောက်ယက်ခတ်နေသည်။

ကျွန်တော်တို့ဆီစက်အလုပ်သမား မိသားစုဝင်တချို့ကား တန်းလျားမှာကျန်ရစ်သူမိသားစုများအတွက် မုန့်ဟင်းရည်နှင့် မုန့်ဖတ်လက်ကျန်များကို ချိုင့်များဖြင့်သယ်ယူနေကြသည်။

တောအလှူမို့ ပိုပိုသာသာချက်ထားသောကြောင့် တဝကျွေး၊ တဝစားကာ အပိုအလျှံများကို သယ်ယူနိုင်ကြခြင်းဖြစ်သည်။

ခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိနေသော ဆီစက်အလုပ်သမားမိသားစုများနှင့် ကျွန်တော်တို့ခြံဝိုင်း၏ဆက်ဆံရေးကို ဖေယျတင် မြင်စေချင်သည်။

ဖေယျတင်ရင်ထဲက နိုင်ငံရေးအယူအဆ၊ သူယုံကြည်သောဝါဒ၊ သူ၏လူမှုဗေဒအမြင်ကို ကျွန်တော် တိတိပပသိခွင့်မရသေး။

အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံလူတန်းစားနှစ်ရပ်ကတော့ ဘယ်ရေမြေတောတောင်မှာမဆို ခေတ်ကာလအဆက်ဆက်ရှိနေမှာသာ ဖြစ်သည်။

အုပ်ချုပ်ခံလူတန်းစားထဲတွင် မိဘမျိုးရိုးအစဉ်အလာအရစုမိဆောင်းမိပိုက်ဆံပိုရှိသော လူတန်းစား၊ လခစားဝန်ထမ်း လူတန်းစား၊ အတတ်ပညာအသိပညာဖြင့် ဝမ်းစာရှာရသော လူတန်းစား၊ ဘဝအခြေအနေ ရေခံမြေခံအသိုင်းအဝိုင်းအခြေအနေအရ နေ့စားအလုပ်သမား လူတန်းစား၊ တောင်သူလယ်လုပ် ဓားမခုတ် မိရိုးဖလာလူတန်းစား၊ ပုဂ္ဂလိက ကျပန်းအလုပ်သမားလူတန်းစားဆိုတာတွေပါဝင်နေပေသည်။ ကျွန်တော်တို့မိသားစုပိုင် ဆီစက်ဆိုတာလည်း အအုပ်ချုပ်ခံလူတန်းစားထဲမှာသာရှိနေသော မိသားစုတစ်ခုပင် ဖြစ်

http://www.cherrythitsar.org



သည်။ ဒီသဘောတရားကိုတော့ဖြင့် ဖေယျာတင် သဘောပေါက်သင့်သည်။

သီပေါမင်းတရား ပါတော်မူသွားပြီးနောက်ပိုင်းကို မဆိုထားနှင့် ရှေးပဝေသဏီဘုရင်အဆက်ဆက် ထီးနန်းစံအုပ်ချုပ်ခဲ့သော ကာလများကတည်းက အုပ်ချုပ်ခံလူတန်းစားဆိုတာက ကျွန်တော်ပြောခဲ့ပြီးသလိုပင် ကျွန်တော်အကြမ်းဖျင်းပြောခဲ့သမျှ လူတန်းစားတို့က ပါဝင်နေခဲ့ကြသည်။

အင်္ဂလိပ်အုပ်ချုပ်သော ခေတ်၊ ဂျပန်တို့ယာယီကြီးစိုးသွားသော ခေတ်၊ ယခုလွတ်လပ်ရေးရပြီးတာ ၁၀နှစ်စွန်းစွန်းမျှသာကြာသေးသောခေတ် ထိုခေတ်အားလုံးတွင် အုပ်ချုပ်သူနှင့် အအုပ်ချုပ်ခံလူတန်းစားနှစ်ရပ်ဖြင့်သာ ကျွန်တော်တို့ ရှင်သန်ရပ်တည်ခဲ့ရသည်။

ဖေယျာတင်စိတ်ထဲတွင် တိမ်းညွတ်ချင်သလို ဖြစ်နေသော လက်ဝဲဝါဒ၊ လက်ဝဲဝါဒီများ၏ ပါတီတစ်ခုဆိုပါတော့။ ပါတီတွင်း စည်းမျဉ်းစည်းကမ်းအရ ဦးဆောင်ဦးရွက်ပြုသူနှင့် ဦးဆောင်မှုကို ခံယူရသူဟူ၍ပင် လူတန်းစားက ကွဲပြားပြီးသား။

ဒါတွေ ကျွန်တော်ပြောနေသည်က မြို့လေးတစ်မြို့၏ လက်တစ်ဆုပ်စာလုပ်ငန်းရှင် ကျွန်တော်တို့မိသားစုဖက်မှ ပျာပျာသလဲ ကာကွယ်ပြောဆိုနေတာမဟုတ်။ သဘာဝတ္တတရားအမှန်ကို ကျွန်တော်မြင်သလို ပြောနေမိခြင်းသာ ဖြစ်သည်။

ပါတီတွင်း စည်းမျဉ်းစည်းကမ်းအရ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းကို ဖောက်ဖျက်သည်ဟု သက်သေသက္ကာယခိုင်လုံနေသူတစ်ဦးအား ပါတီ၏ ဦးဆောင်ဦးရွက်ပြုရသူများအဖွဲ့က အရေးယူအပြစ်ပေးရသည်လည်း ရှိကောင်းရှိပါလိမ့်မည်။

မိသားစုတစ်စုမှာပင်ကြည့်၊ အဘိုးအဘွားရှိလျှင် အဘိုးအ

http://www.cherrythitsar.org



ဘွား။ သူတို့မရှိလျှင် မိဘ။ မိဘမရှိလျှင် ဦးကြီးဒေါ်ကြီး။ သူတို့မှ မရှိလျှင် အစ်ကိုကြီး အဖအရာ၊ အစ်မကြီး အမိအရာဆိုသလို ငယ်သူတွေကို ပဲ့ပြင်ဆုံးမကွပ်ကဲရသည်မှာ ဓမ္မတာ။

ယခု ကျွန်တော်တို့ ဆီစက်မှအလုပ်သမားဦးဘအုန်း အလုပ်မှနားသွားရသည့်ကိစ္စ၊ သူ့အားနည်းချက် သူသိ၍ အလုပ်ထွက်သွားသည့်ကိစ္စမှာ ကျွန်တော်တို့မိသားစုက ဦးဘအုန်းအလုပ်ထွက်တော့ဟု ပြောလိုက်သေးသည်မဟုတ်။ သို့သော် အဖြစ်မှန်က ရှင်းနေသည်။ ဦးဘအုန်းတာဝန်ယူရောင်းချပေးရသည့် ဈေးထဲက ကျွန်တော်တို့ ပဲဆီနှမ်းဆီဆိုင်မှာ ငွေတွေကွာနေသည်။

ဒီအတွက်လည်း လူမှုရေးအရ တရားတဘောင်နှင့် ကျွန်တော်တို့ လူသိရှင်ကြား မဆုံးဖြတ်ခဲ့။

ကိုယ့်ဘက်မို့ကိုယ် အကောင်းချည်းပြောသည်မဟုတ်။ စဉ်းစားကြည့်ပါ။ ဦးဘအုန်းအပေါ် ဒီထက်ကောင်းစရာကော ရှိပါသေးရဲ့လား။ ဖေယျတင် မျှတတွေးစေချင်သည်။

မည်သည့်အယူအဆ၊ မည်သည့်အယူဝါဒ၊ မည်သည့်လုပ်ငန်း၊ မည်သည့်အဖွဲ့အစည်းမှာမဆို မျှမျှတတတွေးဆဆင်ခြင်ခြင်း Rationalismဆိုတာတော့ ရှိရမည်သာပင်။ တရားလက်လွတ် ဆုံးဖြတ်သုံးသပ်၍မရ။ အကောင်းဆုံးကတော့ ဖေယျတင်နှင့်ကျွန်တော် အချိန်ရလျှင် နားလည်မှုပြန်လည်ရယူချင်သည်။ ဦးဘအုန်းကလည်း ဖေယျတင်၏ဦးလေးတော်စပ်သလို ဆီစက်မှာလည်း ကျွန်တော်၏အသိုင်းအဝိုင်းကြီးဖြစ်နေသည်။ ဈေးထဲကဆီဆိုင်မှာလည်း ကျွန်တော်၏ထမင်းအိုးပင်ဖြစ်သည်။

ကျွန်တော် အံ့ဩသွားသည်က ဒေါ်သနှင့် ဖေယျတင်တစ်ယောက် ကျွန်တော်တို့မိသားစုဧည့်ခန်းဆောင်ထဲ အရောက်ဝင်

http://www.cherrythitsar.org



လာကာ ပြောချင်ရာတွေပြောသွားခြင်းပင် ဖြစ်သည်။

ဒါကလည်း လျှော့ပေါ့တွေးဆ၍ ရသေးသည်။ သူနှင့်ကျွန်တော် ၁၀ တန်းအထိ ကျောင်းနေဖက်ငယ်သူငယ်ချင်းတွေ မဟုတ်လား။ ကျွန်တော်သူ့ကို ခွင့်လွှတ်လိုက်ပါသည်။

* * *

ဖေဖေ့ထံမှ ပြန်စာလာသောနေ့မှစ၍ ရန်ကုန်သို့ ကျွန်တော်သွားပြီး နိုင်ငံကူးလက်မှတ်ကိစ္စများကအစဆောင်ရွက်ရန် ပြင်ဆင်ရတော့သည်။

တဆင့်စကားတဆင့်နားဖြင့် ဖေဖေရှိရာတိုင်းတပါးသို့ ကျွန်တော်ခရီးသွားတော့မည်ဆိုသည့်သတင်းသည် အလွန်ပင်သေးငယ်သော ကျွန်တော်တို့မြို့ကလေးတွင် ပျံ့နှံ့သလောက်ရှိခဲ့ရပြီဖြစ်သည်။

လာမည့်ကြာသပတေး မနက်ပိုင်း ဧရာဝတီသင်္ဘောနှင့် ကျွန်တော်ရန်ကုန်သွားရမည်ဖြစ်သည်။ ရန်ကုန်မှာတော့ အဒေါ်တစ်ယောက်အိမ်တွင်တည်းခိုကာ ခရီးသွားလာရေးကိစ္စလေးတွေ ဆောင်ရွက်ရပေမည်။

သူငယ်ချင်းတော်တော်များများ ကျွန်တော့်ကို လာနှုတ်ဆက်ကြသည်။ ဖေဖေက ကျွန်တော့်အတွက် စရိတ်ငွေကိုငွေလွှဲပြီး ရန်ကုန်ဘဏ်မှတစ်ဆင့် ကျွန်တော်က ထုတ်ယူသုံးစွဲရမည်ဖြစ်သည်။ အစစအဆင်ပြေနိုင်ပါလိမ့်မည်။

ကျွန်တော်စိတ်မကောင်းဖြစ်မိနေသည်က ကျွန်တော့်ကို လာနှုတ်ဆက်ကြသော သူငယ်ချင်းများထဲတွင် မေဇင်နှင့်ဖြူသွဲ့တို့ ရောက်မလာကြခြင်းဖြစ်သည်။

သူတို့အိမ်တွေကို တစ်အိမ်စီသွားနှုတ်ဆက်ရမှာက ကျွန်

http://www.cherrythitsar.org



တော့်ဘက်ကလူမှုရေးဖြစ်လာသည်။ ကျွန်တော့်မှာ စိတ်ပိုင်းဆိုင်ရာ အခက်အခဲတစ်ခုရှိလာသည်။

"မေဇင့်ကို နှုတ်ဆက်ပြီးပြီလား"

ဟု ဖြူသွဲ့က ဆီးကြိုမေးနိုင်သလို

"ဖြူသွဲ့တို့အိမ်ရောက်ခဲ့သေးလား"

ဟုလည်း မေဇင်ကမေးနိုင်သည်။

သံယောဇဉ်နှင့်ပတ်သက်လာကြပြီဆိုသောအခါ 'ပထမ' Firstဆိုသောကိစ္စသည် အသေးအဖွဲဟု ယူဆ၍မရတော့ပေ။ အလွန်အရေးပါသည်ဟု ကျွန်တော့်ပင်ကိုအတွေးထဲတွင် မျှတခံစားနားလည်ရလေသည်။

ထို့ကြောင့် ကျွန်တော့်ဘက်က တာဝန်ကျေပွန်အောင် နည်းလမ်းတစ်ခု တွေးဆရှာဖွေရသည်။ အဖြေတစ်ခုရသည်။ မိသားစုနှင့်တိုင်ပင်ကာမြို့ကလေး၏ စားသောက်ဆိုင်တစ်ဆိုင်တွင် တစ်မြို့တည်းနေ တစ်ရေတည်းသောက် ငယ်ပေါင်းသူငယ်ချင်းများအား နှုတ်ဆက်ညစာစားပွဲလေးတစ်ခု တည်ခင်းကျွေးမွေးရန် ဆုံးဖြတ်လိုက်သည်။ မြို့ထဲမှ သူငယ်ချင်းမြင့်သန်း၏ လက်ထိုးပုံနှိပ်စက်ကလေးတွင် ဖိတ်စာရိုက်လိုက်သည်။ ဖိတ်စာကို ကျွန်တော်ကိုယ်တိုင် လိုက်လံမဝေငှဘဲ အိမ်ကတူတွေ၊ တူမလေးများကို တစ်အိမ်တက်ဆင်း လိုက်လံဖိတ်ကြားခိုင်းလိုက်သည်။

ကျွန်တော်ရွေးချယ်ထားသော စားသောက်ဆိုင်ကလေးမှာ နေရာထိုင်ခင်း သန့်ရှင်းကျယ်ဝန်းသည့်အပြင် သွားရေးလာရေးလည်း လွယ်ကူကာ အစားအသောက်ဟင်းလျာများလည်း စေတနာပါပါ၊ အရသာရှိရှိ၊ ဈေးနှုန်းလည်း သင့်တင့်သည့် စားသောက်ဆိုင်ကလေး တစ်ဆိုင် ဖြစ်၏။

http://www.cherrythitsar.org



ကျွန်တော်ဖိတ်စာဝေငှသော သူငယ်ချင်းများထဲတွင် ကျွန်တော်တို့မိသားစုအပေါ် အမြင်မကြည်လင်ဖြစ်နေသည့် ဇေယျာတင်အတွက်ပါ ပါဝင်ပါ၏။

"ဇေယျာတင်နဲ့ တွေ့ခဲ့လား"

ဟု ဖိတ်စာသွားပေးသော ကျွန်တော့်တူလေးရဲနိုင်ကိုမေးတော့ . . .

"တွေ့ခဲ့ပါတယ် သူယူထားလိုက်တယ်"

ဟု ပြောပါသည်။ ကျွန်တော်ဝမ်းသာသွားသည်။ ဇေယျာတင်လာစေချင်သည်။ ဒါက ကျွန်တော်၏ရိုးစင်းပွင့်လင်းသောလှိုက်လှဲမှုပင်ဖြစ်သည်။ ကိုယ့်ပညာကိုယ်ရှာ၊ ကိုယ့်ဘဝကိုယ်လျှောက်လှမ်းရသောလမ်းခရီးတွင် မုန်းသူပါးလျား၊ ခင်မင်သူများပြားခြင်းကိုသာ ငယ်စဉ်ကတည်းက လိုလားဆန္ဒ ကျွန်တော့်မှာအပြည့်အဝရှိခဲ့ပါသည်။

မေဇင်နှင့် ဖြူသွဲ့တို့အိမ်ကိုတော့ ကျွန်တော့်တူမလေးမိုးဆွေကို ဖိတ်စာသွားပို့ခိုင်းခဲ့သည်။ အများကိုဖိတ်သော ပွဲလေးတစ်ပွဲမို့ ကျွန်တော်က စောင့်ဆိုင်းကြိုဆိုရသူဖြစ်သွားကာ သူ့တို့လာရာလမ်းကိုမျှော်မှန်းရုံမို့ တစ်ဦးကိုတစ်ဦး အပြစ်ဖို့စကားဆို ငြားဖွယ်ရာ မရှိတော့ပါပေ။

သည်လိုနှင့်ပင် . . . ကျွန်တော်၏နှုတ်ဆက်ဧည့်ခံပွဲ ညနေခင်းလေးသည် ရောက်ရှိလာခဲ့ရ၏။ စိတ်လက်ကြည်လင်လန်းဆန်းပေါ့ပါးစွာဖြင့် သူငယ်ချင်းတွေကို ဆိုင်ဝမှ ခရီးဦးကြိုပြုကာ လက်ဆွဲနှုတ်ဆက် နေရာထိုင်ခင်းပေးနေမိသည်။

ဟော . . . ဖြူသွဲ့တို့အိမ်မှ ရီရီမြင့်ရောက်လာသည်။

"ဖြူသွဲ့လိုက်လာလိမ့်မယ်၊ မေဇင့်ကို ဝင်ခေါ်နေတယ်"

http://www.cherrythitsar.org



ဟုပြောတော့ ဖြူသွဲ့ရဲ့အဖော်တွဲမှုကို ကျွန်တော်အံ့အားသင့်မိသည်။

"လိုအပ်တာ ချပေးနော်"

ဟု စားပွဲထိုးကလေးတွေကိုမှာရင်းက သူငယ်ချင်းတွေစားတာသောက်တာကို လှည့်လည်ကြည့်ရှုရင်း ရင်တွင်းပီတိဝေဖြာနေမိသည်။

ကျွန်တော့်ကို ရီရီမြင့်က လှမ်းပြောသည်။

"ဟိုမှာ . . . ကောင်မတွေ လာကြပြီလေ"

တဲ့။ ကျွန်တော် ပြုံးမိလိုက်သည်။

သူတို့အချင်းချင်းက အားမနာပ ပြောမနာဆိုမနာ အချင်းချင်းတွေမဟုတ်လား။

မေဇင်နှင့်ဖြူသွဲ့တို့ ယှဉ်တွဲကာ ဆိုင်ထဲသို့ဝင်လာကြသည်။ သူတို့နှစ်ယောက်ကို မိန်းကလေးဝိုင်းတစ်ဝိုင်းဖြစ်သည့် ဘဲဘဲ၊ ဥမ္မာ လွင်၊ မိုးမိုးတို့ဆီမှာ နေရာချထားပေးလိုက်သည်။

ရုတ်တရက်မို့ ကျွန်တော့်တစ်ကိုယ်လုံး တုန်သွားသည်။ စားပွဲတွင်ထိုင်၍မှ ဘာမှမကြာခင် မေဇင်က သူမ၏အင်္ကျီရင်ဘတ်တွင် တယုတယထိုးစိုက်လာသော နှင်းဆီပွင့်ကလေးကို ဖြုတ်ယူလိုက်ကာ ကျွန်တော့်ကို နှုတ်ဆက်လက်လှမ်းပေးနေပါသည်။

ဖြူသွဲ့မျက်နှာလေး ဖြူဖတ်ဖြူရော်ဖြစ်သွားတာလည်း ကျွန်တော်သတိပြုမိသည်။

လှမ်းလင့်သောပန်းတစ်ပွင့်ကို ဘယ်လိုမှရိုင်းပျစွာ ငြင်းပယ်၍မရ။ မေဇင်ရဲ့ရင်ထဲက တိကျပြတ်သားစွာ ဖွင့်ဟမှုသင်္ကေတ ရဲရင့်နှင်းဆီလေ . . .။

စက္ကန့်မိနစ်ပိုင်းအတွင်းမှာပင် ဖြူသွဲ့အားတုံ့အားနာဖြစ်ရပါသည်။

http://www.cherrythitsar.org



ထို့အတူ ကျွန်တော်လှမ်း၍ယူလိုက်မိသည်က မေဇင့်လက်ထဲဆီက . . . ရဲရင့်နှင်းဆီ . . .။

နှင်းဆီပွင့်ကလေးမှာ လတ်ဆတ်စွာ သင်းပျံ့နေဆဲပင်။

သူတို့အတွက်စားသောက်ဖွယ်ရာများချပေးဖို့ ဆိုင်က စားပွဲထိုးကိုလှမ်းပြောရင်း လက်ထဲရှိနှင်းဆီပွင့်ကလေးကို ကျွန်တော်၏ ကုတ်အင်္ကျီအပေါ်ရင်ဘတ်အိတ်ကပ်တွင် တယုတယထိုးစိုက်ထားလိုက်မိပါသည်။

* * *

လွန်လေပြီးတဲ့ နှစ်များစွာက နေ့စဉ်မှတ်တမ်းတစ်ဝက်တစ်ပျက်ကို စိတ်ဂယက်ထ ဖတ်ချင့်စဖွယ် စီကာပတ်ကုံး အတ္ထုပ္ပတ္တိစာတမ်းရှည်သဖွယ် ရေးသားသွားခဲ့တဲ့ ဦးလေးဖြစ်သူ ဦးသင့်ဦးငယ်ရဲ့ ဒိုင်ယာရီဟောင်းကလေးကို လက်မှာကိုင်ထားရင်းက မျိုးမော်တစ်ယောက် ငေးငိုင်ငိုင်ဖြစ်သွားပါတယ်။

"ဘာလို့ ဒီမှတ်တမ်းကို ဆက်မရေးတော့တာလဲ ဦးဦး"

လို့မေးဖို့ရာကလည်း မလွယ်ကူလှတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ့ဦးလေးသင့်ဦးငယ်တစ်ယောက် သတ္တလောကကြီးထဲက ပျောက်ဆုံးကွယ်လွန်သွားခဲ့တာ နှစ်ပရိစ္ဆေဒ ရှည်ကြာခဲ့ပြီကိုး။ တကယ်တော့ မျိုးမော်ဟာ ဦးသင့်ဦးငယ်တို့ရဲ့ နောက်ဆုံးလက်ကျန်မျိုးဆက်လို့ ခေါ်ရမယ်ထင်ပါတယ်။

ကံအားလျော်စွာ ဒီစာအုပ်ကလေးကို ဦးသင့်ဦးငယ်ရဲ့ ငယ်ပေါင်းသူငယ်ချင်းတွေထဲက ဦးဇေယျာတင် သိမ်းဆည်းထားလို့သာ မျိုးမော်လက်ထဲရောက်လာတာပါ။

ဦးဇေယျာတင်နဲ့ မျိုးမော်ဆုံရပုံကလည်း ဆန်းကျယ်လှပါ

http://www.cherrythitsar.org



တယ်။ ဘွဲ့ရပြီးနောက်ပိုင်း သူငယ်ချင်းတစ်စုနဲ့အတူ စိတ်တူသဘောတူ အဆင့်မြင့်တည်းခိုခန်းတစ်ခုကို အစုစပ်ထည့် တည်ထောင်ထားကြရာက ညရေးညတာ ညစောင့်တစ်ယောက်အလိုရှိကြောင်း အလုပ်သမားခေါ်တဲ့အခါ ရောက်လာတဲ့လူငယ်ပိုင်းကို သိပ်စိတ်တိုင်းမကျဘဲ စိတ်ချရတဲ့သက်ကြီးရွယ်အိုပိုင်းက ရွေးချယ်တဲ့အခါ ဦးဇေယျာတင်ကို ဆန်ခါတင်ရွေးချယ်ခဲ့မိရာက နီးစပ်ခဲ့ရတယ်လို့ ဆိုရပါလိမ့်မယ်။ အနေအထိုင်အေးဆေးရိုးသားပြီး ညရေးညတာမှာလည်း တည်းခိုအိမ်ခြံဝင်းရဲ့လုံခြုံမှုကို အလေးဂရုပြုတတ်တဲ့ ဦးဇေယျာတင်အပေါ်မှာ မျိုးမော်ဟာ အစစအရာရာ လစာအပြင် အပိုထောက်ပံ့ကြေးတွေပေးခဲ့ရာက အလုပ်ရှင်နဲ့အလုပ်သမားပုံစံခွက်ထဲမှာပဲ ကြီးသူငယ်သူအသွင် သံယောဇဉ်ဖြစ်ခဲ့ကြရပါတယ်။

"မောင်မျိုးမော်က ရန်ကုန်ဇာတိပဲလား"

လို့ တစ်ညမှာ ဦးဇေယျာတင်ကမေးတော့ မျိုးမော်က . . .

"ဟုတ်ကဲ့ . . . ဖေဖေနဲ့မေမေက ကျွန်တော့်ကို ရန်ကုန်ပြောင်းလာပြီးမှ မွေးတာပါ။ မိဘများဇာတိကတော့ . . . "

လို့အစချီပြီး မျိုးမော်က သူ့မိဖများရဲ့ မြစ်ဝကျွန်းပေါ်ဒေသက ဇာတိမြို့ကလေး အမည်ကို ပြောလိုက်တယ်ဆိုရင်ပဲ ဦးဇေယျာတင်တစ်ယောက် ခြောက်သွေ့နေတဲ့ဇရာမျက်လုံးအိမ်တွေဟာ ကောက်ကာငင်ကာ လင်းလက်တောက်ပလာပြီး . . .

"ဟာ . . . အဲဒါ ဦးလေးရဲ့ ဇာတိမြို့ပဲ၊ ပြောစမ်းပါဦး၊ မောင်မျိုးမော်ရဲ့ မိဘများနာမည်"

လို့ မေးပါတော့တယ်။

"ဦးမျိုးသီဟနဲ့ ဒေါ်သီဂီဦးတို့ပါ ဦးလေး"

လို့မျိုးမော်ကပြောလိုက်တယ်ဆိုရင်ပဲ ဦးဇေယျာတင်ဟာ

http://www.cherrythitsar.org



ခေါင်းတဆတ်ဆတ်ညိတ်ရင်းက . . .

“အင်း . . . မောင်မျိုးမော်တို့က မျိုးကြီးဆွေကြီးတွေကိုး။ စံချိန်မီဆီစက်ကြီးရဲ့ မိသားစုတွေကိုး။ ဒါနဲ့ ငါ့တူမိဘများရော နေထိုင်ကောင်းကြရဲ့လား၊ ဘာတွေများ လုပ်ငန်းလုပ်နေကြလဲ”

လို့ မေးပါတယ်။

မျိုးမော်က သူ့ဖခင်ရော မိခင်ပါ ဌာနဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးများအဆင့်က အငြိမ်းစားယူလိုက်ပြီဖြစ်တဲ့အကြောင်း ပြောပြပါတယ်။

“ကိုမျိုးသီဟနဲ့ကတော့ ဦးလေးနဲ့ သိပ်မရင်းနှီးဘူး။ သူက ဦးလေးထက်အသက်ကြီးတယ်။ သူ့ညီဝမ်းကွဲ သင့်ဦးငယ်နဲ့မှ ဦးလေးက ကျောင်းနေဖက်တွေကိုး။ ကံဆိုးမိုးမှောင်ကျလို့ မောင်မျိုးမော်တို့အသိုက်အဝန်းကြီးတစ်ခုလုံး ဖရိုဖရဲဖြစ်ပြီး ကစဥ့်ကလျား ရန်ကုန်ပြောင်းသွားကြရရှာတာပါကွာ”

လို့ ဦးဇေယျတင်ကပြောပြတော့ မျိုးမော်စိတ်ဝင်စားသွားပြီး

“ဖေဖေတို့ကတော့ အကြမ်းဖျင်းပြောပြထားဖူးပါတယ် ဦးလေး။ ဇာတိမြို့ကလေးမှာ ရုတ်တရက် စီးပွားပျက်လို့ ရေကြည်ရာမြက်နုရာခွဲခွာပြီး မြို့ကြီးပြကြီးကို တက်လာကြရတယ်လို့ ပြောဖူးပါတယ်။ ဦးလေးသိတာလေးတွေ ကျွန်တော့်ကို ပြောပြပါဦး”

လို့ စကားလမ်းကြောင်းပြန်ကောက်ပေးလိုက်ပါတယ်။

ဦးဇေယျတင်က ဆေးပေါ့လိပ်တိုလေးကို မီးညှိဖွာရင်းက ခပ်ဖြည်းဖြည်းပြောပြပါတယ်။

“ဟို တစ်ချိန်တုန်းက စံချိန်မီဆီစက်၊ စံချိန်မီဆီဆိုင်ဆိုတာ ဦးလေးတို့မြို့မှာ နာမည်ကြီးပေါ့ကွာ။ တစ်ညမှာတော့ လွတ်လပ်ရေးရပြီးကတည်းက မငြိမ်သက်သေးတဲ့အခြေအနေအရ တောထဲက

http://www.cherrythitsar.org



ရောင်စုံလက်နက်ကိုင်သောင်းကျန်းသူတွေနဲ့ အစိုးရစစ်တပ်ရဲ့ ချီတက်ရာလမ်းကြောင်းနှစ်ခုဆုံပြီး အကြီးအကျယ် ပစ်ကြခတ်ကြတော့တာပဲ။ ရပ်ကွက်အချို့လည်း မီးလောင်ခံရတယ်။ ဒီကြားထဲမှာ ငါ့တူတို့ဆွေမျိုးမိသားစုပိုင် ဆီစက်ကြီးလည်း မီးထဲပါသွားတယ်။ ပြန်ပြီးထူထောင်ဖို့ဆိုတာ မလွယ်လှတော့ လက်ရှိခြံဝင်းနဲ့အိမ်ကြီးကို ရောင်းချထုခွဲပြီး သားချင်းမောင်နှမတွေ ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့သွားကြရင်း ကိုယ်နိုင်ရာပိုင်ရာ လုပ်ငန်းခွင်အသစ်တွေ ဝင်ကြရတာပေါ့ကွာ။ အေးမောင်မျိုးမော်နဲ့ကြုံတုန်း ဦးလေးတစ်ခု ဝန်ခံရဦးမယ်”

ဆိုတဲ့စကားကြောင့် . . .

“ဘာများပါလိမ့် ဦးလေးရယ်”

လို့ မျိုးမော်ကမေးတဲ့အခါ

“ဦးလေးဟာ အဲဒီစံချိန်မီဆီစက်ကြီးနဲ့ မိသားစုကို တစ်ခါတုန်းက အခဲမကျေဖြစ်ခဲ့ဖူးတယ်။ အမြင်မှားတာပါကွာ။ ဦးလေးရဲ့ ဦးကြီးတော်စပ်တဲ့ ဦးဘအုန်းဆိုတာ ငွေတွေကွာလို့ အလုပ်ထွက်ခဲ့ရတာကိုး။ ဒါကို ခနရှင်မိသားစုက မတရားလုပ်တယ်လို့ ဦးကအမြင်မှားပြီး အိမ်တိုင်ရာရောက်သွားတွေ့တော့ မောင်မျိုးမော်ရဲ့ဦးလေး သင့်ဦးငယ်နဲ့တွေ့တယ်။ အဲဒီ့တုန်းက ဦးလေးရဲ့စကားတွေက သိပ်ကြမ်းတမ်းရိုင်းစိုင်းခဲ့တယ်။ သင့်ဦးငယ်ဟာ စိတ်မဆိုးတတ်ပါဘူး။ သူ အင်္ဂလန်ကသူ့အဖေဆီသွားခါနီး နှုတ်ဆက်ညမှာတောင် ဦးလေးကို ဖိတ်ပါသေးတယ်။ ဦးလေးမသွားခဲ့ဘူး။ ဆီစက်ကြီး မီးလောင်တော့ ရန်ကုန်မှာ နိုင်ငံခြားသွားဖို့ကိစ္စတွေစီစဉ်နေတဲ့ သင့်ဦးငယ် ဟာ သတင်းကြားကြားချင်း မီရာသင်္ဘောနဲ့ ပြန်ရောက်လာတယ်။ အားလုံး အခြေပျက်သွားပြီလေ။ ဈေးကြီးမီးထဲပါသွားတော့ ဈေးထဲက စံချိန်မီဆီဆိုင်လည်း ပြာကျသွားတယ်။ သူနဲ့ဦးလေး ဈေးလမ်းထောင့်

http://www.cherrythitsar.org



က လက်ဖက်ရည်ဆိုင်မှာတွေ့တော့ သူကစကားတစ်ခွန်းပြောတယ်။

"ဖေယျတင်ရေ . . . ငါတို့မိသားစုနဲ့ အလုပ်သမားမိသားစုတွေအားလုံးရဲ့ ထမင်းအိုးကြီးတော့ ကွဲသွားပြီကွာ။ ငါတို့မိသားစုကတော့ မင်းပြောသလို လုပ်ငန်းရှင်တွေဆိုတော့ တခြားလုပ်ငန်းတွေပြောင်းလုပ်စရာ နည်းနည်းပါးပါး အခုအခံကျန်ကြသေးပေမယ့် တစ်နေ့လုပ်မှတစ်နေ့စားရတဲ့ အလုပ်သမားမိသားစုတွေ ပိုပြီးအထိနာ ဘဝပျက်တာ ငါ့ရင်ထဲမကောင်းဘူး' ဆိုပြီး မျက်ရည်တွေတောင်မှ ကျလာတာတွေ့တော့ သူတို့မိသားစုကို ဦးလေးအထင်လွဲခဲ့တာ တကယ်တကယ်စင်အောင် မှားပါပေါ့လားဆိုတဲ့ သတိဝင်လာတယ်။ သင့်ဦးငယ်ကိုလည်း ဦးလေးတောင်းပန်လိုက်တယ်။ ငယ်သူငယ်ချင်းနှစ်ယောက် ပိုပြီးခင်မင်သွားကြပြန်တယ်။ သင့်ဦးငယ်ဟာ သူ့အဖေရှိရာ အင်္ဂလန်ကိုသွားဖြစ်ခဲ့ပါတယ်။ သူအသွားမှာ စာအုပ်သေတ္တာလေးတစ်လုံး ဦးလေးဆီခဏအပ်ထားခဲ့တယ်။ ဦးလေးလည်း ဒီအတိုင်းပဲသိမ်းထားလိုက်တယ်။ သူပြန်လာရင်ပေးမယ်ပေါ့ကွာ . . . ဒါပေမဲ့ . . . " ဆိုပြီး အသံတွေတိမ်ဝင်သွားပါတယ်။ မျိုးမော်က . . .

"ဆက်ပြောပါဦး ဦးလေး"

ဆိုတော့မှ အားယူရင်းက . . .

"ဟိုရောက်တော့ သူ့အဖေကလည်း ခုလိုကျန်ခဲ့တဲ့မိသားစုတွေ ကတိမ်းကပါးဖြစ်ကုန်တာ သိသိချင်းပဲ သားအဖနှစ်ယောက်အတူပြန်ကြရအောင်၊ လိုအပ်တာတွေ ဝိုင်းကူမှဖြစ်မယ်ဆိုပြီး ပြန်လာကြတာ။ သူတို့စီးလာတဲ့လေယာဉ်ဟာ နီပေါနိုင်ငံက ခတ္တမန္ဒူမြို့နားမှာ ရုတ်တရက်စက်ချို့ယွင်းပြီး ပျက်ကျတာ သားအဖနှစ်ယောက်လုံး အစရှာမရတဲ့ဘဝ ရောက်သွားကြရတယ်" လို့ စိတ်ထိခိုက်စွာ ပြောပါတယ်။

"မောင်မျိုးမော်ရဲ့ဦးလေး သင့်ဦးငယ်ဟာ သိပ်ပြီး ပညာလို

http://www.cherrythitsar.org



လားတဲ့ လူငယ်တစ်ယောက်ပဲ။ သူ့အဖေဆီသူလိုက်သွားတဲ့ ရည်ရွယ်ချက်က သူစိတ်ဝင်စားတဲ့ အောက်စဖို့(ဒ်)နဲ့ ကိန်းဘရစ်(ချ်)တက္ကသိုလ်တွေကို ဝင်ခွင့်ပညာသင်ခွင့်စာမေးပွဲတွေ ဘယ်လိုဖြေရရင်ကောင်းမလဲဆိုတာ သွားတိုင်ပင်တာ။ လေ့လာတာ။ သူ့ရည်ရွယ်ချက်တွေ အကုန်လုံးပျက်စီးသွားရတယ်ကွာ။ သူတို့သားအဖ လေယာဉ်ပျံပျက်ကျတဲ့သတင်းကြားရတဲ့အခါ သူ့စာအုပ်သေတ္တာလေးကိုဖွင့်ပြီး သူ့စာအုပ်လေးတွေကို သူငယ်ချင်းအလွမ်းပြေ တစ်အုပ်ချင်း ထုတ်ယူကြည့်ရင်းက စိတ်ဝင်စားစရာကောင်းတဲ့ တစ်ဝက်တစ်ပျက် ဒိုင်ယာရီမှတ်တမ်းလေးတစ်ခု ဦးလေးဖတ်လိုက်ရတယ်။ ဦးလေးဆီမှာ ဒီနေ့အထိ အမှတ်တရ သိမ်းထားတယ်”

လို့ ပြောတော့မျိုးမော်က . . .

“ကျွန်တော်ဟာ သူ့တူတော်စပ်သူပါဦးလေး။ သူ့ကိုမမြင်ဖူးလိုက်ပေမယ့် သူ့ရဲ့အမှတ်တရစာအုပ်ကလေးကိုတော့ ကျွန်တော့်ကိုခဏဖြစ်ဖြစ် ဖတ်ခွင့်ပေးပါ။ ပြီးတဲ့အခါ ဦးလေးကို ပြန်ပေးပါမယ်” လို့ ပြောလိုက်တဲ့အခါ ဦးဇေယျတင်က ခေါင်းညိတ်ပြတယ်။

“ဒါနဲ့ ဦးလေးက ဘယ်လိုကဘယ်လို ရန်ကုန်ကိုရောက်လာတာလဲ”

လို့ မျိုးမော်ကမေးပြန်တော့ . . .

“မြို့ကို သူပုန်ဝင်ပြီး ခြောက်လလောက်အကြာမှာ ဦးလေးရဲ့အမေဆုံးသွားတယ်။ အဖေ့သံဖြူဆိုင်နဲ့ပန်းပဲဖိုမှာ ဝိုင်းကူလုပ်နေရင်းက အဖေကလည်း ကျန်းမာရေးသိပ်မကောင်းသလို ညီလေးနဲ့ ညီမတစ်ယောက်ကလည်း ဈေးရောင်းရတာအဆင်မပြေဘူး၊ ရန်ကုန်တက်ပြီး ရရာကျပန်းအလုပ် လုပ်ချင်တယ်လို့ ပြောကြတယ်။ သူတို့ချည်းပဲ စိတ်မချလို့ ဦးလေးက အဖေ့ကို သားချင်းတစ်ယောက်ဆီမှာ အပ်ထားခဲ့

http://www.cherrythitsar.org



ပြီး ဦးလေးပါ ရန်ကုန် လိုက်လာခဲ့တယ်။ ရန်ကုန်ရောက်တော့ ပုဇွန်တောင် ညောင်တန်းက အိမ်ခန်းတစ်ခန်းမှာ မောင်နှမသုံးယောက် ငှားနေကြတယ်။ ဦးလေးက ညီဝမ်းကွဲ တစ်ယောက်နဲ့ ကြည့်မြင် တိုင်ဘက်က တရုတ်အရက်ချက်စက်ရုံမှာ အလုပ်ရတယ်။ ညီဖြစ်တဲ့ သူက ပုဇွန်တောင် လိပ်ကန်ပန်းခြံဂိတ်မှာ အုံနာကြေးပေးပြီး ဆိုက်ကား နင်းတယ်။ ညီမလေးကိုတော့ ဘာမှမလုပ်ခိုင်းပဲ အိမ်မှာ အိမ်မှုကိစ္စ လုပ်ခိုင်းတယ်။ ညီမလေးက သိပ်မလိမ္မာဘူး။ ဦးလေးတို့ ညီအစ်ကို အလုပ်သွားပြီဆိုရင် တစ်နေကုန်တစ်နေခန်း အိမ်နီးနာချင်းတွေဆီကို တစ်အိမ်တက်ဆင်း အိမ်လည်သွားနေတော့တာပဲ။ အိမ်လည်သွားဖန် များတော့ ဘာတွေဖြစ်လာလဲဆိုရင် မိန်းမဖော် အပေါင်းအသင်းတွေ စုံလာတယ်။ လူစုံတော့ စကားစုံတယ်။ အကျင့်စာရိတ္တတွေစုံလာတယ်။ အောင်သွယ်တော်တွေ တိုးလာတယ်။ ဒီအရွယ်ဆိုတာက စိတ်ကစား တတ်တဲ့ အရွယ်။ ညီလေးနဲ့သူက နယ်မှာနေတုန်းက ကျောင်းစာကို စိတ်မဝင်စားဘဲ ခြောက်တန်းရောက်တော့ စာမေးပွဲကျလို့ဆိုပြီး ကျောင်း ထွက်ခဲ့ကြတဲ့အခါ ဉာဏ်ပညာကနည်းပါးကြတယ်။ ယောကျ်ားလေး အနေနဲ့က သိပ်အကြောင်းမဟုတ်လှပေမယ့် မိန်းကလေး စိတ်ကစား ပြီဆိုရင် ပြဿနာတွေက ရှုပ်လာတတ်တယ်။ လိုရင်းပြောရရင်ကွာ၊ ဒီကောင်မလေး အနေအထိုင်မတတ်တဲ့အခါကျတော့ ဘာတွေဖြစ်လာ လဲဆိုရင် ရပ်ထဲရွာထဲမှာ နာမည်ပျက်လာတယ်။ ရည်းစားများတယ် ဆိုပြီးတော့ နာမည်ပျက်လာတယ်။ ဒါနဲ့ ဦးလေးတို့ အိမ်ရှင်က တစ်ည မှာ လမ်းထိပ်လက်ဖက်ရည်ဆိုင်ကို ခေါ်ထုတ်သွားပြီး ဦးလေးကို ဆိုဆုံးမတယ်။ မင်းညီမလေးတော့ ဒီလိုဒီအကြောင်း ဖြစ်နေပြီ။ ကြာရင် ဒုက္ခရောက်လိမ့်မယ်။ သူနဲ့အခုချစ်ကြိုက်နေတဲ့ ကောင်လေးကတော့ မိကောင်းဖခင် သားသမီးလေးပဲ။ မိဘများရဲ့ ပုဇွန်တောင်ကြက်တန်းက

http://www.cherrythitsar.org



သံတိုသံစဆိုင်မှာ ဝိုင်းလုပ်ဝိုင်းစားလုပ်နေတဲ့ ကောင်လေး၊ ဒီကောင်လေးနဲ့ ပေးစားလိုက်မှအေးမယ်လို့ ဦးလေးကို တိုက်တွန်းတယ်။ ဦးလေးလည်း နောက်တစ်နေ့မှာ မနက်အစောကြီး ညီလေးနဲ့ အလုပ်ဆင်းဖို့ အိမ်ကထွက်လာရင်း ညီမလေးကိစ္စကို တိုင်ပင်ကြရတယ်။ ညီလေးကလည်း အစ်ကိုကြီးသင့်တော်သလိုသာ စီစဉ်ပါဆိုတာနဲ့ ညီမလေးကို လိုရင်းဖွင့်မေးလိုက်တော့ သူကလည်း သူနဲ့ နောက်ဆုံးရည်းစားဖြစ်နေတဲ့ကောင်လေးအကြောင်း ဝန်ခံပါတယ်။ ဒီတော့ကောင်လေးကိုတွေ့ချင်တဲ့အကြောင်းပြောပြီး အလုပ်အားရက် တစ်ရက်မှာ ကောင်လေးနဲ့တွေ့ရတယ်။ ဦးလေးက ပွင့်ပွင့်လင်းလင်းမေးရတယ်။ မင်းအနေနဲ့ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းမယ်ဆိုရင်တော့ ငါ့ညီမလေးနဲ့ပတ်သက်ပါ၊ ဒီလိုမှမဟုတ်ရင်တော့ ကောင်မလေးကို နယ်ပြန်ပို့လိုက်တော့မယ့်အကြောင်းပြောရတယ်။ ကောင်လေးက သူတကယ်စုံမက်တဲ့အကြောင်းပြောပြီး သူ့မိဘများကို ဖွင့်ပြောလိုက်ပါ့မယ်ဆိုပြီး ပြန်သွားတယ်။ တစ်လကြာတာတောင် သူတို့ဘက်က ဘာမှ ထူးခြားမှုမရှိတဲ့အခါ ဦးလေးက အလုပ်ကခွင့်ယူပြီး ညီမလေးကို နယ်ကအဖေနဲ့ အနီးကပ်စောင့်ရှောက်ပေတော့လို့ ပြောရင်း နယ်ပြန်ပို့လိုက်တယ်။ နယ်မြို့ကလေးက ကျဉ်းတော့ ရန်ကုန်မှာလိုတော့ ဒီကောင်မလေးဟာ ခြေများလို့မရဘူး။ ခြေငြိမ်သွားတယ်။ အဖေက ဒီ ကောင်မလေးနယ်ပြန်ရောက်ပြီး ၂နှစ်ကြာတော့ ဆုံးတယ်။ အဖေဆုံးပြီးတော့မှ နယ်ကဘိလပ်မြေတင်တဲ့ စီဗွီတွဲသဘော်လိုက်တဲ့ ကောင်လေးတစ်ယောက်နဲ့ အိမ်ထောင်ကျသွား တယ်။ ရန်ကုန်က ညီလေးကလည်း ပုဇွန်တောင်ဈေးထဲက မုန့်ဟင်း ခါးဆိုင်က ကောင်မလေးတစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ်။ သူတို့အိုးခွဲအိမ်ခွဲဖြစ်သွားတဲ့အခါ ဦးလေးတစ်ယောက်တည်း ကြည့်မြင်တိုင်က

http://www.cherrythitsar.org



အရက်ချက်စက်ရုံမှာ သွားနေလိုက်တယ်”

ဦးဇေယျတင်က စကားခဏနားရင်း ဆေးပေါ့လိပ်ကို ဖွာနေပါတယ်။ မျိုးမော်က ဦးဇေယျတင်တို့ မိသားစုဘဝကို စိတ်ဝင်စားပြီး ဆက်မေးပါတယ်။

“ဦးလေးက အိမ်ထောင်မပြုဘူးလား”

လို့ မေးတော့ . . .

“မပြုဖြစ်ခဲ့ဘူးကွ။ လက်ဦးကတော့ ကြည့်မြင်တိုင်တစ်ဖက်ကမ်း ဝါးရုံဆိပ်ရွာက အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ပြုမလို့ပဲ။ ပိုက်ဆံစုနေတုန်းမှာ ဖြူန်းဆို ဦးလေးအလုပ်လုပ်နေတဲ့ တရုတ်အရက်ချက်စက်ရုံက ပြည်သူပိုင်သိမ်းတဲ့စာရင်းထဲ ပါသွားတယ်။ ပိုင်ရှင် တရုတ်သူဌေးကလည်း ဖော်မိုဆာကို ပြန်သွားတယ်။ စက်ရုံက အကြောင်းကြောင်းကြောင့် ဆက်ပြီးမလည်ပတ်တော့တဲ့အခါ ထန်းတပင်နဲ့ ကြည့်မြင်တိုင် ကူးတို့ဆွဲတဲ့မော်တော်မှာ ဦးလေးက ထမင်းချက်ဝင်လုပ်တယ်။ စက်ရုံအလုပ်ရပ်နေတုန်းက ရှိတဲ့ပိုက်ဆံလေး စားစရိတ်ထဲ တစ်တိတစ်တိနဲ့ပါသွားတဲ့အခါ ဝါးရုံဆိပ်က အမျိုးသမီးနဲ့လည်း အဆက်အသွယ်ပြတ်သွားတော့ သူလည်း အုတ်ဖုတ်တဲ့အုတ်ဖိုက လူတစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ်လို့ သတင်းကြားရတယ်။ ဦးလေးက အလုပ်တော့စုံပါတယ်။ ထန်းတပင်၊ ကြည့်မြင်တိုင် ကူးတို့မော်တော်လိုက်နေရင်းက မော်တော်နားတဲ့ရက်တွေမှာ ရွာစဉ်လှည့်ပြီး အသံချဲ့စက်ဆရာရဲ့ နောက်လိုက်လုပ်ပေးဖူးတယ်။ ကြည့်မြင်တိုင်ကမ်းနားဈေးထဲက ကွမ်း၊ ကွမ်းသီးဆိုင်အတွက် ကွမ်းတွေ ပန်းတနော်သွားပြီး အဝယ်တော်လုပ်ပေးဖူးတယ်။ နောက်ဆုံး ဦးလေးအလုပ်လုပ်ခဲ့တာက ဗိုလ်တထောင်ဘက်က ကုန်သွယ်ရေးစက္ကူဂိုဒေါင်မှာ တာလီစာရေးပေါ့ကွာ။ အဲဒီဂိုဒေါင်က အလုပ်ရပ်နားလိုက်တော့မှ နယ်ခဏ

http://www.cherrythitsar.org



ပြန်လိုက်သေးတယ်။ နယ်ရောက်တော့ မင်းဦးလေး သင့်ဦးငယ်နဲ့ ငယ် သူငယ်ချင်းတွေကို သတိရမိပါသေးတယ်။ မင်းလည်း မင်းဦးလေးရဲ့ နေ့စဉ်မှတ်တမ်းဖတ်ပြီးပြီပဲ။ သူနဲ့ သူ့ရည်းစားမေဇင်တို့ ကွဲကွာရတာ သိပ်ကရုဏာသက်ဖို့ကောင်းတယ်။ မင်းဦးလေးက ရည်မှန်းချက် သိပ်ကြီးတယ်။ တကယ်လို့သာ သူတို့သားအဖ လေယာဉ်ပျက်မကျ ရင် နယ်မှာ မီးလောင်သွားတဲ့ဆီစက်ကြီးရဲ့မိသားစုနဲ့ အလုပ်သမား တွေအတွက် တစ်ခုခု ဦးပြန်မော့အောင် လုပ်ငန်းကြီးတစ်ခု ပြန်အခြေချ ပြီးတဲ့အခါ မေဇင့်ကိုပါခေါ်ပြီး အင်္ဂလန်ပြန်သွားမယ်။ သူဝင်ခွင့်ရချင် တဲ့ တက္ကသိုလ်တစ်ခုခုကို နှစ်ယောက်အတူတူ ဝင်ခွင့်၊ ပညာသင်ခွင့်ရ ဖို့ ကြိုးစားမယ်လို့ ဦးလေးကိုပြောဖူးတယ်။ သူပုန်နဲ့ စစ်တပ် တိုက်ပွဲ ဖြစ်လို့ မင်းတို့ဆီစက်ကြီး မီးလောင်သွားတာ အားလုံး အကုသိုလ် စတင်တာနဲ့ အတူတူပါပဲကွာ”

လို့ ဦးဇေယျတင်က ပြောပါတယ်။ မျိုးမော်ကလည်း သူ့ အတွေးထဲရှိတာ ဘာပြောလဲဆိုရင် . . .

“ကျွန်တော်ကတော့ နယ်မှာမကြီးပြင်းခဲ့ရတော့ ဦးလေးတို့ ကြုံခဲ့ရတဲ့ ပြည်တွင်းစစ်ဆိုတာကို နဖူးတွေ့ဒူးတွေ့ မခံလိုက်ရပေမယ့် ကျွန်တော်တို့အမျိုးအနွယ်တွေဟာ ဒီစစ်ဘေးဒဏ်ကို ခံခဲ့ရတာ ဝမ်း နည်းစရာကြီးပါပဲ ဦးလေး။ စစ်ဟာ လူတွေကို ဒုက္ခပေးဖို့သက်သက်ပါ ပဲ။ ကျွန်တော်တော့ စစ်ကို သိပ်ရွံမုန်းတယ်”

လို့ပြောလိုက်ပါတယ်။ ဦးဇေယျတင်က နယ်ကို သူပြန်သွား ပြီး နယ်မှာ သူ့အဖေမသေခင်က လက်ငုတ်ချခဲ့တဲ့လုပ်ငန်းကြွေးမြီလေး တချို့ပြန်သိမ်းရင်း ရန်ကုန်ပြန်တက်လာတော့ မျိုးမော်တို့ရဲ့ တည်းခို အိမ်စောင့်အလိုရှိကြောင်း ကြော်ငြာဆိုင်းဘုတ်မြင်လို့ အလုပ်ဝင် လျှောက်ရာက ခုလို မျိုးမော်နဲ့ဆုံတွေ့ရတဲ့အကြောင်း ပြောပြပါတယ်။

http://www.cherrythitsar.org



မျိုးမော်က သူ့ဦးလေးသင့်ဦးငယ်နဲ့ ပတ်သက်နေတဲ့ ဒေါ်မေဇင်တို့ ဒေါ်ဖြူသွဲ့တို့နဲ့ တွေ့ဖြစ်သေးလားလို့ ဦးဇေယျတင်ကို မေးတဲ့အခါ . . .

"ငါတို့မြို့လေးမှာတော့ သူတို့တစ်တွေ မနေကြတော့ဘူးကွ။ ငါ ကုန်သွယ်ရေးဂိုဒေါင်မှာ အလုပ်ဝင်နေတုန်းကတော့ မေဇင်နဲ့ တစ်ခါတွေ့လိုက်တယ်။ မိုလ်တထောင်ဈေးထဲမှာပါ။ သူ့အိမ်ထောင်နဲ့ကွဲနေပြီ။ သမီးတွေတောင်ရနေပြီတဲ့။ ဖြူသွဲ့ကတော့ မြို့နယ်တရားသူကြီးလုပ်နေတယ်လို့ကြားရတယ်။ သူ့လိပ်စာ ငါ့ပေးသွားတယ်။ သူက မြို့နယ်တစ်ခုမှာရောက်နေတာတဲ့။ ဖြူသွဲ့နဲ့တစ်ခါပြန်ဆုံတုန်းကလည်း မေဇင်နဲ့တွေ့ရသလိုပဲ စကားတွေအကြာကြီးပြောလိုက်ရပါတယ်။ မေဇင်နဲ့တွေ့တော့ သူတို့မိသားစု ရန်ကုန်မှာနေတဲ့ တိုက်ခန်းလိပ်စာလည်း ငါယူထားလိုက်တယ်။ အကြောင်းရှိတဲ့အခါ ငယ်သူငယ်ချင်းတွေနဲ့ ဆက်သွယ်နိုင်အောင်လို့ပါ"

လို့ ပြောပါတယ်။

မျိုးမော်တို့ အခုလုပ်ငန်းအခြေချထားတဲ့ တည်းခိုအိမ်ကလေးဟာ ဆိတ်ငြိမ်ရပ်ကွက်မှာရှိနေပြီး ခြံနဲ့ဝင်းနဲ့ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းရှိတာမို့ လာရောက်တည်းခိုသူတွေ အသင့်အတင့်ရှိနေတတ်ပါတယ်။

ခုလည်း ဦးဇေယျတင်နဲ့ စကားကောင်းနေဆဲမှာပဲ နယ်ကလာတဲ့တည်းခိုသူမိသားစုတစ်စု ရောက်လာလို့ လိုအပ်တာ စာရင်းဇယားသွင်းပေးဖို့ မျိုးမော်ဟာ လုပ်ငန်းဆောင်တာရှိရာ ကောင်တာဘက် ထွက်လာခဲ့တာနဲ့ စကားစပြတ်သွားကြပါတယ်။

* * *

သည်ညနေခင်းမှာလည်း မျိုးမော်တစ်ယောက်တည်း

http://www.cherrythitsar.org



အလုပ်စားပွဲမှာ စာရင်းဇယားတွေ စစ်ဆေးနေတုန်း ဦးဖေယျတင်ရောက်လာတာနဲ့ . . .

"ဘာကိစ္စရှိလို့ပါလဲ ဦးလေး"

လို့မေးလိုက်တော့ သူကပြုံးပြီး

"မနေ့ ညနေပိုင်းက လမ်းထိပ်ခဏထွက်ပြီး ကွမ်းယာဆိုင်မှာ ရွှေပတ်ဆေးပေါ့လိပ်တစ်ထုပ်ထွက်ဝယ်တာ၊ ကန်ပတ်လမ်းအတိုင်းမောင်းလာတဲ့ မေဇင်ရဲ့ကားလေး မီးပွိုင့်ခဏရပ်တုန်း ဦးလေးကိုမြင်သွားလို့ လှမ်းနှုတ်ဆက်တော့ ဦးလေးက သင့်ဦးငယ်ရဲ့တူဝမ်းကွဲမောင်မျိုးမော်တို့ တည်းခိုခန်းမှာ ခြံစောင့်ဝင်လုပ်နေတဲ့ အကြောင်းသူ့ကားနားကပ်ပြီးပြောပြတော့ သူတော်တော်အံ့အား သင့်သွားတယ်။ တယ်လီဖုန်းနံပါတ်လည်း တောင်းသွားတယ်။ စံချိန်မီဆီစက်ရဲ့နောက်ဆုံးမျိုးဆက်ဖြစ်တဲ့ မင်းကို သူတွေ့ချင်ပုံရပါတယ်။ မင်း ဦးလေးကိုလည်း သူပြန်သတိရနေမှာပေါ့။ ဦးလေးဆီက ဟော့ဒီ ခြံနံပါတ်တောင်မေးပြီး ကမန်းကတန်းမှတ်သွားပါသေးတယ်။ ကားကိုသူကိုယ်တိုင်မောင်းတာ။ ဘေးမှာ ကလေးတစ်ယောက်ပါလာတယ်။ သူ့သမီးလေးပဲ ဖြစ်လိမ့်မယ်ထင်တယ်"

လို့ ပြောတော့ မျိုးမော်ကိုယ်တိုင်လည်း စိတ်လှုပ်ရှားသွားပါတယ်။ ကွယ်လွန်သူ သူ့ဦးလေးသင့်ဦးငယ်ကို မျိုးမော်ဟာ မိသားစုဓာတ်ပုံအယ်လ်ဘမ်တွေထဲမှာသာ မြင်ဖူးတာပါ။ သူ့ဦးလေးရဲ့ချစ်ဦးသူဒေါ်မေဇင်ဆိုတာကိုလည်း မြင်ဖူးကြုံဖူးချင်ပါတယ်။

"တကယ်တမ်းကျတော့ ကျွန်တော်တို့ လူ့ရပ်လူ့ရွာဆိုတာ ခပ်ကျဉ်းကျဉ်းလေးပါပဲ ဦးလေးရာ . . .အကြောင်းကြောင်းကြောင့် ပြန်ပြီး ပတ်သက်ဆက်နွယ်နေတတ်ကြတာပါပဲ"

လို့ မျိုးမော်ရင်ထဲမှာ နားလည်နေမိတယ်။ ဒါပေမဲ့ ဒီစကား

http://www.cherrythitsar.org



ကိုတော့၊ ဦးဇေယျတင်ကို မျိုးမော်မပြောပြလိုက်မိပါဘူး။ ဦးဇေယျတင်က သူပြောပြချင်တဲ့ကိစ္စပြောပြပြီး တည်းခိုအိမ်ရဲ့ အလုပ်ခန်းထဲက ပြန်ထွက်သွားတယ်။ သူ့တစ်ကိုယ်စာ အိပ်ဆောင်သဘောမျိုးနေစရာ လေးတစ်ခု ခြံထောင့်မှာ မျိုးမော်တို့ကဖန်တီးပေးထားကြပါတယ်။ စားတာသောက်တာတော့ သူ့လစာလေးနဲ့သူ မျှတပြီး အဲဒီတည်းခိုအိမ် လမ်းထိပ်ကွမ်းရာဆိုင်ဘေးက လမ်းဘေးထမင်းဆိုင်လေးမှာ လပေး စားနေတယ်လို့သိရတယ်။ တစ်မြို့တည်းနေ တစ်ရေတည်းသောက်ခဲ့ကြပေမယ့် မိဘဆွေမျိုးအခြေအနေ ပညာရေးအခြေအနေတွေကွာခြားခဲ့တော့လည်း ဦးဇေယျတင်တစ်ယောက် ဒီလိုအနေအထားမျိုးနဲ့ ရပ်တည်နေရတာ ဦးလေးအရွယ်ချင်းမို့ ကိုယ်ချင်းစာပြီး မျိုးမော်ရင်ထဲမှာ မကောင်းလှပေမယ့် လူ့အလွှာနဲ့လူ့ဘဝဆိုတာ ဒီလိုပဲရှိတတ်ကြပါတယ်လေလို့သာ သူ ဖြေသိမ့်လိုက်ပါတယ်။

* * *

သူငယ်ချင်းရွှေဦးက တည်းခိုအိမ်ကိစ္စ၊ လျှပ်စစ် သုံးစွဲခွန်ဆောင်ဖို့ မြို့နယ်ရုံးကိုသွားပေးပါဆိုတာနဲ့ မျိုးမော်ထွက်လာခဲ့ရတယ်။ ရုံးမှာ ကျောင်းတုန်းကဆရာတစ်ဦးဖြစ်တဲ့ ဆရာဦးနွဲ့ဗန်နဲ့ ပြန်ဆုံရ တာနဲ့ ဆရာ့ကို တစ်ခုခုဂါရဝပြုကျွေးမွေးချင်လို့ အလုပ်ကိစ္စတွေအပြီး ရွှေဂုံတိုင်အဝိုင်းကြီးကဖြတ်ပြီး သဇင်စံသျှမ်း စားသောက်ဆိုင်ကို ထွက်ခဲ့ကြတယ်။ ဆရာနဲ့အတူ ကြက်ဆီထမင်း၊ သျှမ်းဟင်းချို မှာပြီး စားရင်း ကျောင်းတုန်းကအကြောင်းတွေ ပြောကြတယ်။ ဆရာက ရန်ကင်းတိုက်ခန်းတစ်ခန်းမှာနေတော့ ဆရာ့ကို ပြန်ပို့ နှုတ်ဆက်ပြီးမှ တည်းခိုအိမ်ကိုပြန်လာခဲ့တယ်။ တည်းခိုအိမ်က စာရေးမကလေး ရီမေသင်းက စာရွက်ပိုင်းတစ်ခုလှမ်းပေးရင်း . . .

http://www.cherrythitsar.org



"ကိုမျိုးမော်အပြင်သွားနေတုန်း တယ်လီဖုန်းလာတယ်။ ဒီနံပါတ်နဲ့ ပြန်ဆက်ပါတဲ့"

လို့ ပြောတာနဲ့ ယူကြည့်လိုက်တော့ အံ့အားသင့်သွားတယ်။ ကွယ်လွန်သူ ဦးလေးသင့်ဦးငယ်ရဲ့ငယ်ချစ်ဦး ဒေါ်မေဇင်မွန်ဆီကဖုန်းပါလား။

ဒါနဲ့ ခရီးရောက်မဆိုက်ပဲ ဖုန်းလှမ်းဆက်လိုက်တယ်။ အဆက် အသွယ်ရတယ်။

"အန်တီ ဒေါ်မေဇင်မွန်လားခင်ဗျာ၊ ကျွန်တော် မောင်မျိုးမော်ပါ"

"သြော် . . . သားလား . . . ဟုတ်တယ်။ အန်တီဆက်တာပါ။ ဟိုတစ်နေ့က အန်တို့ငယ်သူငယ်ချင်းဇေယျာတင်နဲ့ သားတို့ တည်းခိုအိမ်ရှိတဲ့ လမ်းထိပ်မီးပွိုင့်မှာတွေ့လို့ သားဖုန်းနံပါတ်ကို ရခဲ့တယ်"

"ဟုတ်ကဲ့ အန်တီ၊ ဦးလေးဇေယျာတင်ပြောပါတယ်"

"သားတို့လုပ်ငန်း အဆင်ပြေတယ်မဟုတ်လား"

"သင့်ပါတယ် အန်တီ၊ ညှော့သည်ကတော့ သူ့အတိုင်းအတာနဲ့သူ အဝင်အထွက်သိပ်မပျက်လှပါဘူး"

"သားက ဘယ်တုန်းက ကျောင်းပြီးတာလဲ"

"သုံးနှစ်လောက်ရှိပါပြီအန်တီ၊ အင်္ဂလိပ်စာအဓိကနဲ့ပြီးတာပါ"

"နောက်ထပ် ဘာတွေဆက်တက်ဖြစ်သေးလဲ"

"နိုင်ငံခြားဘာသာသိပ္ပံမှာ ပြင်သစ်ဘာသာစကားသင်တာပြီး သွားပါပြီ"

"ဟုတ်လား . . . ဒါဆိုအဆင်သင့်လိုက်တာ . . . အိမ်က

http://www.cherrythitsar.org



အန်တီ့သမီးချိုမှိုင်းက ကျောင်းမပြီးသေးဘူး။ သူက နည်းပညာ တက္ကသိုလ်မှာ တတိယနှစ်တက်နေတာ၊ ပြင်သစ်ဘာသာစကားကိုသူ လည်း စိတ်ဝင်စားတယ်။ မောင်မျိုးမော်အားတဲ့အခါ အန်တီတို့ အိမ် လာလည်ပါဦး၊ ဘာပဲဖြစ်ဖြစ် မိသားစုလိုသဘောထားပေါ့ကွာ"

"ဟုတ်ကဲ့ပါအန်တီ၊ ကျွန်တော်မကြာမကြာ လာလည်ပါ့ မယ်၊ အန်တီတို့လိပ်စာ မှတ်ထားလိုက်မယ်လေ"

မျိုးမော်က ဖုန်းကိုင်ထားရင်း ကောင်တာစားပွဲပေါ်က စာရွက် တစ်ရွက်လှမ်းယူပြီး ဒေါ်မေဇင်မွန်ပြောတဲ့ အိမ်လိပ်စာကို မှတ်ထား လိုက်ပါတယ်။

"သား လာဖြစ်အောင်လာခဲ့နော် . . ."

လို့ ဒေါ်မေဇင်မွန်ကမှာပြီး ဖုန်းချသွားတယ်။

မျိုးမော်စိတ်ထဲမှာ သူ့ဦးလေးသင့်ဦးငယ်ရဲ့ တစ်ဝက် တစ်ပျက်နေ့စဉ်မှတ်တမ်းရှည်ကို ဖတ်ပြီးကတည်းက ဒီအမျိုးသမီးကြီး ကိုတွေ့ချင်နေတဲ့ဆန္ဒဟာ ပြည့်ဝသွားပြီလို့ ဆိုရပါလိမ့်မယ်။

* * *

ဒီနေ့ တနင်္ဂနွေနေ့။ တည်းခိုအိမ်ရဲ့ လုပ်ငန်းကိစ္စတချို့ကို အစုစပ်လုပ်ဖော်ကိုင်ဖက်သူငယ်ချင်း ရွှေဦးနဲ့ ဇေယျာတို့ကို ခဏလွှဲ ထားခဲ့ပြီး ဒေါ်မေဇင်မွန်ပေးထားတဲ့လိပ်စာအတိုင်း ကားမောင်း ပြီးထွက်လာခဲ့တယ်။ ဆိတ်ငြိမ်ရပ်ကွက်တစ်ခုထဲက လမ်းကျဉ်း လေးအတိုင်း ဝင်ခဲ့ရတယ်။ ပင်မလမ်းနှစ်လမ်းရဲ့ ဖြတ်လမ်းလို့ ခေါ်ရ မယ့်လမ်းကျဉ်းကလေးပါ။ ရှေးဟောင်းဘုရားတစ်ဆူတည်ရှိတာကို အစွဲပြုပြီး အဲ့ဒီ ဘုရားကြီးရဲ့အမည်နဲ့ တည်ရှိတဲ့လမ်းပါ။ ခြံနဲ့ဝင်းနဲ့ အိမ်တွေလည်း သီးသန့်ရှိသလို လမ်းရဲ့ဟိုဘက်ထိပ်နားအရောက်မှာ

http://www.cherrythitsar.org



တော့ စုပေါင်း လူနေစနစ်ကန်ထရိုက် ‘၅’ ထပ်တိုက်တွေကို တွေ့လိုက်ရတယ်။ အေ၊ ဘီ၊ စီ၊ ဒီ ဆိုပြီး တိုက်လေးလုံးရှိတဲ့ထဲက လိပ်စာအရဆိုရင် တိုက်နံပါတ် ‘ဘီ’ ကိုရှာလိုက်ရတယ်။ တွေ့ရပါတယ်။ ကားကိုပိတောက် ပင်တစ်ပင်ရဲ့အရိပ်မှာ ရပ်ထားခဲ့ပြီး သုံးထပ်ကို တက်ခဲ့ရတယ်။ လက်ယာဘက်က အခန်းနံပါတ် ‘၂၄’ ရဲ့ ကျွန်းသားတံခါးကို ခေါင်းလောင်း နှိပ်လိုက်တယ်။ ကျွန်းသားတံခါးအပြင်က သံတံခါးဖွင့်ထားပြီး သော့ခတ်မထားတော့ အထဲမှာလူရှိနေတာ သေချာပါတယ်။ ကျွန်းသားတံခါးရဲ့ ချောင်းကြည့်ပေါက်ကလေး ပွင့်ဟလာပြီးမျက်လုံးအရိပ်ကိုမြင်ရတယ်။ ပြီးတော့မှ တံခါးကို ခပ်ဟဟဖွင့်ရင်းက

“ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ”

ဆိုတဲ့မေးသံကို ကြားရတယ်။ ဆံပင်ရှည်ရှည်မျက်နှာဖွေးနုနုနဲ့ မိန်းကလေးတစ်ယောက်ဆိုတာ သူ သိလိုက်တယ်။

“ကိုယ့်နာမည် မျိုးမော်ပါ။ ဒါ ဒေါ်မေဇင်မွန်တို့ အခန်းမဟုတ်လား”

“ဟုတ်ပါတယ်”

“အန်တီကလာလည်ဖို့ဖိတ်ထားလို့ပါ။ အန်တီ့သူငယ်ချင်း ဦးသင့်ဦးငယ်ရဲ့တူလို့ပြောပေးပါ”

ဒီတော့မှ တံခါးကိုဖွင့်ပေးလိုက်တယ်။ အခန်းထဲရောက်ရောက်ချင်း မထိုင်သေးဘဲ . . .

“အန်တီရှိလား”

လို့မေးတော့ မိန်းကလေးက . . . ရှိပါတယ်။ . . . မေမေရေချိုး နေတယ် ခဏစောင့်ပါတဲ့။

ထိုင်ခုံတစ်လုံးမှာ သူဝင်ထိုင်လိုက်တယ်။ ဧည့်ခန်းတစ်ခန်းလုံးဟာ ရှုပ်ပွနေတယ်။ အဝတ်တွေဖရိုဖရဲ။ ပစ္စည်းတွေမွစာကြဲနေ

http://www.cherrythitsar.org



တယ်။ အခန်းထောင့်က ရုပ်မြင်သံကြားစက်ရှေ့မှာ ခေတ်လွန်ပုံစံကောင်မလေးတစ်ယောက်က ငုတ်တုတ်ထိုင်ရင်း ဗွီစီဒီစက်ဖွင့်လို့ နိုင်ငံခြား ရော့ခ်တေးသီချင်း M.T.V တစ်ခွေကြည့်နေတာကို မြင်ရတယ်။ မိန်းကလေးက အိမ်ခန်းထဲဝင်သွားတယ်။ သိပ်မကြာခင်မှာပဲ . . . ခါးကိုင်းကိုင်း၊ ဆံပင်ခပ်ကျဲကျဲကို တံစုသီးလေးလို စုပြီးစည်းထားတဲ့ ပိန်ကပ်ကပ် ဖြူလျော်လျော် မေးစေ့ချွန်းချွန်းအဘွားကြီးတစ်ယောက် လင်ပန်းလေးတစ်ချပ်နဲ့ ကော်ဖီနဲ့မုန့်လာချပေးပါတယ်။

"မင်းက သင့်ဦးငယ်ရဲ့တူကိုး၊ နယ်မှာနေတုန်းက အဘွားတို့အိမ်ကိုတော့ မင်းဦးလေးက ဝင်ထွက်နေတာပါပဲ။ သမီးနဲ့က သူငယ်ချင်းတွေဆိုတော့ စားအိမ်သောက်အိမ်လိုဖြစ်နေတာ"

လို့ ပြောပြီး . . . ခါးလေးကိုင်းကိုင်းနဲ့ အိမ်ခန်းထဲပြန်ဝင်သွားတယ်။ ခန်းဆီးတစ်စ ဖျတ်ခနဲခါလှုပ်သွားပြီး အခန်းထဲက အမျိုးသမီးကြီးတစ်ယောက် ထွက်လာတယ်။ ဖြူဖြူခပ်ဝဝပါပဲ။ ဆံပင်တွေကို ခပ်တိုတိုညှပ်ထားတယ်။ မျက်နှာမှာ ဘာမှလိမ်းမထားဘူး။ အိမ်နေရင်းမို့ထင်ပါရဲ့၊ နှုတ်ခမ်းပါးပါးကိုတော့ ပန်းနုရောင် နှုတ်ခမ်းနီလေး ခပ်ရေးရေးဆိုးထားတယ်။ မျက်ခုံးမွေးတွေက နုတ်ထားသလို ပါးလျားလှတယ်။ တီရှပ်အညိုရောင်နဲ့ ပါတိတ်လုံချည်ပန်းရောင်ဝတ်ထားပြီး စားပွဲပေါ်က စီးကရက်ဘူးနဲ့ မီးခြစ်ကိုကောက်ကိုင်ရင်း တစ်လိပ်မီးညှိရှိုက်ဖွာရာက ပစ်ချလိုက်တယ်။ မျိုးမော်နဲ့ မျက်နှာချင်းဆိုင်လောက်မှာရှိတဲ့ ကြိမ်ကုလားထိုင်ကို ခပ်ကြမ်းကြမ်းဆွဲယူပြီး ခြေပစ်လက်ပစ်ထိုင်ချလိုက်တယ်။

"သမီးချိုမှိုင်း ခဏလာစမ်း"

လို့ အိမ်ခန်းထဲလှမ်းအော်ရင်းက . . . မျိုးမော်ဖက်လှည့်ကြည့်ပြီး

http://www.cherrythitsar.org



“ကော်ဖီသောက်လိုက်ပါဦး”

လို့ ပြောတယ်။ အိမ်ခန်းထဲက ချိုမှိုင်းထွက်လာတယ်။

“မေမေ့ဓာတ်ပုံအယ်လ်ဘမ်စာအုပ်ကြီးယူခဲ့စမ်း”

လို့ပြောတော့ ချိုမှိုင်းက တိုက်ခန်းရဲ့အထပ်ခိုးပေါ်တက်သွားတယ်။ ပြန်ဆင်းလာတော့ အယ်လ်ဘမ်စာအုပ်ကို လှမ်းပေးတယ်။ သူ့အမေက တစ်ရွက်ချင်းလှန်ရင်းက စာမျက်နှာတစ်ခုအရောက်မှာ . . .

“ဒီမှာလေကွာ . . . သားဦးလေးသင့်ဦးငယ် . . . အင်္ဂလန်ကို မသွားခင်နှုတ်ဆက်ပွဲလုပ်တဲ့ညက အမှတ်တရရိုက်ထားတဲ့ အန်တီတို့ဓာတ်ပုံ”

လို့ ပြတာနဲ့ မျိုးမော်ယူကြည့်လိုက်တယ်။ ငယ်မူငယ်သွေးတွေက ပစ္စက္ခမှာ ဝေးကွာသွားကြပြီပဲ။ ဒေါ်ဖြူသွဲ့ဆိုတာဘယ်သူလဲလို့ မေးချင်ပေမဲ့ မမေးရဲဘူး။ တော်ပါသေးရဲ့။ ဒေါ်မေဇင်မွန်က စိတ်လိုလက်ရနဲ့ . . . ဟောဒါက ဘယ်သူ . . . ဒါက ဘယ်ကောင် . . . ဒီဟာက ဘယ်ကောင်မဆိုပြီး ငယ်ဘဝအလွမ်းပြေလေသံနဲ့ လက်ညှိုးလေးထောက်ထောက်ပြီးပြတော့မှ . . . ဒေါ်ဖြူသွဲ့ရဲ့ရုပ်ပုံလွှာကို မျိုးမော်မြင်ခွင့်ရလိုက်တယ်။

“ဒါက . . . အန်တီ့မေမေ ဒေါ်သိန်းချစ်တဲ့၊ အသက် ‘၇၃’ နှစ်။ ပိန်ပေမဲ့ သူပဲ ဈေးသွား၊ သူပဲချက်နေတုန်း။ ဒါက သမီးချိုမှိုင်း။ အန်တီတို့ဖေဖေက အန်တီတို့ နယ်မြို့မှာကတည်းက ဆုံးသွားတယ်။ ဟောဟိုမှာ ထိုင်ပြီး M.T.Vကြည့်နေတာက အန်တီ့သမီးအငယ် နီတိုး . . . . ဒါပေမဲ့ . . .”

လို့ ဒေါ်မေဇင်မွန်က စကားရပ်ရင်း မျိုးမော်ကိုမျက်စိမှိတ်ပြပြီး ရယ်နေပြန်တယ်။ ချိုမှိုင်းကလည်းရယ်နေတယ်။ ပြီးမှ ဒေါ်မေဇင်မွန်က အသံခပ်တိုးတိုးနဲ့ မျိုးမော်ဘက်ကို မျက်နှာတိုးကပ်လာပြီး

http://www.cherrythitsar.org



"သူက . . . Hot စတိုင်လ်ဖြစ်နေတယ်ကွာ . . ."

လို့ ခပ်တိုးတိုးပြောပြီး စီးကရက်ကို ဖွာရင်းက . . . ဓာတ်ပုံအယ်လ်ဘမ်ကို လှန်နေပြန်တယ်။ စာမျက်နှာတစ်ရွက်အရောက်မှာတော့ ဓာတ်ပုံတစ်ပုံကို လက်ညှိုးထောက်ရင်းက . . . လက်တစ်ဖက်က စီးကရက်တိုကို ပြာခံခွက်ထဲထိုးချေလိုက်တယ်။

ပြီးမှ မျိုးမော်ကို ဓာတ်ပုံတစ်ပုံပြတယ်။

မိန်းကလေး တစ်ယောက်ရဲ့ပုံပါပဲ။ ခြံကျယ်ဝင်းကျယ်ထဲက ဆင်ဝင်အိမ်ကြီးတစ်အိမ်ရှေ့မှာ မတ်တပ်ရပ်နေတဲ့ပုံ။ ရုပ်ရည်သန့်ကလေးပါပဲ။ စပို့ရှပ်အဖြူခံအနီစင်း၊ ဂျင်းဘောင်းဘီ အပြာရင့်ရောင်နဲ့ ဆံပင်ကတော့ ခပ်တိုတိုပါ။

"ဒါက အန်တီ့သမီးအကြီးဆုံး စုဝေဖြိုး"

လို့ပြောပြီး စီးကရက်တစ်လိပ်မီးညှိဖွာပြန်တယ်။

"သူက ဒီမှာမရှိဘူး။ နယ်မှာ သူ့အဖေနဲ့နေတယ်။ ဆယ်တန်းတဖုံးဖုံးကျနေတုန်းပဲ။ အိုင်ကျူဉာဏ်ရည်ဉာဏ်သွေးက မကောင်းရှာဘူးကွာ . . . ပြီးတော့ ဒီကလေးက မန်တယ်လ် စိတ္တဇ ဆန်နေတယ်။ ကြောင်နေတယ်။ တစ်ခါတစ်လေ သမီးကိုလွမ်းလို့ အန်တီက ဖုန်းလှမ်းဆက်ရင်တောင်မှ မအေကို စကားပြောတာ ပြောချင်သလိုလို မပြောချင်သလိုလိုနဲ့ . . . ဒီကိုလာခဲ့ဖို့ လှမ်းခေါ်တာသူ ကိုယ်တိုင်က မလာချင်ဘူးတဲ့။ သူ့အဖေကလည်းသူ့ကို အန်တီ့ဆီ မပေးဘူး . . . ဒါတွေထားလိုက်ပါ . . ."

စကားပြောနေရင်းက အန်တီမေဇင်ဟာ မျက်ရည်တွေ ရစ်ဝဲလာတာ မျိုးမော်သတိထားလိုက်မိတယ်။ ခဏကြာမှ တိမ်ဝင်သွားတဲ့ သူ့အသံကို ပုံမှန်ပြန်ထိန်းရင်း . . . .

"ဒါနဲ့ . . . မောင်မျိုးမော်အဖေနဲ့အမေ မျိုးသီဟတို့သိဂီဦးတို့

http://www.cherrythitsar.org



ရော နေကောင်းကြရဲ့လား။ တွေ့ရင် အန်တီသတိရတယ်လို့ ပြောပါ။ သူတို့ဘယ်မှာနေကြလဲ။ မောင်မျိုးမော်ကတော့ တည်းခိုအိမ်မှာပဲ အနေများမှာပေါ့ ဟုတ်လား” လို့ မေးတာနဲ့ မျိုးမော်က မိဘတွေရဲ့ နေရပ်လိပ်စာပြောပြပြီး သူကိုယ်တိုင်ကတော့ တစ်ပတ်တစ်ခါလောက် အိမ်ပြန်အိပ်တဲ့ အကြောင်းပြောပြလိုက်ပါတယ်။

“မကြာမကြာလာကွာ . . . အန်တီက လောလောဆယ် အင်တာပရိုက်စ်အကျိုးဆောင်ကုမ္ပဏီလုပ်ငန်းတစ်ခု ရှယ်ယာဝင်ထားတယ်။ အန်တီကတော့ အိမ်မှာ သိပ်မရှိဘူး။ အဓိကက သမီးချိုမှိုင်းကို မင်း အားတဲ့အခါလာလာပြီး ဖရန့်ချ်လင်းဂွင့်ချ်နဲ့ ပတ်သက်ပြီး Pre Guide ပေါ့ကွာ၊ ကြိုတင်ပြီး နည်းနည်းပါးပါးလမ်းစဖွင့်ပေးပါလို့ အန်တီပြောချင်တယ်။ ကြားတယ်နော် ချိုမှိုင်း . . . မောင်မျိုးမော်နဲ့ French Languge ကို discuss လုပ် တိုင်ပင်ဆွေးနွေးရမယ်ကြားလား။ ရောက်ရင်လည်း အားမနာနဲ့ကွာ . . . စားစရာရှိတာ ဆာရင်ဝင်သာစားသွား . . . အန်တီကတော့ အလုပ်များတယ် . . . စီးပွားရေးပဲ ခေါင်းထဲထည့်ထားတော့ အိမ်မှုကိစ္စလည်း ဘာမှကိုလှည့်မကြည့်အားဘူး။ အိမ်ဖော်လည်း မငှားရဲဘူးကွ။ တော်ကြာ ရှိတာတွေ မ, သွားမှ ဒုက္ခ ဟား . . . ဟား. . . ဟား. . .”

အားရပါးရရယ်မောရင်းပြောနေတဲ့ ဒေါ်မေဇင်မွန်ရဲ့ အမူအရာတွေဟာ တော်တော်လေး ပရမ်းပတာနိုင်ပြီး ပေါ့တန်လှတာ တွေ့ရတော့ အထင်မသေးမိပေမယ့် မျိုးမော်ရင်ထဲမှာ ဝမ်းနည်းမိတယ်။ မိခင်ချင်း အဒေါ်ချင်း စာနာမိလို့ပါ။

“ကျွန်တော် မကြာမကြာဝင်ခဲ့ပါ့မယ် အန်တီ၊ သွားဦးမယ်နော် အဘွား၊ သွားမယ် ချိုမှိုင်း . . .”

လို့ မျိုးမော်က နှုတ်ဆက်လိုက်တယ်။

http://www.cherrythitsar.org



"အိုကေ . . . ဆီးယူ . . . အန်တီလည်း တော်ကြာဆိုကား ခေါက်ဆီသွားထည့်ရဦးမှာ . . . အိုကေ . . .အိုကေ . . ."

အန်တီမေဇင်က မျိုးမော်ကို တံခါးဝအထိလိုက်ပို့ပေးရင်းက လှမ်းပြောနေပါတယ်။ မျိုးမော်ပြန်ဆင်းလာချိန်မှာ . . . ပတ်ဝန်းကျင်ရဲ့ ဆည်းဆာရိပ်တွေဟာ လမ်းကျဉ်းလေးပေါ်ကို သစ်ပင်တွေကြားထဲက ယှက်ဖြာလို့ ကျစပြုပါပြီ။

* * *

ပြီးခဲ့တဲ့ အပတ် တနင်္ဂနွေနေ့က . . . အန်တီမေဇင်တို့အိမ်ကို မျိုးမော်ရောက်ခဲ့ပြီး နောက်ပိုင်း ဒီတစ်ပတ်တော့ စနေနေ့မှာ လမ်းကြုံ တာနဲ့ ဝင်ခဲ့မိပြန်တယ်။

အိမ်ထဲဝင်လိုက်တော့ အဘွားရယ်၊ ချိုမှိုင်းရယ်၊ နီတိုးရယ် အပြင် နီတိုးအပေါင်းအသင်းတချို့ကို ဟေးလားဝါးလား တွေ့လိုက်ရတယ်။ အန်တီမေဇင်အပြင်သွားနေတယ်တဲ့။ နီတိုးတို့ အပေါင်းအသင်းတစ်စုက ဘယ်သူ့အတွက်ရယ်လို့တော့ဖြင့် မသိရတဲ့ မွေးနေ့ကိတ်တစ်ခုမှာဖို့ကိစ္စနဲ့ မုန့်တိုက်တစ်တိုက်ကို ဖုန်းလှမ်းဆက်ရင်း အချင်းချင်း တွတ်တီးတွတ်တာ ကန့်ကလျပြောနေကြတယ်။

ဒီလို ရုတ်ရုတ်သဲသဲကြားထဲရောက်လာတဲ့ မျိုးမော်ကို ချိုမှိုင်းက အားနာသွားဟန်တူပါတယ်။

"ကိုမျိုးမော်အချိန်ရလားဟင်"

လို့ မေးပြီး မလှမ်းမကမ်းက အအေးဆိုင်လေးမှာ အအေးတိုက်ချင်လို့ပါလို့ အေးဆေးတည်ငြိမ်ပြောလာတယ်။ မျိုးမော်က ရပါတယ်လို့ပြောလိုက်တော့ ချိုမှိုင်းက ခဏလေး အဝတ်ဝင်လဲဝတ်ပြီး အဘွားကို ခွင့်တောင်းရင်း ဆင်းလာကြတယ်။

http://www.cherrythitsar.org



ဆိတ်ငြိမ်ရပ်ကွက်လေးရဲ့ လမ်းကျဉ်းတစ်ဖက် ကုက္ကိုပင်ကြီး နှစ်ပင်အရိပ်အောက်က 'သဇင်ဦး' အအေးဆိုင်လေးမှာ ထိုင်လိုက်ကြတယ်။ မျိုးမော်က သစ်သီးစုံ တစ်ခွက်မှာလိုက်တယ်။ ချိုမှိုင်းက ရေခဲသုပ်တစ်ခွက်မှာတယ်။ တော်တော်အေးချမ်းတဲ့နေရာလေးပဲ။ မလှမ်းမကမ်းမှာ ဘုရားရှိတော့ ဘုရားပေါ်ကဆင်းလာတဲ့သူတချို့နဲ့ ဖြတ်သွားဖြတ်လာတချို့ရယ်ကြောင့် ဆိုင်လေးဟာ ရောင်းကောင်းနေပုံရတယ်။

"ကျောင်းမသွားရတဲ့ရက်ဆို တခြားသူငယ်ချင်းတွေဆီလည်း ခဏခဏသွားမလည်ချင်တော့ အိမ်မှာနေဖြစ်တာများပါတယ်။ ဒါပေမဲ့ စိတ်ရှုပ်တယ်။ စိတ်မလွတ်လပ်ဘူး။ မေမေကလည်း တစ်ခါတစ်ခါ သူ့ဧည့်သည်တွေနဲ့ ဝင်လိုက်ထွက်လိုက်၊ တက်လိုက်ဆင်းလိုက်။ နီတိုးကလည်း ကိုမျိုးမော်မြင်တဲ့အတိုင်းပဲ . . . ဗရုတ်သုတ်ခ အသိုင်းအဝိုင်းတွေနဲ့ မေမေကသာ သူ့သမီးကို ပြင်သစ်စာ ပြင်သစ်စကားတတ်စေချင်လို့ ကိုမျိုးမော်ကို ဖွတ်ကြီးအပ်နေတာ . . . ချိုမှိုင်းက . . . လောလောဆယ် ကိုယ့်ကျောင်းစာကိုယ်ဖတ်ရတာတောင် စိတ်ထဲမှာ မလွတ်လပ်ဘူး။ အိမ်မှာ မျက်စိနောက်တယ်၊ နားပူတယ်။ အိမ်မှုကိစ္စလည်း အဘွားနဲ့ ဝိုင်းကူလုပ်ပေးဖူးပါတယ်။ ဒါပေမဲ့ မေမေက ပစ္စည်းတစ်ခုကို ဒီနေရာကယူပြီးရင် ချချင်တဲ့နေရာချထားလိုက်တာ။ နီတိုးနဲ့ သူ့အပေါင်းအသင်းတွေကလည်း ဖရိုဖရဲနဲ့ဆိုတော့ ကြာတော့ ချိုမှိုင်းလည်း ဘာမှကို စိတ်လိုလက်ရလုပ်ချင်ကိုင်ချင်စိတ်မရှိတော့ ကိုမျိုးမော်မြင်မှာပေါ့၊ တစ်ခန်းလုံးမွစာကြဲနေတာလေ . . ."

ချိုမှိုင်းက မျက်လွှာလေးချရင်းပြောနေရှာတယ်။

"မေမေ ပြောတာ ချိုမှိုင်းတို့ကြားဖူးပါတယ်။ ကိုမျိုးမော်တို့ ဦးလေးသာ လေယာဉ်ပျက်ကျပြီးမဆုံးခဲ့ရင် မေမေနဲ့ ဖူးစာဆုံမှာတဲ့"

http://www.cherrythitsar.org



ချိုမှိုင်းစကားကြောင့် မျိုးမော်ကပြုံးလိုက်ပြီး . . .

"လူတွေဟာ ကံစီမံရာ နာခံကြရတာပဲ ချိုမှိုင်းရာ . . .ပြီးခဲ့တာတွေပြီးခဲ့ပါပြီ . . . ကိုယ်သိခွင့်ရရင်တော့ သိချင်တာလေးတစ်ခုရှိတယ်"

လို့ ပြောတော့ ချိုမှိုင်းက မျက်လွှာလေးပင့်လို့တစ်ချက်ကြည့်ရင်း . . .

"ပြောလေး ဘာသိချင်တာလဲ"

လို့မေးတယ်။

"ချိုမှိုင်းတို့ ဖေဖေနဲ့ ချိုမှိုင်းရဲ့ အစ်မကြီး စုဝေဖြိုးက ဘာလို့နယ်မှာခွဲနေကြတာလဲ . . ."

လို့ မေးလိုက်မိတယ်။

'ချိုမှိုင်းက မညာတတ်ဘူး . . . မညာချင်ဘူး။ ကိုမျိုးမော်ကိုလည်း အစ်ကိုလိုခင်ပါတယ်။ ချိုမှိုင်းသိသမျှ ပြောပြမယ်နော်"

လို့ ပြောပါတယ်။

"ရေခဲသုပ်စားလိုက်ဦးလေ . . . ပြီးမှ ဆက်ပြောတာပေါ့"

လို့ မျိုးမော်ကပြောရင်း သူကိုယ်တိုင်လည်း သစ်သီးစုံကို ခပ်သောက်နေမိတယ်။ သစ်သီးစုံသောက်ပြီး ခံတွင်းချဉ်တာနဲ့ ဘူးထဲက လန်ဒန်တစ်လိပ်မီးညှိရှိုက်ဖွာလိုက်မိတယ်။ ချိုမှိုင်းက စကားပြန်ဆက်တယ်။

"ချိုမှိုင်းတို့ သိရသလောက်ဆိုရင် . . . အဘိုးက . . . ဟိုတစ်ချိန်တုန်းက နယ်မှာ လယ်ဝန်လုပ်ခဲ့တော့ ငွေကြေးအဆင်ပြေခဲ့တယ်တဲ့။ မေမေ့ကိုလည်း မြို့ပို့ပြီး တက္ကသိုလ်ထားနိုင်ခဲ့တယ်။ လွတ်လပ်ရေးရပြီးခါစ ဖ.ဆ.ပ.လ တို့၊ တည်မြဲတို့၊ ပ.မ.ည.တ တို့၊ ပ.ထ.စ တို့ အစိုးရတွေခေတ်မှာ . . . မင်းကတော် စိုးကတော်တွေလည်း ခေတ်ကောင်းခဲ့ကြတော့ အခု ချိုမှိုင်းတို့အိမ်က အဘွားကလည်း သူ့

http://www.cherrythitsar.org



အရွယ်နဲ့သူ လူရာဝင်ပြီး ဂုဏ်ဒြပ်ကြီး တခမ်းတနားနဲ့ နေခဲ့တာပေါ့ ကိုမျိုးမော်ရယ်။ ကိုမျိုးမော်တို့ဦးလေး ဦးသင့်ဦးငယ်နဲ့ မေမေနဲ့ ရည်းစားဖြစ်ကြပြီး ဦးသင့်ဦးငယ်အင်္ဂလန်ကို ခဏသွားတဲ့အချိန် အောင်စာရင်းတွေထွက်တော့ မေမေက စာမေးပွဲနောက်ဆုံးနှစ် တစ်နှစ်ကျတယ်။ ဦးသင့်ဦးငယ် လေယာဉ်ပျက်ကျလို့ဆုံးပြီးနောက်ပိုင်း ရန်ကုန်မှာ မေမေက ကျောင်းတစ်နှစ်တက်ရပြန်တယ်။ ဒီကြားထဲမှာ ချိုမှိုင်းတို့အဘိုးကလေဖြတ်ပြီး ရုတ်တရက်ဆုံးသွားပြန်တယ်။ အဘွားရယ် သူ့ချွေးရုံသင်းပင်းအသိုင်းအဝိုင်းတွေရယ်ပဲ အိမ်ကြီးတစ်လုံးနဲ့ ကျန်ရစ်ခဲ့ကြတာပေါ့။ ချိုမှိုင်းအမှန်အတိုင်းပြောပြမယ်နော်၊ ချိုမှိုင်းက ပွင့်ပွင့်လင်းလင်းပဲ။ ဒါတွေလည်း မေမေက ချိုမှိုင်းကို ပြန်ပြောပြလို့ သိရတာပါ”

ဆိုပြီး ချိုမှိုင်းက ဆက်ပြောပြပြန်တယ်။

“ချိုမှိုင်းတို့ အဘွားက . . . အဘိုးမဆုံးခင်ကတည်းက ... မင်းကတော်စိုးကတော် တချို့နဲ့အတူ လယ်ယာကိစ္စနဲ့ အဘိုးခရီးထွက်နေပြီဆိုရင် . . . အိမ်တစ်အိမ်မှာစုပြီး . . . ပိုကာကစားကြတာပဲတဲ့။ ပထမတော့ အပျင်းပြေပေါ့ကိုမျိုးမော်ရယ် . . .။ ကြာလာတဲ့အခါကျတော့ တကယ့်လောင်းကစားဝိုင်းကြီးဖြစ်လာကြပြီလေ။ ဖဲသမားဆိုတာမျိုးက သူများအိတ်ကပ်ထဲကပိုက်ဆံကို ဘယ်လိုရအောင် ယူရမလဲဆိုတာသာ ဖဲချပ်တွေပွတ်ရင်းစဉ်းစားနေတာ၊ ကိုယ့်အိတ်ကပ်ထဲကပိုက်ဆံတွေ တတိတတိပါသွားမှာကျတော့ ကြိုပြီး ဘယ်သူမှ စဉ်းစားတတ်ကြတာမဟုတ်ဘူး။ ဒီလိုနဲ့ အဘိုးမသိအောင် ကျိတ်ပြီး ဟိုပစ္စည်းရောင်း၊ ဒီဟာထုခွဲနဲ့ ငွေမျောတာ ငွေနဲ့လိုက်ခဲ့တဲ့အဘွားဟာ အဘိုးဆုံးတဲ့အချိန်မှာ အဘိုးမသိအောင် အိမ်နဲ့ခြံကိုတောင် သူများဆီပေါင်နှံထားပြီးနေပြီတဲ့ ကိုမျိုးမော်ရယ် . . .။ ဒါတွေကို အဘိုးလည်း

http://www.cherrythitsar.org



သိမသွားခဲ့ရှုရာဘူး။ ရန်ကုန်မှာ နောက်ဆုံးနှစ်စာမေးပွဲပြန်ဖြေဖို့ ကျောင်းတက်နေရတဲ့ မေမေလည်းမသိရှာဘူး။ အဘိုးရှိတုန်းက အဘိုးရဲ့ ရာထူးဂုဏ်မျက်နှာနဲ့ ညှာတာခဲ့တဲ့ ကြွေးရှင်တွေဟာ အဘိုးလည်းမရှိရော . . . အဘွားကို မြေနိမ့်ရာဝိုင်းပြီး လှံနဲ့ စိုက်ကြတော့တာပဲ။ အဘွားဟာ ပရိဘောဂတွေကိုပါချပြီး ရောင်းရတယ်။ အကြွေးတွေဆပ်ရတယ်။ နောက်ဆုံး အိမ်နဲ့ခြံကိုသိမ်းမယ့်လူကလည်း ရက်ချိန်းပေးနေတာကြောင့် ကြံရာမရဖြစ်နေတယ်။ ခြံနဲ့ အိမ်ပေးလိုက်ရင် နေစရာက စကားပြောလာပြီလေ။ ကံကောင်းတာပဲလား၊ ကံဆိုးချင်လို့ပဲလားတော့ မဆိုနိုင်ဘူးပေါ့။ အဘွားရဲ့ မောင်ဝမ်းကွဲ တော်စပ်တဲ့ ဦးရွှေသာထွန်းဆိုတဲ့လူက နယ်လှည့်စပါးပွဲစားတဲ့။ သူက မိန်းမဆုံးသွားပြီး သားသမီးမကျန်ခဲ့တဲ့ မုဆိုးဖို။ ပိုက်ဆံရှိတယ်။ အိမ်ရှိတယ်။ ခြံရှိတယ်။ သူ့ကို အဘွားက ပြေးကပ်ရတယ်။ နေစရာပေးပါပေါ့။ သူက အဘွားကို ခင်ဗျားမှာရှိတဲ့လက်ကျန်အဝတ်အစားလေးတွေယူပြီး ကျုပ်အိမ်ပေါ်သာတက်လာခဲ့၊ စားရေးနေရေးကျုပ်တာဝန်ယူတယ် ခင်ဗျားသမီး မေဇင့်ကျောင်းစရိတ်လည်း စာတိုက်က ကျုပ် ပို့ပေးမယ် ဘာမှမပူနဲ့ဆိုပြီး ကယ်တင်လိုက်တော့ အဘွားဟာ ဦးရွှေသာထွန်းအိမ်ပေါ်အထုပ်ကလေးနဲ့ ရောက်သွားရတယ်။ ရန်ကုန်မှာ စာမေးပွဲဖြေပြီးကျောင်းပိတ်လို့ မြို့ကလေးကို မေမေပြန်လာတဲ့အခါ အဘွားရှိတဲ့ ဦးရွှေသာထွန်းအိမ်ပေါ်မေမေလည်းရောက်သွားတော့တာပေါ့။ အဘွားရဲ့ မောင် သုံးဝမ်းကွဲလောက်တော်စပ်တဲ့ ဦးရွှေသာထွန်း ဟာ မေမေ့ထက် အသက် ၁၀ နှစ်နီးပါး ကြီးပါတယ်။ သူက မေမေ့ကို စုံမက်တယ်၊ လက်ထပ်ချင်တယ်လို့ အဘွားကိုပြောတယ်။ သူ့ကျေးဇူးတွေက ရှိနေပြီဆိုတော့ အဘွားကမေမေ့ကို နားချတယ်။ မေမေကလည်း ငိုတယ်ပေါ့။ နောက်ဆုံးတော့ သားအမိနှစ်ယောက်

http://www.cherrythitsar.org



ဘဝရှေ့ရေးအတွက် မေမေက ခေါင်းညိတ်လိုက်ရတယ်။ မင်္ဂလာဆောင်ကြတယ်။ မေမေဘာမှ လုပ်စရာမလိုပါဘူး။ ငွေကြေးက အဆင်သင့်ကိုး။ ချိုမှိုင်းအထက်က စုဝေဖြိုးလည်း မွေးပြီးရော၊ ဖေဖေဟာ ဇာတိပြတော့တာပဲ။ အိမ်က အိမ်ဖော်လေးတွေနဲ့လည်း ရှုပ်တယ်။ အရက် သောက်တယ်။ မြင်းပွဲလောင်းတယ်။ ရောက်တဲ့နေရာမှာ မိန်းမပွေတယ်။ ဖေဖေက သိပ်အတ္တကြီးတဲ့သူ။ သူဘယ်လောက်ပဲပွေပွေ။ မေမေ့ကို အလိုရှိတဲ့အခါ လာခဲ့စမ်းဆိုပြီး အိမ်ပေါ်ထပ်ကနေ အော်ခေါ်လိုက်တာပဲတဲ့။ ထားရာနေ၊ ခေါ်တဲ့အခါလာ ဆိုတာမျိုးပေါ့ ကိုမျိုးမော်ရယ်။ မေမေလည်း မျက်ရည်နဲ့ မျက်ခွက်ပေါ့။ ချိုမှိုင်းကို မွေးပြီးပြန်တဲ့အခါကျတော့လည်း ဖေဖေက ခြေလှမ်းမငြိမ်ပြန်ဘူး။ ဒီတစ်ခါတော့ ပိုပြီး အနိုင်ကျင့်တော့တာပဲတဲ့။ စကားများရန်ဖြစ်ကြတဲ့အခါ မေမေ့ကို ရိုက်တယ်။ အဘွားကဝင်ဆွဲရင် အဘွားကို အော်ဟစ်တဲ့အထိ ကြမ်းတမ်းလာတယ်။ တရားမဝင်မဟုတ်ပေမယ့် အထုပ်ဆွဲပြီး ကလေးနှစ်ယောက်နဲ့ အိမ်ပေါ်ကဆင်းလို့ မြေးအဘွားသားအမိလေးယောက် တောရွာလေးတစ်ရွာမှာသွားနေရင်း ကုန်စုံဆိုင်လေးဖွင့်စားကြရတယ်။ ခက်တာက မေမေ့မှာ အခုနောက်ဆုံး နီတိုးလေးကိုယ်ဝန်က ပါလာပြန်တယ်။ နီတိုးလေးမွေးတဲ့ သတင်းကြားတော့ ဖေဖေက မော်တော်စင်းလုံးငှားပြီး အဲဒီရွာကို လိုက်လာပြန်တယ်။ နောက်ဆို ဘာမှမဖြစ်စေရတော့ပါဘူး ဘာညာနဲ့ ချော့မော့ပြီး ပြန်ခေါ်တော့ ပြန်လိုက်လာကြရပြန်တယ်။ ဒါပေမဲ့ လူဆိုတာ ဗီဇကို ဘယ်ဖျောက်နိုင်ပါ့မလဲ ကိုမျိုးမော်ရယ်။ ဖေဖေက ဘယ်လောက်အထိ အတ္တကြီးသလဲဆိုရင် သူသာ လုပ်ချင်ရာလုပ်မယ်။ မေမေ့ကိုကျတော့ ဘယ်မသွားရဘူး၊ ဘယ်သူနဲ့ စကားမပြောရဘူးဆိုပြီး သဝန်တိုလိုက်တာတဲ့လေ။ ယုတ်စွအဆုံး အိမ်က ကားမောင်းတဲ့ဒရိုင်ဘာနဲ့တောင် ပုတ်ခတ်စွပ်စွဲလာတော့

http://www.cherrythitsar.org



မေမေက သည်းမခံနိုင်တော့ဘူး။ ငတ်ချင်ငတ်ပစေ . . . သားအမိ တစ်တွေ ရောက်ရာအရပ်မှာ ကြုံရာလုပ်စားမယ်ဆိုပြီး . . . တရားဝင် ကွာရှင်းခွင့်တောင်းတော့တာပဲ”

“အဲလို ကွာရှင်းခွင့်တောင်းတော့ ကွာပေးလိုက်သလား”

လို့ မျိုးမော်ကမေးတဲ့အခါ ချိုမှိုင်းက ခေါင်းကလေးခါပြ တယ်။

“ကွာမပေးဘူးကိုမျိုးမော်ရဲ့။ သူ့အလစ်မှာ မေမေတို့ ထွက် သွားမှာစိုးလို့ဆိုပြီး၊ စပါးပွဲစားအလုပ်နဲ့ သူသွားလေရာရာ အရပ်မှန်သမျှ ချိုမှိုင်းရဲ့မမကြီး စုဝေဖြိုးကိုခေါ်သွားတယ်။ အဘွားလည်း သူ့မှားမှန်း သိသွားပါတယ်။ ဒါကြောင့် မေမေ့ကိုသနားလို့ဆိုပြီး တစ်နေ့ ဖေဖေ ခရီးထွက်သွားတုန်း၊ နောက်တော့မှ မမကြီးကို တစ်နည်းနဲ့ပြန်ဆက် သွယ်ပြီး ခေါ်ယူမယ်လို့ဆုံးဖြတ်ကြတယ်။ ဘာပစ္စည်း ကြီးကြီးမားမားမှလည်း မယူ။ ဘယ်သူ့ကိုမှ အသိမပေးဘဲ ညဘက် ရန်ကုန်ကိုထွက်တဲ့မော် တော်နဲ့ မိသားစုလေးယောက် တိတ်တိတ်ကလေး ဆန်တက်ခဲ့ကြ တယ်။ ရန်ကုန်ကို ချက်ချင်း မလာသေးဘူး။ ကျိုက်လတ်ရောက်တော့ ဆင်းပြီး လှိုင်းတာဆိုတဲ့ရွာကလေးမှာ ကျောင်းတုန်းက မေမေနဲ့ တစ်တန်းတည်းနေလာခဲ့တဲ့ တက္ကသိုလ်တက်ဖက် သူငယ်ချင်း အန်တီ သူဇာတို့ ဆေးခန်းမှာ ငှားပြီး ခဏနေကြတယ်။ အန်တီသူဇာနဲ့ တိုင်ပင် ပြီး ရွာရဲ့ ဈေးတန်းကလေးမှာ အရောင်းအဝယ်ဝင်လုပ်ခဲ့တယ်။ အဲဒီ မှာ (၃)နှစ် ဇာတ်မြှုပ်ခဲ့ကြတယ်။ အဲဒီကပြီးတော့မှ ရန်ကုန်က မေမေ့ သူငယ်ချင်း အန်တီဒေါ်သက်ပန်ကိုဆက်သွယ်ပြီး ရန်ကုန်ကို ပြောင်း လာကြတယ်။ ကုမ္ပဏီတစ်ခုမှာ ငွေကိုင်အရင်ဆုံး မေမေဝင်လုပ်တယ်။ တောင်ဥက္ကလာပဘက်မှာ အိမ်ငှားနေခဲ့ကြတယ်။ အဲဒီကမှတစ်ဆင့် ကြားထဲမှာ အိမ်နှစ်အိမ်ပြောင်း နေခဲ့သေးတယ်။ အခုတိုက်ခန်းကို

http://www.cherrythitsar.org



မဝယ်ခင် မေမေက အဆက်အသွယ်ကောင်းတစ်ခုရပြီး အခုလုပ်နေတဲ့ ကုမ္ပဏီကြီးမှာ လခတော်တော်များများနဲ့ အလုပ်ဝင်ခဲ့ရတယ်။ မေမေက အလုပ်စုံတယ် ကိုမျိုးမော်။ ကုမ္ပဏီလုပ်ငန်းတစ်ဖက်နဲ့ လုပ်နေရင်းက ပွဲစားအလုပ်လည်းလုပ်တယ်။ ဒီလိုနဲ့ အခြေအနေတွေပြောင်းလဲလာပြီး အခုတိုက်ခန်းလေးကို ချိုမှိုင်းတို့ ဝယ်နေနိုင်တဲ့ အဆင့်ရောက်ခဲ့ရတယ်"

လို့ ချိုမှိုင်းက ပြောပြပါတယ်။

"ကံအကြောင်းမလှလို့ မိစုံဘစုံနဲ့ မနေရပေမယ့် ချိုမှိုင်းတို့ ခုလို မြို့ကြီးပြကြီးမှာ စားဝတ်နေရေး အဆင်ပြေနေတာကိုပဲ ဖြေသိမ့်ပေါ့ ချိုမှိုင်းရာ . . . "

လို့ မျိုးမော်က နှစ်သိမ့်စကားပြောလိုက်ပါတယ်။

"ကိုမျိုးမော်နဲ့ စကားပြောဖော်ရတာ ချိုမှိုင်း ဝမ်းသာမိတယ်။ မကြာမကြာ ဝင်ခဲ့ပါနော်"

လို့ ချိုမှိုင်းက မှာနေတယ်။

"ချိုမှိုင်းလည်း ကိုယ်တို့ အလုပ်လုပ်နေတဲ့တည်းခိုအိမ်ဖက် ခရီး ကြုံရင် ဝင်နှုတ်ဆက်နိုင်ပါတယ်"

လို့ မျိုးမော်က ဖိတ်ခေါ်လိုက်တယ်။

"ဘာပဲဖြစ်ဖြစ်အကြောင်းကိစ္စတစ်စုံတစ်ရာရှိခဲ့ရင် ကိုယ့်ဆီကို ဖုန်းလှမ်းဆက်ပါ"

လို့ မျိုးမော်ကပြောရင်း လိပ်စာကတ်ပြားလေး ချိုမှိုင်းကိုပေးလိုက် တယ်။

အအေးဆိုင်ကို အအေးဖိုးရှင်းတဲ့အခါ ချိုမှိုင်းက သူဧည့်ဝတ်ပြုတာမို့ သူရှင်းပါရစေဆိုတာနဲ့ မျိုးမော်က လိုက်လျောလိုက်ရတယ်။

"ကဲ . . . ပြန်ကြစို့၊ ကိုယ်လည်း လုပ်ငန်းခွင်ကို ပြန်လိုက်ဦးမယ်"

http://www.cherrythitsar.org



ဆိုပြီး နှစ်ယောက်သား ကားရပ်ထားတဲ့ ချိုမှိုင်းတို့ တိုက်ခန်းတွေရဲ့မျက်နှာစာကို လျှောက်လာခဲ့ကြပါတယ်။

ဖောက်စ်ဝက်ဂွန်းကားလေးပေါ်တက်စက်နှိုးရင်း ချိုမှိုင်းကို လက်ပြနှုတ်ဆက်ပြီးမောင်းထွက်လာခဲ့ပါတယ်။ လမ်းကွေ့လေး မရောက်ခင် နောက်ကြည့်မှန်ကတစ်ဆင့် ကြည့်လိုက်တော့ ချိုမှိုင်းတစ်ယောက်တိုက်လှေကားအတိုင်းတက်မသွားသေးဘဲ မျက်စိတဆုံး ငေးကြည့်ကျန်ရစ်ခဲ့တာကို တွေ့လိုက်ရတော့ မျိုးမော်ရဲ့ ရင်ထဲမှာ သိမ့်ခနဲ လှုပ်ရှားသွားမိပါတယ်။

နာရီဝက်လောက်အကြာ တည်းခိုအိမ်ပြန်ရောက်တဲ့အခါမှာ အံ့အားသင့်ဖွယ်ရာတစ်ခု မျိုးမော်ကြုံလိုက်ရပြန်တယ်။

ဧည့်လက်ခံ ကောင်တာစာရေးမလေးက

"ကိုမျိုးမော် ဖုန်းလာတယ်"

ဆိုလို့ . . .

"ဟဲလို . . . "

ဆိုပြီး ကောက်ကိုင်လိုက်တဲ့အခါ . . .

"ကိုမျိုးမော်လား . . ."

ဆိုတဲ့ အသံလေးကို မမျှော်လင့်ဘဲကြားလိုက်ရတယ်။ ဘယ်သူ့အသံပါလိမ့်လို့ မျိုးမော်တွေးနေတုန်းမှာပဲ

"ချိုမှိုင်းဆက်တာပါ"

ဆိုတဲ့အသံလေးကြားရပြန်တယ်။

"ဟင် . . . ချိုမှိုင်းဘာဖြစ်လို့လဲဟင်"

လို့ မျိုးမော်က စိုးရိမ်တကြီးမေးလိုက်တယ်။

"ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး၊ ကိုမျိုးမော်ချောချောမောမော ပြန်ရောက်ပြီလားလို့ သတိရတာနဲ့ဆက်ကြည့်တာပါ"

http://www.cherrythitsar.org



လို့ ပြောတာကြောင့် မျိုးမော်က ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ အိပ်မက်တစ်ခုမြင်မက်နေရသလို ခံစားလိုက်ရတယ်။

"ကိုမျိုးမော်"

ဆိုတဲ့ ချိုမှိုင်းရဲ့ ထပ်ဆင့်အသံလေးက သူ့ရဲ့တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သလိုပါပဲ။

"ရောက် . . . ရောက် . . . ပြန်ရောက်နေပါပြီ"

လို့ မျိုးမော်က အယောင်ယောင်အထစ်ထစ်နဲ့ပြောလိုက်တော့ ဖုန်းထဲက ချိုမှိုင်းရဲ့ ရယ်သံလွင်လွင်လေးကို ကြားရပြီး . . .

"ဒါဆို ချိုမှိုင်းစိတ်အေးပြီ . . . ဒါပဲနော်"

လို့ပြောရင်း ဆတ်ခနဲဖုန်းချလိုက်သံကိုကြားရတယ်။

မျိုးမော် ဒီအပါတ် ရန်ကင်းက သူ့ဖေဖေမေမေတို့အိမ် ပြန်အိပ်မယ့်အပါတ်မဟုတ်လို့ ဒီညတော့ တည်းခိုအိမ်မှာပဲ အိပ်ဖြစ်မယ့်ညဖြစ်တာကြောင့် ရေချိုး ညစာစားပြီးတာနဲ့ ခြံဝင်းထဲဆင်းပြီး လမ်းလျှောက်နေမိတယ်။

ခြံဝင်းရဲ့အစောင့်အိမ်ကလေးဘက် ရောက်ခဲ့တယ်။ လျှပ်စစ် မီးဖိုနဲ့ ရေနွေးတစ်အိုးတည်နေတဲ့ ခြံစောင့်ကြီး ဦးဇေယျတင်ကိုတွေ့တော့ . . .

" ညစာစားပြီးခဲ့ပြီလား ဦးလေး"

လို့ အသံပြုလိုက်တယ်။

"အေး . . .ပြီးခဲ့ပြီကွ၊ ညသောက်ဖို့ ရေနွေးကြိုနေတာ၊ မောင်မျိုးမော် နေ့ခင်းက အပြင်ထွက်သေးတယ်နော် . . . ဦးလေးလာကြည့်တော့ မတွေ့မိလို့ပါ"

လို့ ပြောပါတယ်။

"ဟုတ်တယ်ဦးလေး၊ ဦးလေးမှာ ဘာကိစ္စများရှိလို့ပါလဲ"

http://www.cherrythitsar.org



လို့ မျိုးမော်ကမေးတော့ လျှပ်စစ်ဖို မီးခလုတ်ကိုပိတ်၊ ဖိုပေါ်ကခရားအိုးကိုယူပြီး လက်ဖက်ခြောက်ခပ်ထားတဲ့ ဓာတ်ဘူးကြီးထဲ ရေနွေးငှဲ့ထည့်ရင်းက ဦးဇေယျာတင် ခေါင်းခါပြတယ်။

"ဘာကိစ္စမှမရှိပါဘူးကွာ . . . ဦးလေးက ခြံဝင်းထဲ ဟိုကြည့် ဒီကြည့်ကြည့်ရင်း မင်းရှိမရှိ လှမ်းကြည့်မိလို့ပါ"

လို့ ပြောပါတယ်။

"ဟုတ်တယ် ဦးလေး၊ နေ့လယ်တုန်းက လုပ်ငန်းကိစ္စနဲ့ အပြင်ခဏထွက်သွားရင်း ခရီးကြုံတာနဲ့ အန်တီဒေါ်မေဇင်တို့အိမ်ကိုလည်း ဝင်နှုတ်ဆက်ခဲ့ပါသေးတယ်။ သူနဲ့တော့ မတွေ့ရဘူး၊ အလုပ်ကိစ္စတစ်ခုနဲ့ အပြင်ထွက်သွားတယ်တဲ့၊ သူ့မိသားစုထဲက သူ့သမီးလေး ချိုမှိုင်းနဲ့တော့ စကားတွေပြောခဲ့ရပါတယ်"

လို့ မျိုးမော်က ပြောပြလိုက်ပါတယ်။

ဦးဇေယျာတင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း လက်ဖက်ခြောက်ကျခါစ ဓာတ်ဘူးထဲကရေနွေးနှစ်ခွက်ငှဲ့ရင်း မျိုးမော်ကို တစ်ခွက်လှမ်းပေးတယ်။

"ကောင်းပါတယ်ကွာ၊ ခုလို တစ်ယောက်နဲ့တစ်ယောက် ဆက်နွှယ်မိကြတော့ ကိုယ့်ရပ်ဆွေရပ်မျိုးချင်း လိုအပ်တဲ့အကြောင်းကြီးငယ်ရှိခဲ့ရင် အပြန်ပြန်အလှန်လှန် ကူညီယိုင်းပင်းနိုင်တာပေါ့"

လို့ ဦးဇေယျာတင်ကပြောပြီး၊ ရေနွေးကြမ်းတစ်ငုံသောက်လိုက်တယ်။ ဆေးလိပ်ပြာခံခွက်ထဲက ဆေးပေါ့လိပ်တိုလေးကိုယူပြီး မီးညှိရှိုက်ဖွာလိုက်တယ်။ မျိုးမော်က. . . ဒေါ်မေဇင်တို့မိသားစုနဲ့ပတ်သက်ပြီး သူ့သမီးချိုမှိုင်းဆီက ကြားခဲ့ရသမျှကိစ္စတချို့ကို ဦးဇေယျာတင်ကို ပြန်ပြောပြလိုက်မိတယ်။

"ဒီကိစ္စတွေ ဦးလေးသိသင့်သလောက် သိထားပြီးပါပြီ။ ဦး

http://www.cherrythitsar.org



လေးသိတယ်ဆိုတာက မင်းဦးလေးသင့်ဦးငယ်နဲ့ အကြောင်းကံလွဲပြီးတဲ့နောက်ပိုင်း ဦးလေးတို့မြို့ကလေးမှာ မေဇင်တို့မိသားစု ဘာတွေဆက်ဖြစ်ကြ ပျက်ကြတယ်ဆိုတာ ဦးလေးနယ်ကမပြောင်းခင် မျက်မြင်ကိုယ်တွေ့အပိုင်းရော၊ ဒီကိုပြောင်းလာပြီးနောက်ပိုင်း နယ်က နယ်ခံအသိုင်းအဝန်းတွေရဲ့ တဆင့်စကားတဆင့်နားအရရော ကြားရသိရတာ စိတ်မကောင်းစရာပါပဲကွာ. . .”

လို့ပြောပြီး ဆေးလိပ်ကို ဆက်ဖွာနေတယ်။

“သားသမီးတွေ ကစင့်ကလျားဖြစ်နေတာ မေဇင့်အတွက် သူငယ်ချင်းတစ်ယောက်အနေနဲ့ ဦးလေးဘယ်လိုလုပ်ပြီး စိတ်ကောင်းနိုင်ပါ့မလဲကွာ။ မေဇင်ဟာ ဦးလေးသဘောပေါက်နားလည်သလောက်ဆိုရင် စိတ်အလိုလိုက်ပြီး လောင်းကစားလောကထဲ နစ်သွားခဲ့ရရှာတဲ့သူ့အမေနဲ့ မလွှဲသာလို့လက်ထပ်လိုက်ရတဲ့သူ့ယောက်ျား၊ ဒီနှစ်ယောက်ကြားမှာ မြေစာပင်တစ်ပင်ပေါ့ကွာ။ သူ့ယောက်ျားက သူ့ကိုအသုံးချပစ္စည်းတစ်ခုလို အသုံးချခဲ့တယ်။ ငွေအားနဲ့အနိုင်ယူတာ သူခံစားခဲ့ရတယ်။ သူနာကျည်းတယ်။ ဒါကြောင့် သူ့အနေနဲ့ ဒီယောက်ျားဆိုးလက်အောက်ကလွတ်မြောက်ဖို့ ရုန်းထွက်ခဲ့တယ်။ မောင်မျိုးမော်ကို ဦးလေးကြုံတုန်း သိထားတာလေးတွေပြောပြရဦးမယ်၊ မေဇင်ဟာ သူ့အိမ်ထောင်ရေး အဆင်မပြေမှုတွေကြားထဲမှာ ဘာမှမသက်ဆိုင်တဲ့ ဖြူသွဲ့ကို အမြင်စောင်းခဲ့သေးတယ်”

လို့ ဦးဇေယျတင်ကပြောတော့ မျိုးမော်က စိတ်ဝင်တစားဖြစ်သွားပြီး . . .

“ဒေါ်ဖြူသွဲ့နဲ့ ဘယ်လိုဖြစ်ကုန်ကြတာလဲဦးလေး”

လို့ မေးလိုက်မိတယ်။

“မေဇင်ဟာ သူ့ယောက်ျားဆိုးနဲ့ အပြီးအပြတ်ကွာရှင်းပြတ်စဲ

http://www.cherrythitsar.org



ဖို့ တရားရုံးမှာကြိုးပမ်းတဲ့အခါ ဦးလေးတို့မြို့နယ်က တရားသူကြီးနဲ့ နယ်တစ်နယ်မှာ တရားသူကြီးဖြစ်နေတဲ့ ဖြူသွဲ့နဲ့ ပုဂ္ဂိုလ်ရေးရင်းနှီးမှု ရှိတယ်ဆိုတဲ့သတင်းကို စုံစမ်းလို့ရထားတော့ ငယ်သူငယ်ချင်းဖြစ်တဲ့ ဖြူသွဲ့ဆီ သူကိုယ်တိုင်လိုက်သွားပြီး အကူအညီတောင်းတယ်။ လက်ရှိ ဦးလေးတို့မြို့နယ်ကတရားသူကြီးဆီ စာတစ်စောင်ရေးပေးပါ၊ စာထဲမှာ မေဇင်ဟာ ဖြူသွဲ့ရဲ့ အရင်းအနှီးဆုံးငယ်သူငယ်ချင်း ဖြစ်တဲ့ အကြောင်းနဲ့ အခုလိုတရားဝင်ကွာရှင်းပြတ်စဲမယ့်ကိစ္စမှာ မေဇင့်ဘက် က ရပ်တည်ဆောင်ရွက်ပေးဖို့ ရေးခိုင်းတယ်။ ဖြူသွဲ့ကလည်း ကူညီ ချင်ပါတယ်။ ဒါပေမယ့် သူ့အနေနဲ့ သူများတကာရဲ့ ရုံးကိစ္စလုပ်ထုံး လုပ်နည်းကို စည်းဘောင်ကျော်ပြီး ဝင်မစွက်ဖက်ချင်ဘူး၊ အခြေအနေ ကလည်း ဝင်စွက်ဖက်လို့မသင့်တဲ့ ကိစ္စကြီးဖြစ်နေတယ်။ အဲဒါက ဘာလဲဆိုတော့ မူလတရားရုံးကရုံးစာနဲ့ ကာယကံရှင် မေဇင့်ယောကျ်ား ဦးရွှေသာထွန်းကို ဆင့်ခေါ်တယ်။ ဦးရွှေသာထွန်းက ရုံးကိုလာတယ်။ ဒါပေမယ့် လုံးဝကွာရှင်းမပေးနိုင်ဘူး။ မေဇင့်ကို တရားဝင် ဆက်လက် ပေါင်းသင်း နေထိုင်မယ်လို့ပဲ သူက ငြင်းချက်ထုတ်တဲ့အခြေအနေမျိုး ဖြစ်နေတယ်။လင်ခန်းမယားခန်းဆိုတာ နှစ်ဦးနှစ်ဘက်သဘောတူညီ ချက်ရမှသာ ကွာရှင်းနိုင်တာကိုး။ ဒီတော့ ကိစ္စကမပြတ်မသား ဖြစ်နေ တယ်။ ဦးရွှေသာထွန်းဘက်ကလည်း မေဇင်တို့သားအမိတတွေ တိတ် တဆိတ် ထွက်ပြေးသွားတဲ့အချိန်အထိ သူ့ဘက်က နေရေးထိုင်ရေး စားရေး သောက်ရေး ငွေရေးကြေးရေး အထောက်အပံ့ ဘာတစ်ခုမှ မပျက်ကွက်ခဲ့ဘူး။ သူက စီးပွားတောင့်တင်းတာကိုး။ ယောကျ်ား သဘာဝ ကွယ်ရာမှာ သုံးတာဖြုန်းတာ ပွေတာရှုပ်တာကလွဲရင်ပေါ့ လေ။ လင်ရယ် မယားရယ် ကတောက် ကဆဖြစ်လို့ ရိုက်မောင်း ပုတ်မောင်း လုပ်တယ်ဆိုပေမယ့် ဦးရွှေသာထွန်းက ပါးနပ်တယ်၊

http://www.cherrythitsar.org



ဆေးရုံမှာ ဆရာဝန်စစ်ချက်ယူရ လောက်အောင် တစ်ခါမှ လက်လွန် ခြေလွန် သွေးထွက်သံယိုဖြစ်တဲ့အထိ အညိုအမည်း စွဲအောင် ရိုက်ခဲ့တာမဟုတ်ဘူး။ အတွင်းကြေကြေအောင်တောင် ရိုက်ခဲ့တာမဟုတ်တော့ အရေးယူအပြစ်ရှာရခက်နေတဲ့ အခြေအနေမျိုး။ ဖြူသွဲ့နဲ့တွေ့တုန်းက ပြောပြသလိုမျိုးဆိုရင် ဟိုလူက လူလည်ကွ။ လူပါးကွ။ ဥပဒေကို ရိုးတိုးရိပ်တိတ် တီးမိခေါက်မိပုံရ တယ်။ ပြီးတော့ မင်းစဉ်းစားကြည့်။ ဦးရွှေသာထွန်းက သမီးအကြီးဆုံး စုဝေဖြိုးကို ခေါ်ထားပြီး ဆက်စောင့်ရှောက်ထားတာကိုကြည့်။ တကယ်လို့သာ မေဇင်က အခုလက်ရှိသူခေါ်လာခဲ့တဲ့ ချိုမိုင်းနဲ့နီတိုးကိုသာ ခေါ်မလာခဲ့ဘဲ ဦးရွှေသာထွန်းနဲ့ထားခဲ့ရင်လည်း ဟိုလူက ဆက်ပြီးစောင့်ရှောက် ထိန်းသိမ်းထားမှာပဲ။ နှစ်ဦးနှစ်ဘက် လက်ထဲမှာ သားသမီးတွေက ရှိနေတော့ အချိန်မရွေး သားသမီးနောင်ရေးကိစ္စတွေနဲ့ အကြောင်း ကြောင်းကြောင့် သူတို့နှစ်ယောက်ပြန်လည်ပေါင်းစည်းသွားနိုင်တဲ့ အလားအလာရှိတယ်လို့ ဖြူသွဲ့ဘက်က ခန့်မှန်းမိတဲ့အကြောင်း ဖြူသွဲ့နဲ့ဆုံတုန်းက ဦးလေးကိုပြောပြဖူးတယ်။ ဒါကြောင့် ဖြူသွဲ့က မေဇင့်ကို တောင်းပန်တယ်တဲ့။ သက်ဆိုင်ရာမြို့နယ်တရားရုံးနဲ့ပဲ တရားလမ်းကြောင်းအတိုင်းဆောင်ရွက်သွားပါ၊ ဒီကိစ္စ သူကြားထဲက မပါဝင်ပါရစေနဲ့လို့ တောင်းပန်ပြီး ပြန်လွှတ်လိုက်တယ်တဲ့။ ဒါကို မေဇင်က မကျေနပ်ဘူး။ ငယ်ငယ်တုန်းက ဦးလေးသိခဲ့ရသလောက်ဆိုရင် မင်းဦးလေး 'သင့်ဦးငယ်'အပေါ်မှာ မေဇင်ရော ဖြူသွဲ့ရော အတိုင်းအတာတစ်ခုအထိ သံယောဇဉ်ရှိခဲ့ကြဖူးတယ်၊ မေဇင်က ဖြူသွဲ့ကိုကျော်ပြီး သင့်ဦးငယ် အင်္ဂလန်သွားခါနီး နှုတ်ဆက်တဲ့ညမှာ နှင်းဆီပွင့်လက်ဆောင်ပေးခဲ့တယ်။ ဖြူသွဲ့ အဖော်မဲ့ ကျန်ခဲ့ရတယ်။ မေဇင် အမြင်မှားသွားတာက ဖြူသွဲ့ဟာ သင့်ဦးငယ်နဲ့ပတ်သက်လို့ ငယ်ငယ်တုန်းက နောက်ဆုတ်

http://www.cherrythitsar.org



ခဲ့ရတာကို စိတ်ထဲမှာတေးထားပြီး အခု မေဇင် ကျဉ်းထဲ ကြပ်ထဲ ကြုံရတဲ့ပြဿနာမှာ ခေါင်းရှောင်လိုက်တယ်လို့ ထင်သွားတယ်။ ဒီလိုအထင်မှားပြီး ဒေါသတကြီးနဲ့ ဖြူသွဲ့ကို သွယ်ဝိုက်ထေ့ငေါ့ အနှောင့်အသွားမလွတ်တဲ့ ငယ်ကျိုးငယ်နာစကားမျိုးတွေ နင်ဘဲငဆ ပြောဆိုသွားတာတွေလည်း ဖြူသွဲ့က ဦးလေးကိုပြောပြလို့ ဦးလေး သိရတယ်။ ခက်တယ်ကွာ။ ဖြူသွဲ့က ဒီနေ့အထိ ခပ်အေးအေးပဲနေ တာပါ။ အိမ်ထောင်လည်း မပြုသေးဘူး၊ သူ့အဖေကြီးကို လုပ်ကျွေး ပြုစုနေတာ။ ဖြူသွဲ့တို့အမေကြီးက ဆုံးသွားပြီလေ။ ဖအေကြီး ကလည်း မျက်စိခွဲထားရတယ်လို့ ကြားတယ်။ ဖြူသွဲ့ညီမ ရီရီမြင့် ကတော့ ကလေးတွေတောင်ရနေပြီတဲ့၊ သူ့ယောကျ်ားက မီးရထား ဘက်က အရာရှိတစ်ယောက်ပဲ”

လို့ ဦးဇေယျတင်ကပြောပြီး နည်းနည်းမှောင်ရီသန်းလာ တာမို့ သူ့အစောင့်အိမ်ကလေးထဲမှာ ခြင်ကိုက်သက်သာအောင် အလင်း ရောင်ရဖို့ မီးခလုတ်ထဖွင့်တယ်။ ခြင်ဆေးခွေခွက်ကလေးထဲမှာ ခြင် ဆေးခွေတစ်ခွေ မီးညှိပြီးထွန်းလိုက်တယ်။

“အန်တီမေဇင် အခုလိုစိတ်ဆိုးမာန်ဆိုးနဲ့ ဆက်ဆံသွားတဲ့ အပေါ်မှာ ဒေါ်ဖြူသွဲ့ရဲ့အနေအထားက ဘယ်လိုရှိလဲဦးလေး”

မျိုးမော်က သိချင်လို့ မေးလိုက်မိတဲ့အခါ. . .

“မေဇင်ဟာ သူ့ဘဝရဲ့အားနည်းချက်တွေအတွက် ထွက် ပေါက် လွတ်လွတ်လပ်လပ်ရှာလို့မရသေးတဲ့အချိန်မှာ ခုလိုပဲ မည်း မည်းမြင်ရာကို သက်ာမကင်းဖြစ်နေဦးမှာပဲ။ ဒါကြောင့် သူ့ကို ငယ် သူငယ်ချင်း အရင်းအခြာတစ်ယောက်အနေနဲ့ ခွင့်လွှတ်လိုက်ပါတယ် လို့ ဖြူသွဲ့က ဦးလေးကိုပြောပါတယ်. . .ခက်တယ်ကွာ၊ မင်းလည်း အခု သူတို့ မိသားစုနဲ့ အဝင်အထွက်ရှိနေပြီပဲ. . .သူတို့မိသားစုအခြေ

အနေတွေကို မင်းက ဦးလေးထက်တောင် ပိုပြီးသိလာရင်သိလာရဦးမှာ၊ အဲဒီ့အခါကျရင် ဦးလေးကိုလည်း ပြောသင့်တယ်လို့ထင်တဲ့ စကားရှိရင် ပြောချင်တဲ့ဆန္ဒရှိရင် ပြောပေါ့ကွာ”

လို့ ဦးဖေယျတင်က ပြောပါတယ်။ မှောင်ရီတော်တော်ရင့်လာပြီမို့ ဦးဖေယျတင်ရဲ့အစောင့်အိမ်ခန်းကလေးဆီက မျိုးမော်နှုတ်ဆက်ထွက်လာခဲ့ပါတယ်။ သူတို့ရဲ့ တည်းခိုအိမ်ခြံဝင်းထဲမှာ မီးရောင်တွေက လင်းလက်လို့နေတယ်။ တိုက်ထဲက မီးအလင်းရောင်တွေဟာ ပြတင်းပေါက်တွေရဲ့ မှန်နောက်မှာတပ်ဆင်ထားတဲ့ အစိမ်းနုရောင်ဇာခန်းဆီးတွေကို ပိုပြီးတောက်ပစိမ်းလဲ့လို့နေစေတယ်။ ကောင်းကင်မှာ ညဦးရဲ့ကြယ်ပွင့်လေးတွေ နေရာအနှံ့ ပြန့်ကျဲတောက်ပနေစေတယ်။ မဟူရာကတ္တီပါစကြီးပေါ်က စိန်ပွင့်လေးတွေလိုပါပဲ။

* * *

မနက်ဖြန်ဆို New Year Eve ပါလား။ ခရစ်သက္ကရာဇ် နောက်တစ်နှစ်ကို ကူးပေဦးတော့မယ်။ နှစ်ဟောင်းမှာ ကိုယ်ဘာတွေမှားခဲ့ ပြီး ဘယ်လောက်မှန်ကန်ခဲ့လဲ။ လူ့ဘဝမှာ မှားတာတွေကို အရင်ဆုံး စဉ်းစားသုံးသပ်ရမယ်။ အမှန်ဆိုတာက ပုထုဇဉ်မှာ ရှားလွန်းလှပါ တယ်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ငွေရေးကြေးရေး၊ လုပ်ငန်း ဒါတွေကော . . . ဘယ်လောက်ကောင်းပြီး ဘယ်လိုညံ့ခဲ့လဲ။ ဘဝမှာ ချစ်သူမရှိသေးတာတော့ အသေချာဆုံးဖြစ်နေတယ်။ ဒီအကြောင်း တွေစဉ်းစားရင်း စိတ်ထဲမှာ ချိုမှိုင်းလေးကိုသတိရလိုက်တာ။

နှစ်သစ်တစ်နှစ်မကူးပြောင်းခင် အမှတ်တရညစာဖြစ်ဖြစ် ချိုမှိုင်းလေးနဲ့ အေးချမ်းတိတ်ဆိတ်တဲ့စားပွဲဥယျာဉ်တစ်ခုခုမှာ မီးပွင့်ရောင်စုံလေးတွေကို သစ်ရွက်ကြို သစ်ရွက်ကြားကတဆင့် ငေးကြည့်ရင်း ကြည်ကြည်နူးနူး စားချင်လိုက်တာ။

http://www.cherrythitsar.org



ကောက်ကာင်ကာ ချိုမှိုင်းဆီကိုဖုန်းကောက်ဆက်လိုက်တယ်။ သူတို့အဘွားထင်ပါရဲ့။ ဖုန်းကိုင်တယ်။ ‘ခဏနေရင် ပြန်ဆက်ပါ။ ချိုမှိုင်း အောက်ထပ်ကစတိုးဆိုင်လေးကို သွားနေတယ်’တဲ့။ ဆယ်မိနစ်လောက်ကြာမှ ပြန်ဆက်ကြည့်မယ်ဆိုပြီး တည်းခိုအိမ်နဲ့ပတ်သက်တဲ့လုပ်ငန်းတချို့ မျိုးမော်လုပ်နေလိုက်တယ်။

နောက်တစ်ခါ ဖုန်းပြန်ဆက်တဲ့အခါမှာတော့ ချိုမှိုင်းနဲ့စကားပြောရတယ်။ ချိုမှိုင်းရဲ့အသံကို နားထောင်ရတာ အတော်လေးပဲ ဝမ်းသာသွားတဲ့အနေအထားမျိုးလို့ မျိုးမော်မှန်းဆမိတယ်။

“မနက်ဖြန် တစ်နှစ်ကူးတော့မယ် ချိုမှိုင်းရေ . . . ဒါကြောင့် ကိုယ်က အမှတ်တရ ဒီညညစာနဲ့ တစ်နေရာရာမှာ ချိုမှိုင်းကို ကျွေးချင် လို့ ဖုန်းဆက်တာ”

လို့ ပြောတော့ ချိုမှိုင်းက . . .

“ဘွားဘွားနဲ့ မေမေ့ကိုပြောပြီး စောင့်နေမယ်လေ . . . ကိုမျိုး ဘယ်တော့လာကြိုမှာလဲ”

လို့ မေးတယ်။ မျိုးမော်ရင်ထဲမှာ သိမ့်ခနဲဖြစ်သွားတယ်။ မကြာသေးခင်နေ့ရက်တွေတုန်းက ကိုမျိုးမော်လို့ခေါ်နေရာက ခုတော့ ကိုမျိုးလို့ခေါ်လိုက်တဲ့အသံကြားရလို့ပါ။ ဒါဟာ ပိုမိုရင်းနှီးနွေးထွေးတဲ့ သဘောပဲ မဟုတ်လား။ ဒီလိုခေါ်တဲ့အတွက်လည်း ချိုမှိုင်းကို ကျေးဇူးတင်လိုက်မိတယ်။ ပျော်သွားတယ်။

“ညနေ ၅နာရီခွဲ အရောက်လာခဲ့မယ်နော်”

လို့ ပြောလိုက်တော့ ချိုမှိုင်းက စောင့်နေမယ်တဲ့။

* * *

ညစာစားပွဲကအပြန်မှာ အိပ်မက်တစ်ခုဖြင့်သစ်ခဲ့ရပြန်ပေါ့လို့ မျိုးမော် နှလုံးသားတွေက လှိုက်လှိုက်တုန်ခါခံစားခဲ့ရပါတယ်။ ဒီ

http://www.cherrythitsar.org



ညတော့ဖြင့် တော်တော်နဲ့အိပ်ပျော်နိုင်လိမ့်မယ်မထင်ဘူး ချိုမှိုင်းရယ် . . ။ သူ့ကိုယ်သူလည်း မျိုးမော်အံ့အားသင့်နေမိတယ်။ ခိုင်ဇာနှင်း စားတော်ဆက်ပန်းဥယျာဉ်ထဲက ပင်လယ်ကဗွီးပင်ရိပ်မှာထိုင်ရင်း ညစာစားသောက်နေကြရာက . . . မမျှော်လင့်ဘဲ ချိုမှိုင်းကိုချစ်နေမိတဲ့အကြောင်း မျိုးမော်ဖွင့်ဟလိုက်မိတယ်။ ချိုမှိုင်းက . . . ဘာမှမပြောဘဲ မျက်ရည်တွေရစ်ဝဲပြီး ရုတ်တရက်ငိုချလိုက်တာကြောင့် မျိုးမော်တုန်လှုပ်သွားတယ်။

"ကိုယ့်ကိုစိတ်ဆိုးသွားလားဟင် ချိုမှိုင်း၊ ချိုမှိုင်းကို အထင်သေးလို့ ခုလိုချစ်တဲ့အကြောင်းပြောမိတာမဟုတ်ပါဘူး ချိုမှိုင်းရယ်၊ ကိုယ့်ရင်ထဲက တကယ်ချစ်မိလို့ ဖွင့်ပြောလိုက်ရတာပါ"

လို့ ပြာပြာသလဲ တောင်းပန်နေမိတယ်။ ခဏအကြာမှာ ချိုမှိုင်းက မျက်နှာလေးမော့ပြီး မျိုးမော်ကိုကြည့်ရင်း . . . ခေါင်းခါပြတယ်။

"ပြောလေ . . . ချိုမှိုင်း . . . ကိုယ်မှားသွားပြီလား၊ အခွင့်အရေးယူလိုက်မိပြီလား ချိုမှိုင်းရယ် . . ."

မျိုးမော်က တဖွဖွမေးနေမိတယ်။ သူတကယ်ပဲ ခံစားရလို့ပါ။

"ပြောလေ . . . ပြောပါ . . . ကိုယ့်ကို ပြောစရာရှိတာပြောပါ"

မျိုးမော်က ချိုမှိုင်းရဲ့လက်ဖဝါးလေးကို ညင်သာဖွဖွဆုပ်ကိုင်ပြီး မေးလိုက်တယ်။

"ချိုမှိုင်း စိတ်မဆိုးပါဘူး၊ ချစ်တယ်ဆိုတာ မင်္ဂလာရှိတဲ့စကားပါ ကိုမျိုးရယ် . . ."

လို့ အသံတွေတုန်ခါပြီး ချိုမှိုင်းက ပြောလာတယ်။

"ဒါဆိုရင် . . . ကိုယ်ဝမ်းသာပါတယ်၊ ကိုယ့်ကို တစ်ခုခုအဖြေပေးပါလားချိုမှိုင်းရယ်"

http://www.cherrythitsar.org



မျိုးမော်က စိတ်တွေတအားပဲလှုပ်ရှားပြီး တောင်းဆိုလိုက်မိတယ်။

"ကံကြမ္မာဆိုတာနဲ့ပတ်သက်ပြီး ချိုမှိုင်းကြိုတင်ကြောက်နေသလိုပဲ ကိုမျိုးရယ် . . . "

လို့ ချိုမှိုင်းကပြောတော့ မျိုးမော် အံ့အားသင့်သွားတယ်။

"ဘယ်လိုကံကြမ္မာမျိုးလဲဟင် ချိုမှိုင်း"

"ချစ်သူဘဝမှာ ချစ်ပြီး၊ လင်မယားဘဝကျရင် ချိုမှိုင်းအပေါ်မှာ ကိုမျိုးစိတ်ပြောင်းသွားမယ့် ကံကြမ္မာမျိုးကိုပြောတာပါ"

"ဟာ . . .ချိုမှိုင်းကလည်း ဘယ်လိုမှကိုယ်က စိတ်ပြောင်းသွားမှာ မဟုတ်ပါဘူး"

ချိုမှိုင်းက လက်ကိုင်ပဝါစလေးနဲ့ မျက်ဝန်းအိမ်မှာအိုင်နေတဲ့ မျက်ရည်တွေကို တို့သုတ်လိုက်ရင်း . . .

"ကမ္ဘာပေါ်မှာ ရှိရှိသမျှချစ်သူတွေသာ ကံကြမ္မာအတွက် ကြိုတင်ပြီး ကတိတည်တတ်ကြမယ်ဆိုရင်. . . Heart Break နှလုံး ရင်ကွဲကိစ္စတွေ ဘယ်ဖြစ်လာပါ့မလဲ ကိုမျိုးရယ် . . . ။ ချိုမှိုင်းခံစားချက်တစ်ခုပြောပြမယ်၊ ချိုမှိုင်းလေ . . . မေမေ့ဘဝနဲ့တူမှာ သိပ်ကြောက်တာပဲ။ မေမေ့ဘဝကို စဉ်းစားကြည့်၊ ဘယ်လောက်သနားဖို့ကောင်းလဲ။ ချစ်ဦးသူနဲ့လွဲခဲ့တဲ့ ကံကြမ္မာ။ မိခင်ကြီးကြောင့် တစ်ပါးသူရင်ခွင်ထဲ ဘဝ အပ်နှံခဲ့ရတဲ့ ကံကြမ္မာ။ သမီးလေးတွေ တစ်ယောက်ပြီး တစ်ယောက် မွေးပြီးတာတောင်မှ မိန်းမအပေါ် သစ္စာစောင့်ထိန်းရမှန်း၊ ဆထက်ထမ်းပိုးတိုးပြီး ဂရုတစိုက်ယုယရမှန်းမသိတဲ့ လင်ယောကျ်ားဆိုးတစ်ယောက်နဲ့ အရှင်လတ်လတ် ငရဲခံခဲ့ရတဲ့ကံကြမ္မာ . . ."

"ချိုမှိုင်း . . . သတိထားပါ . . . ကျေးဇူးရှင်မွေးသဖခင်ကို ချို မှိုင်းဒီလိုမပြောရဘူး၊ သူပြုမူတဲ့အပြုအမူတွေဟာ သူ့တာဝန်တွေပဲ၊ ချို မှိုင်းက သူ့ရဲ့သမီးအရင်းဖြစ်နေတယ်လေ"

http://www.cherrythitsar.org



"ဟုတ်ပါတယ် . . . ချိုမှိုင်းစကားပြောမှားသွားတယ်"

ချိုမှိုင်းက ဝန်ခံပါတယ်။ ပြီးမှစကားဆက်ပြောတယ်။

"ကိုမျိုးစဉ်းစားကြည့်နော် . . . တစ်ယောက်နဲ့တစ်ယောက် ချစ်သူဘဝရောက်ကြတယ်ဆိုတာထက် မိန်းကလေးတစ်ယောက်က ချစ်သူ့ရင်ခွင်ထဲ ခိုဝင်တယ်ဆိုတာ ကြည်နူးချမ်းမြေ့မှုအတွက်ပါ။ အဲဒီ ချစ်သူကို လက်ထပ်တယ်ဆိုတာ ဘဝတစ်သက်တာအားကိုးမှုပါ ... လက်ထပ်တယ်ဆိုတာ ယုယကြင်နာမှုနဲ့ သစ္စာတရားကို တရားဝင် ရယူလိုက်တဲ့သဘောပဲ။ အဲဒီအခါကျမှ ကံကြမ္မာကိုယိုးမယ်ဖွဲ့ပြီး သူတို့ခွဲကြခွာကြ ကွဲကွာကြလေသတည်းရယ်လို့ နိဂုံးကမ္ပတ်အဆုံး သတ်ရမယ်ဆိုရင် အနစ်နာဆုံးဟာ မိန်းမသားပါပဲကိုမျိုး။ သားသမီး ရှိခဲ့ရင် ကြားထဲက မြေဇာပင်လေးတွေဟာ အဲဒီသားသမီးတွေပဲပေါ့။ မေမေ့နေရာမှာ ကိုမျိုးစဉ်းစားကြည့်။ အိမ်ထောင်ရေးကြောင့် သူ့ဘဝ မှာ အစိတ်စိတ်အမွှာမွှာပြိုကွဲခဲ့ရတာ။ ချိုမှိုင်းနဲ့ နီတိုးတို့ညီအစ်မနှစ် ယောက်က သူနဲ့အနီးကပ်နေတယ်ဆိုပေမယ့် အဝေးက သူ့သမီးကြီး အတွက်လည်း မေမေ့ရင်ထဲမှာ ပူပင်နေမှာပဲ။ အရွယ်ရောက်လို့ သမီး သုံးယောက် အိမ်ထောင်ရေးဝဲဂယက်ကြီးထဲ ရောက်သွားတဲ့အခါ မမြင် သာတဲ့ ကံကြမ္မာဆိုးတွေနဲ့ အကြောင်းကြောင်းကြောင့် ကြုံရတာကို သက်ရှိထင်ရှားရှိတုန်း မေမေမြင်တွေ့မယ်ဆိုရင်တော့ မေမေရင်ကွဲမှာ သေချာတယ်ကိုမျိုးရယ် . . . မေမေက ချိုမှိုင်းတို့ကို ပြောဖူးတယ်။ သမီးတို့အိမ်ထောင်ရေးကံဇာတာ ကောင်းစေချင်တယ်။ မေမေ့လို လင် ယောကျ်ားဆိုးနဲ့ မတွေ့စေချင် မကြုံစေချင်ဘူးတဲ့"

လို့ ချိုမှိုင်းကပြောတော့ မျိုးမော်ရင်ထဲမှာ ပိုပြီးအလေးအနက် စဉ်းစားရ မယ့်အနေအထားမျိုး ဖြစ်သွားပါတယ်။

"ချိုမှိုင်း . . ."

မျိုးမော်က တိုးတိုးညင်သာအသံပြုလိုက်ပါတယ်။ ချိုမှိုင်းက

http://www.cherrythitsar.org



ရွှန်းလဲ့တောက်ပတဲ့မျက်ဝန်းအစုံနဲ့ မျိုးမော်ကို ငေးစိုက်ကြည့်နေတယ်။ တစ်ခုခုကိုစဉ်းစားဆုံးဖြတ်ပြီး မျိုးမော်က စကားဆက်ပြောတယ်။

"ကိုယ်ကြိုတင်ပြီး ကတိပေးရပါတယ်ချိုမှိုင်း။ ချိုမှိုင်းကိုချစ်မိတဲ့အချစ်ဟာ ဆူလွယ်နပ်လွယ် Hit and Run ထိပြီးပြေးမယ်ဆိုတဲ့ အပျော်သဘောနဲ့ချစ်တဲ့ အချစ်မျိုးမဟုတ်ဘူးဆိုတာ ကိုယ်ကတိပေးရပါတယ်"

လို့ မျိုးမော်က ပြောလိုက်ပါတယ်။

"ကိုယ့်ကိုယုံလိုက်ပါအချစ်ရယ် . ."

လို့ မျိုးမော်ကပြောရင်း အားမလိုအားမရနဲ့ ချိုမှိုင်းရဲ့လက်ဖမိုး လက်ဖဝါးနုနုလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်မိတယ်။ ချိုမှိုင်းဘာမှမပြောဘဲ မငုံ့မရဲနဲ့ ခေါင်းလေးညင်သာညိတ်ပြရှာတယ်။

"ပျော်လိုက်တာ . . . အချစ်ရယ် . . ."တဲ့။

မျိုးမော် တကယ်ပဲ ရင်ထဲမှာ ဘဝတစ်ကွေ့အတွက် ချမ်းမြေ့သွားပါတယ်။

* * *

စိတ်တွေက လွတ်လပ်ပေါ့ပါးနေတယ်။ လုပ်ငန်းခွင်မှာနေရတာလည်း မျိုးမော်အတွက် အရင်ကလိုငြီးငွေ့မှုတချို့တစ်ဝက် ရောယှက်မနေတော့ဘူး။ သစ်ရွက်လေးတစ်ရွက်လိုပဲ အလေးချိန်ကင်းမဲ့လွန်းလှတယ်။ အချစ်ဆိုတဲ့စေတသိက်က သိပ်ဆန်းကြယ်ပါလား။ အချစ်ရဲ့ချိုမြိန်တဲ့ အာဟာရကြောင့် ဘဝဟာ ပိုမိုလတ်ဆတ်လာသလိုပဲ။ တွေဝေမှုတွေနဲ့ကင်းမဲ့ သထက်ကင်းမဲ့လာတော့တယ်။ ညတိုင်း ၆ နာရီဆို ချိုမှိုင်းနဲ့ ဖုန်းစကားပြောနေကျ အချိန်သတ်မှတ်ခဲ့ကြတယ်။ စကားတွေကလည်း ပြောလို့အကြောင်းအရာ မကုန်ဆုံးနိုင်ဘူး။ မျိုးမော်ဟာ ချိုမှိုင်းနဲ့ပတ်သက်ပြီး လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေကို

http://www.cherrythitsar.org



တောင်မှ တစ်စွန်းတစ်စ ဖွင့်ဟမပြောပြမိသေးဘူး။ အချိန်တန်မှ သူတို့နည်း သူတို့ဟန်နဲ့ သူတို့သိသွားကြပါစေဆိုတဲ့သဘောနဲ့ပါပဲ။ တည်းခိုအိမ်စောင့်ကြီး ဦးဖေယျတင်ကိုလည်း ပြောပြဖို့မလိုအပ်သေးတဲ့ အနေအထားမှာ ခပ်မဆိတ်ပဲ နေလိုက်မိတယ်။ ဒါက မျိုးမော်ရဲ့ ပုဂ္ဂလိက ကိုယ်ရေးကိုယ်တာပါ။

ဒီနေ့ညနေခင်းမှာ လုပ်ငန်းကိစ္စလေးတွေလုပ်နေတုန်း တည်းခိုအိမ်ကို ဧည့်သည်တစ်ယောက် မမျှော်လင့်ဘဲရောက်လာတယ်။

"ဟင် . . . ချိုမှိုင်း၊ လာလေ ထိုင်ပါဦး၊ ဘယ်သူ အဖော်ပါသေးလဲ . . . ပါရင်ခေါ်လိုက်လေ"

လို့ ပျာပျာသလဲ မျိုးမော်က ဧည့်ခန်းမှာနေရာထိုင်ခင်းပေးပြီး မေးလိုက်တော့ . . . ချိုမှိုင်းက ခေါင်းခါပြရင်း

"ချိုမှိုင်း တက္ကစီနဲ့ တစ်ယောက်တည်းလာခဲ့တာပါမောင်"

လို့ပြောပါတယ်။ ပြီးတော့မှ

"ဒီနေ့မနက် ဗဟိုစည်ဆေးရုံမှာ မေမေ ဆေးရုံတက်တယ်"

လို့ပြောပါတယ်။ စိုးရိမ်စိတ်ကြောင့်

"ဘာဖြစ်လို့ အန်တီမေဇင် ဆေးရုံတက်တာလဲ ဟင်"

လို့ မေးလိုက်မိတယ်။

"အခြေအနေက ကောင်းရဲ့လား၊ စိုးရိမ်စရာများရှိလား"

လို့ လည်းမေးမိတဲ့အခါ ချိုမှိုင်းက

"မောင် . . . ခဏအချိန်ပေးလို့ရမလား . . . တစ်နေရာမှာ စကားသွားပြောကြရအောင်"

လို့ပြောပါတယ်။ သူ့ကို ဧည့်ခန်း ဆက်တီခုံမှာ ခဏထားရစ်ပြီး သူငယ်ချင်းရွှေဦးရဲ့အလုပ်ခန်းကို တံခါးတွန်းဖွင့်ပြီး ဝင်ခဲ့တယ်။ လေအေးစက်ကြောင့် စိမ့်ခနဲဖြစ်သွားတယ်။

http://www.cherrythitsar.org



"ငါ အပြင်ခဏသွားလိုက်ဦးမယ် ရွှေဦး၊ ကိစ္စလေးတစ်ခုနဲ့ ဧည့်သည်တစ်ယောက်လာခေါ်လို့"

လို့ပြောပြီး ပြန်ထွက်လာခဲ့တယ်။ ကောင်တာမှာတော့ စာရေးမလေးရီမေသင်းကို ဖုန်းလာရင် ဘယ်သူ့ဆီက၊ ဘာကိစ္စဆိုတာ မှတ်ထားပေးဖို့ မှာရစ်ခဲ့တယ်။ နှစ်ယောက်သား ကားနဲ့ထွက်ခဲ့ကြတယ်။ အချိန်က မနက် ၁၀ နာရီဆိုတော့ ထမင်းသိပ်မဆာသေးတာနဲ့ ပေါ့ပေါ့ပါးပါးတစ်ခုခုစားရင်း စကားပြောကြဖို့ 'ခေမာရဋ္ဌ' သျှမ်းခေါက်ဆွဲဆိုင်ဘက် မောင်းလာခဲ့တယ်။ ဆိုင်ရဲ့ ဘယ်ဘက်ထောင့်စားပွဲမှာထိုင်ရင်း

"ခေါက်ဆွဲစားနော် ချိုမှိုင်း"

လို့ပြောပြီး နှစ်ပွဲမှာလိုက်တယ်။

"မောင်ရေ . . . ချိုမှိုင်းတို့ မိသားစုအခြေအနေက အပြောင်းအလဲ တစ်ခုခုဖြစ်မလား မသိဘူး"

လို့ ချိုမှိုင်းက စကားစတယ်။

"ပြောပါဦးအချစ်ရယ် . . . ဘယ်လို အပြောင်းအလဲများ ပါလိမ့်"

"ခုတစ်လော အိမ်ကို လူအဝင်အထွက် ရှိလာတယ်မောင်"

"ချိုမှိုင်းတို့အိမ်မှာ လူအဝင်အထွက်က အန်တီမေဇင်ရဲ့ လုပ်ငန်းကိစ္စတွေနဲ့ မပြတ်ရှိနေတာပဲမဟုတ်လား"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ မေမေနဲ့ တရင်းတနှီး အဝင်အထွက် ဇယ်ဆက်သလို အလာအသွားစိပ်နေတဲ့ လူတစ်ယောက် ရှိလာတယ် မောင်"

"သူက ဘယ်သူလဲ"

"အင်း . . . ဘယ်လိုပြောရမလဲဆိုရင် အဲဒီဦးရဲ့နာမည်က ဦးပြည့်မောင်တဲ့၊ လူရည်သန့်ပါပဲ၊ အရွယ်က ချိုမှိုင်းတို့ဖေဖေနဲ့ မတိမ်း

http://www.cherrythitsar.org



မယိမ်းလောက်ပဲ ရှိလိမ့်မယ်ထင်တယ်။ မေမေ့ကိုယ်ရေးကိုယ်တာ ကိစ္စမှန်သမျှ သူကဝိုင်းဝန်းလုပ်ပေးနေတယ်။ လုပ်ငန်းကိစ္စရော၊ ချိုမှိုင်းတို့မိသားစုကိစ္စတွေပါ လုပ်ကိုင်ပေးနေတယ်။ အိမ်မှာ သူက စားအိမ်သောက်အိမ်လို ဖြစ်နေတယ်။ စိတ်သဘောထားလည်း နူးညံ့သိမ်မွေ့ပြီး ချိုမှိုင်းတို့ နီတိုးတို့ကို သမီးလေးတွေ၊ တူမလေးတွေလို ခင်ခင်မင်မင်ဆက်ဆံတတ်ပါတယ်။ ခင်စရာကောင်းတဲ့ ဦးကြီးတစ်ယောက်ပါပဲ”

“ဒါဆို ဘာပြဿနာရှိနိုင်မလဲ အချစ်ရယ်၊ သူက လူကောင်းပဲဟာ”

“မောင်ပြောတာလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ ချိုမှိုင်း အကဲခတ်ကြည့်ရတာ . . . အဲဒီ ဦးပြည့်မောင်နဲ့ မေ့မေ့ဆက်ဆံရေးဟာ သာမန် အဆင့်ထက်ပိုနေသလိုပဲ။ သံယောဇဉ်အတိုင်းအတာတစ်ခုခု ရှိနေကြသလိုပဲ မောင်”

“ချိုမှိုင်းဆိုလိုတာကို မောင်သဘောပေါက်ပါပြီ။ ချိုမှိုင်းတို့ မေမေ့မှာလည်း အိမ်ထောင်ဦးစီးတစ်ယောက်လို အားကိုးအားထား ပြုရမယ့် ယောကျ်ားတစ်ယောက်နဲ့ အနေဝေးနေတာ ကြာခဲ့ပြီဆိုတော့ သူလည်း ပုထုဇဉ်သဘာဝ ရှိကောင်းရှိမှာပေါ့”

“ဟုတ်တယ် . . . ဖေဖေနဲ့ ကွဲကွာလာပြီးတဲ့နောက်ပိုင်း နယ်စုံလှည့်လာခဲ့ကြရတဲ့ ချိုမှိုင်းတို့မိသားစုမှာ အားနည်းချက်က ဘာလဲဆိုရင် အိမ်မှာ လူရှိသေရှင်ရှိသေ အိမ်ထောင်ဦးစီးယောကျ်ား သားရယ်လို့ မားမားမတ်မတ် တစ်ယောက်မှမရှိခဲ့တဲ့ အနေအထားပဲ။ မေမေက မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားရင်း လုပ်ငန်းတွေစုံအောင်လုပ်တဲ့အခါ လုပ်ငန်းသဘောအရ ဆက်ဆံပတ်သက်ရတဲ့ ယောကျ်ားတွေကတော့ အများကြီးပေါ့။ အိမ်ထောင်နဲ့ဝေးနေတဲ့ မိန်းမသားတစ်ယောက်ဆိုပြီး တချို့ကလည်း စည်းဘောင်ကျော်လွန်ပြီး ထိကပါးရိကပါး စကားလမ်းကြောင်းပြောင်းလဲလာတာ

http://www.cherrythitsar.org



တွေလည်း ရှိကောင်းရှိမှာပါ။ မေမေဖွင့်မပြောပေမယ့် ချိုမှိုင်း အကဲခတ်မိခဲ့တာလေးတွေ ရှိပါတယ်။ ဒါပေမဲ့ မေမေက ဖေဖေနဲ့ပတ်သက်လို့ ဘဝမှာဒဏ်ရာရထားတဲ့မိန်းမသားဆိုတော့ သတိနဲ့နေတဲ့ မိန်းမသားတစ်ယောက် ဖြစ်နေပြန်တယ်။ ယောက်ျားတွေကို သူမယုံခဲ့တာ ကြာပြီလို့ မေမေပြောဖူးတယ်”

“ဟုတ်ပြီလေ . . . ခုလိုအနေအထားမှာ ဦးပြည့်မောင်ကိုလည်း အန်တီမေဇင်က သာမန်မိတ်ဆွေအဆင့်ထက်ပိုပြီး လိုက်လျောနိုင်ပါ့မလား”

“စဉ်းစားစရာပေါ့ မောင် . . . ဒါပေမဲ့ သွေးနဲ့ကိုယ်သားနဲ့ကိုယ် ဖွဲ့စည်းထားတဲ့ မိန်းမသားတစ်ယောက်အတွက် ဘယ်လောက်ပဲ ကိုယ့်ကိုယ်ကိုယ် တင်းထားတယ်ပဲထားဦး၊ ကျေနပ်ယုံကြည်လောက်တဲ့ အသွင်အပြင်ဗီဇလက္ခဏာမျိုးနဲ့ ကြုံလာဖန်များတဲ့အခါ စိတ်မလှုပ်ရှားပဲနေပါ့မလား။ တခြားမကြည့်နဲ့ ချိုမှိုင်းလေ . . . တက္ကသိုလ်မှာ ချိုမှိုင်း ကိုစိတ်ဝင်စားပါတယ်ဆိုပြီး ချစ်ပါတယ်ဆိုပြီး ပတ်သက်ချဉ်းကပ် propose လုပ်လာတဲ့ ကျောင်းသားနှစ်ယောက် သုံးယောက်ကို ကြုံဖူးခဲ့ပေမယ့် အစစအရာရာအကဲခတ်ပြီး လမ်းစဖြတ်ခဲ့တယ်။ စိတ်မလှုပ်ရှားခဲ့တာလည်း အဓိကကျပါတယ်မောင် . . . ဒါပေမဲ့ ချိုမှိုင်း ဝန်ခံရဦးမယ်။ မောင့်ကိုလေ . . . စတွေ့တဲ့နေ့ကတည်းက စိတ်ဝင်စားခဲ့ရတယ်။ စိတ်လှုပ်ရှားခဲ့ရတယ်။ အဲဒါကြောင့် မောင်နဲ့ကျတော့မှ ချိုမှိုင်းဘဝတစ်ခုလုံးကို အပ်နှံချင်တဲ့ဆန္ဒရှိခဲ့ရတာပါမောင်ရယ်”

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မျက်နှာပြင်မှာ ပီတိသွေးရောင်လေးတွေ တစ်ချက်လွှမ်းသွားခဲ့တယ်။ ခဏကြာမှ စကားပြန်စဖြစ်ခဲ့ကြပြန်တယ်။

“အခုကိစ္စမှာ ဦးပြည့်မောင်နဲ့ အန်တီမေဇင် အတိုင်းအတာတစ်ခုအရ သံယောဇဉ်ငြိတွယ်သွားကြပြီဆိုရင် ချိုမှိုင်းတို့မိသားစုမှာ

http://www.cherrythitsar.org



ဘာဖြစ်လာနိုင်မလဲ”

“ဘယ်ဖြစ်ပါ့မလဲ မောင်၊ မောင်စဉ်းစားကြည့်လေ . . . နီတိုးက အခုမှ ကလေးစိတ်သိပ်မပျောက်သေးတဲ့ အပျိုဖော်ဝင်စ အရွယ်လေး၊ သူပျော်သလို စိတ်ကစားတတ်ခါစ ကောင်မလေး . . . ဦးပြည့်မောင်က အိမ်ပေါ်ရောက်လာပြီဆိုတဲ့အခါ နီတိုးနဲ့တံစက်မြိတ် တစ်ခုထဲအောက်မှာ ‘ပထွေး’ရယ်လို့ နေသင့်ပါတော့မလား။ ဦးပြည့် မောင်က အကျင့်စာရိတ္တ စိတ်ချရတယ်ပဲထားပါဦး၊ ချိုမှိုင်းရော အနေအထိုင် မကျဉ်းကျပ်သွားပေဘူးလား။ ပတ်ဝန်းကျင်ဆိုတာက ရှိသေးတယ်။ မဖြစ်ပါဘူး မောင်ရယ်၊ ပြီးတော့ ဖေဖေက မေမေ့ကို တရားဝင်ကွာရှင်းပြတ်စဲပေးထားတာ မဟုတ်သေးဘူး။ မေမေလုပ်တာနဲ့ ဇာတ်တွေမရှုပ်သင့်ဘဲ ရှုပ်ကုန်တော့မှာပဲ။ မောင့်ကို အဲဒါလာတိုင်ပင် တာ။ ပြီးတော့မေမေနဲ့ ကတောက်ကဆ ဖြစ်ဖူးတယ်ဆိုတဲ့ မေမေ့သူငယ်ချင်း အန်တီဖြူသွဲ့လေ . . . ဟိုတစ်နေ့ က ဘွားဘွားနဲ့ ‘နဝရတ်’အပ်ချုပ်ဆိုင် မှာဆုံကြတယ်တဲ့။ နီတိုးအကျႌ သွားအပ်တာ၊ ဘွားဘွားကအဖော် လိုက်သွားရင်း ပြန်ဆုံကြတာတဲ့။ မြို့နယ်တရားသူကြီးအဆင့်နဲ့ ရန်ကုန်ကမြို့နယ်တစ်ခုကို အန်တီဖြူသွဲ့ ပြောင်းလာပြီတဲ့။ ဘွားဘွား ကိုလည်း လိပ်စာပေးတယ်။ အိမ်ဖုန်း၊ရုံးဖုန်းနံပါတ်တွေလည်း ရလာလို့ ဘွားဘွားက ပြန်ပြောတာနဲ့ မေမေတောင်မှ ဘာစိတ်ကူးရတယ်မသိ ဘူး။ အန်တီဖြူသွဲ့နဲ့ပြန်စကားပြောပြီး ဆေးရုံမတက်ခင် သုံးလေးရက် လောက်က အန်တီဖြူသွဲ့နေတဲ့အိမ်ကို မေမေသွားတယ်။ ဘာတွေပြော ကြလဲတော့ မသိဘူးမောင်။ အဲဒါ လာမယ့်စနေနေ့ အန်တီဖြူသွဲ့ ရုံးအားရက်မှာ ချိုမှိုင်းနဲ့အတူ အန်တီဖြူသွဲ့အိမ်ကိုခဏသွားဖို့ မောင် အဖော်လိုက်ပေးနိုင်မလားဟင်”

“စနေနေ့ ဟုတ်လား၊ ရပါတယ် လိုက်ပေးမယ်လေ။

http://www.cherrythitsar.org



သွားကြတာတော့ ဟုတ်ပါပြီ၊ ချိုမြိုင်းက ဘာရည်ရွယ်ချက်ရှိနေတယ် ဆိုတာလည်း သိခွင့်ရရင် မောင်သိချင်သေးတယ်”

“ဒီလိုပါမောင်၊ အန်တီ့အိမ်ကိုသွားပြီး မေမေ ဘာတွေများ ပြောဆို သွားတယ်ဆိုတာလည်း သိချင်တယ်။ ပြီးတော့ လိုအပ်ရင် အန်တီ့ကို အဒေါ်တစ်ယောက်လို သဘောထားပြီး ချိုမြိုင်း တိုင်ပင်ချင် တာလေးတွေရှိခဲ့ရင် တိုင်ပင်ချင်တယ် မောင်”

“ချိုမြိုင်း ဦးတည်ချက်ကောင်းပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဉာဏ်ပညာအရရော၊ အသက်အရွယ်နဲ့ လူမှုရေးအတွေ့အကြုံအရပါ ဒေါ်ဖြူသွဲ့ကို ဆက်သွယ်သင့်ပါတယ်။ မောင်လည်း တွေ့ဖူးချင်နေ တာ”

“ဘာကြောင့်လဲ မောင်”

“ဩော် . . . ကွယ်လွန်သွားတဲ့ မောင့်ဦးလေး ‘သင့်ဦးငယ်’ ရယ်၊ ချိုမြိုင်းမေမေရယ်၊ ဒေါ်ဖြူသွဲ့ရယ်ဟာ တစ်ချိန်တစ်ခါက တကယ့် ငယ်ပေါင်းရင်းချာတွေမဟုတ်လား။ မောင့်ကိုတွေ့ရင် ဒေါ်ဖြူသွဲ့က ရှေးဟောင်းနှောင်းဖြစ်တွေတောင်မှ အချိန်ရရင် ပြန်ပြောနေဦးမလား မသိဘူး။ ဩော် . . . မေးရဦးမယ်။ ချိုမြိုင်းတို့ မေမေက ဘာလို့ ဆေးရုံတက်ရတာလဲ”

“မေမေက ကျန်းမာရေးကောင်းတယ်ဆိုပေမယ့် နားနဲ့မနာ ဖဝါးနဲ့နာပါမောင်၊ ဒါကမိန်းမသားတချို့မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စမျိုး မို့ မောင့်ကိုပြောရမှာ အားနာစရာကြီး”

“ပြောသာပြောပါ၊ ဒါက ကျန်းမာရေးကိစ္စပဲဥစ္စာ။ တကယ် လို့သာ မောင်ကဆရာဝန်တစ်ယောက်ဆိုရင် ဒီဝေါဟာရတွေဟာ ဘာမှ မထူးဆန်းလောက်ပါဘူး”

“မေမေက သားအိမ်ကျနေတာ ကြာပြီမောင်။ ပုံမှန်အနေ

http://www.cherrythitsar.org



အထားမဟုတ်ဘဲ သားအိမ်ကကျနေတော့ ဆီးခဏခဏ သွားနေရတတ်တယ်။ ခရီးဝေးသွားရင် မေမေ့မှာ အဲဒီဒုက္ခက မသေးဘူး။ ဆီးကို မထိန်းနိုင်တဲ့ သဘောပေါ့ မောင်ရယ်။ ဆေးရုံတက်ပြီး ခွဲစိတ်ရင် ငွေကုန်ကြေးကျအရမ်းများမှာစိုးလို့ဆိုပြီး မေမေကဒီအတိုင်းအောင့်အည်းနေခဲ့တာ ကြာပါပြီ။ အခုတော့ ဦးပြည့်မောင်က စရိတ်စက အကုန်အကျတာဝန်ယူပြီး မေမေ့ကို ဆေးရုံတင်ပေးတာတဲ့။ အဲဒါသာကြည့် တော့မောင်။ ဘာကြောင့် သူတာဝန်ယူတာလဲ။ ဒါရှင်းနေတာပဲ။ သာမန်မိတ်ဆွေချင်းဆိုရင် မေမေဆေးရုံတက်ဖို့ငွေ ခဏချေးရင် ချေးမှာပေါ့။ ခုတော့ ပြန်ပေးဆပ်စရာမလိုတဲ့ငွေတွေနဲ့ သူက မေမေ့ကို ဆေးရုံတင်ပေးတာပါ မောင်။ ဆေးရုံမှာ စားရေးသောက်ရေး၊ ဆေးဝါး ဝယ်ယူရေးကအစ သူက လုံးဝတာဝန်ယူလိုက်တာလေ။ လူနာစောင့်ကိုလည်း ဦးပြည့်မောင်ကပဲ ငှားပေးတယ်။ နေ့ဂျူတီ၊ ညဂျူတီ နှစ်ယောက်ငှားပေးတဲ့ ကုန်ကျစရိတ်ကို မောင်စဉ်းစားကြည့်။ ချို့မှိုင်းလေ မေမေ့ကိုမေးချင်တဲ့မေးခွန်းတွေ ရင်ထဲမှာ တန်းစီနေတာ အများကြီးပဲ။ ဒါပေမဲ့ မိဘဟာ မိဘမဟုတ်လား။ သားသမီးက စည်းဘောင်ကျော်ပြီး မေးခွန်းတွေ မထုတ်သင့်ဘူးလို့ ချို့မှိုင်းနားလည်မိတယ် မောင်။ ပြီးတော့ မေမေ့ကိုလည်း စိတ်ဒုက္ခမပေးချင်ဘူး။ ဒီညနေ မောင်ဘယ်အချိန်လောက် အားမလဲ ဟင်။ ချို့မှိုင်း မောင့်ကို ဝင်ခေါ်ချင်တယ်။ ဆေးရုံမှာ မေမေ့ကို သွားကြည့်ကြရအောင်နော် . . . ”

* * *

ဒီညနေခင်းမှာတော့ နှစ်ယောက်သား ဒေါ်မေဇင့် ဆေးရုံခုတင်ဘေးကို ရောက်ခဲ့ကြတယ်။ လူနာအခြေနေက သက်သာကောင်းမွန်စ ပြုနေပါပြီ။ အဘွား ဒေါ်သိန်းချစ်၊ နီတိုးတို့မြေးအဘွားလည်း

http://www.cherrythitsar.org



ရောက်နေတာ ကြုံရတယ်။ နီတိုးကတော့ အဖော်သူငယ်ချင်း ကောင်မလေးနှစ်ယောက်နဲ့ ဝရန်တာမှာ အာလူးကြော်ထုပ် ဖွင့်စားနေတာ တွေ့ရတယ်။ မျိုးမော် စိတ်ဝင်တစားအကဲခတ်လိုက်မိတာက အန်တီမေဇင့်ခုတင်ဘေးမှာရပ်ပြီး လိုအပ်တာတွေကို ကူညီဖြည့်ဆည်းပေးနေတဲ့ ဦးပြည့်မောင်ဆိုတဲ့လူကြီးကိုပါပဲ။ အသက် ၅၀ ကျော်ခါစလို့ ထင်ရတယ်။ ဥပဓိရုပ်သန့်သန့်စင်စင်နဲ့ ရိုးရိုးစင်းစင်း ပွင့်ပွင့်လင်းလင်း အသွင်သဏ္ဌာန်ကို တွေ့ရတယ်။ ဟန်ဆောင်မှု သိပ်မတွေ့ရသလောက်ပါပဲ။ သူကလည်း မျိုးမော်နဲ့ချိုမှိုင်းကို တစ်ချက်အကဲခတ်သလို ဖျတ်ခနဲ လှမ်းကြည့်လိုက်တာ မျိုးမော်သတိထားလိုက်မိတယ်။ အန်တီမေဇင်ကတော့ မျိုးမော်ပါ ဆေးရုံကိုလိုက်လာပြီး လူနာသတင်းမေးတာ ကျေးဇူးတင်ဝမ်းသာနေပုံရပါတယ်။ ချိုမှိုင်းက စောစောပြန်နှင့်မယ်၊ လမ်းမှာ ဝင်စရာလေးတစ်နေရာရှိလို့ပါမေမေလို့ သူ့မိခင်ကို နှုတ်ဆက်ရင်း မျိုးမော်နဲ့ အောက်ထပ် ဆင်းလာကြတယ်။

"အိမ်ကို မောင်ပြန်လိုက်ပို့ပေးမယ်လေ"

လို့ မျိုးမော်ကပြောတော့ ချိုမှိုင်းက စိတ်ကူးတစ်ခုရသလိုနဲ့

"အခု ငါးနာရီခွဲနေပြီ မောင်၊ ဒီအချိန်ဆို အန်တီဖြူသွဲ့ ရုံးဆင်းလို့ အိမ်မှာပြန်ရောက်နေရောပေါ့။ အန်တီ့အိမ်ကို ချိုမှိုင်းသွားချင်တယ်"

"မနက်က မောင့်ကိုပြောတော့ စနေနေ့မှ သွားကြမယ်ဆို"

"ဟုတ်တယ်မောင်၊ ဒါပေမဲ့ ဒီနေ့ပဲကြာသာပတေးဖြစ်နေပြီ မောင်။ ကြားမှာ တစ်ရက်ကလေးနဲ့ မထူးပါဘူး၊ စိတ်ကူးပေါ်တုန်း သွားလိုက်ကြရအောင်နော်"

လို့ပြောတာနဲ့ ရန်ကုန်အရှေ့ပိုင်း ဗိုလ်မြတ်ထွန်းလမ်းဘက်ကို ကားမောင်းခဲ့တယ်။ ငါးထပ်တိုက်ခန်းတွဲတစ်တွဲရဲ့ တတိယထပ်

http://www.cherrythitsar.org



ယာဘက်အခန်းမှ လူခေါ်ခေါင်းလောင်းလေးတီးလိုက်တယ်။ အတွင်းက သစ်သားတံခါးပွင့်လာပြီး အမျိုးသမီးကြီးတစ်ယောက်က ဘယ်သူနဲ့တွေ့ချင်လို့ပါလဲမေးတော့ ချိုမှိုင်းက . . .

"သမီးက ဒီအိမ်က အန်တီဖြူသွဲ့သူငယ်ချင်း ဒေါ်မေဇင်ရဲ့သမီး ချိုမှိုင်းပါ။ အန်တီနဲ့တွေ့ချင်လို့ လာခဲ့တာပါ"

"သြော် . . . လာ လာ သမီးလေးလာ၊ အန်တီစောစောကပဲ ရုံးကပြန်ရောက်တာကွယ့်၊ လာ . . . ထိုင်ကြ"

လို့ပြောပြီး နေရာထိုင်ခင်းပေးတယ်။ ချိုမှိုင်းက . . .

"အန်တီနဲ့ မိတ်ဆက်ပေးရဦးမယ်။ သူက ကိုမျိုးမော်တဲ့၊ အန်တီ တို့၊ မေမေတို့ရဲ့ ငယ်သူငယ်ချင်း ဦးသင့်ဦးငယ်ရဲ့ တူပေါ့"

လို့ပြောလိုက်တယ်ဆိုရင်ပဲ

"ဟယ် . . . ကြည့်စမ်း၊ အန်တီ ဝမ်းသာလိုက်တာ"

ဆိုတဲ့အသံ ကြားလိုက်ရတယ်။

"ဟုတ်ပြီ . . . ဟုတ်ပြီ . . . ခဏထိုင်ကြဦးနော်"

လို့ ဝမ်းသာအားရပြောရင်း အန်တီဖြူသွဲ့တစ်ယောက် အတွင်းခန်းထဲ ခဏဝင်သွားတယ်။ ချက်ချင်းပဲပြန်ထွက်လာပြီး ရှေ့ထိုင်ခုံမှာထိုင်တယ်။ ခဏကြာတော့ အိမ်ဖော်မိန်းကလေးလို့ထင်ရတဲ့ ကောင်မလေး တစ်ယောက်က ကော်ဖီနဲ့မုန့်ဗန်း လာချပေးတယ်။

"အန်တီ နယ်ကပြောင်းလာတော့ ဒီအခန်းမှာနေတဲ့ ကြီးကြီးတစ်ယောက်က သူနဲ့လာနေပါဆိုတာနဲ့လာနေတာ။ တစ်ကိုယ်တည်းသမားဆိုတော့ သိပ်ဗာဟီရပစ္စည်းပစ္စယလည်း သယ်စရာပိုးစရာ မလိုပါဘူးသမီးရယ်။ ကော်ဖီသောက်ကြဦး၊ သားလည်းသောက်နော်"

"ဟုတ်ကဲ့ပါ အန်တီ"

"သားက သင့်ဦးငယ်ရဲ့တူဆိုတော့"

http://www.cherrythitsar.org



"ဟုတ်ကဲ့ ကျွန်တော့်ဖေဖေနဲ့မေမေက ဦးမျိုးသီဟနဲ့ ဒေါ်သိင်္ဂီဦးပါ"

"ကဲ – ကြည့် . . . မျိုးသီဟဆိုတာလည်း နယ်မှာ ငယ်ငယ် တုန်းကဆို အန်တီတို့ထက် တစ်တန်းပဲအတန်းပိုကြီးတာ။ သင့်ဦးငယ် နဲ့ကတော့ ဟိုး . . . သူငယ်တန်းကတည်းက တစ်တန်းထဲနေခဲ့ရတာ။ သင့်ဦးငယ် . . . သင့်ဦးငယ် သိပ်စိတ်သဘောထားကောင်းတာ၊ သူ ကောင်းရာမွန်ရာဘဝရောက်မှာပါ သားရယ် . . . "

စကားသံ တိမ်ဝင်သွားပြီး မျက်ရည်တွေရစ်ဝဲလာတာကို တွေ့လိုက်ရတယ်။ ငယ်အိမ်မက်ပေကိုး။ ဒါပေမယ့် ချက်ချင်းဣန္ဒြေ ဆည်လိုက်နိုင်တာ မျိုးမော်အကဲခတ်လိုက်မိတယ်။ အရွယ်ရဲ့ အသိတ ရားနဲ့ ပညာရှိတို့ရဲ့ဉပမိ ပီသပါပေတယ်။

ချိုမှိုင်းက သူ့မေမေဆေးရုံတက်တဲ့အကြောင်းပြောတော့ အန်တီဖြူသွဲ့က . . .

"သိတယ် အန်တီသိတယ်။ ဆေးရုံမတက်ခင် တစ်ရက် အလိုက သူနဲ့ ဟို ဦးပြည့်မောင်ဆိုတဲ့သူ အန်တီ့အိမ်လာသွားကြသေး တယ်လေ။ ပြောသွားတာတွေကတော့ စုံနေတာပါပဲကွယ်၊ သူ့ကိုယ်ရေး ကိုယ်တာ ကိစ္စတွေပါ။ အန်တီလေ မေဇင့်ကို ချစ်လည်းချစ်တယ်၊ သနားလည်း သနားတယ်။ ဒါကြောင့် တစ်ခါတစ်ခါ သူကအန်တီ့ကို ဘယ်လိုပဲ နှစ်ပြားမတန်အောင် ပိုးစိုးပက်စက်ပြောပြော အန်တီမနာ နိုင်ဘူး။ မနာရက်ဘူး။ ကြံဖန်ပြီး ခွင့်လွှတ်လိုက်တယ်။ သူက အိမ် ထောင်ရေး စိတ်ကျဝေဒနာ ခံစားနေရတဲ့ မိန်းမသားမဟုတ်လား အန်တီက အပျိုကြီးဆိုပေမယ့် လူ့ဘဝကို ဇာတ်လမ်းအမျိုးမျိုး စီရင် ချက်ချ ကြားနာစစ်ဆေးနေရတဲ့ ဉပဒေဝန်ထမ်းပီပီ တော်တော်လေး အကဲခတ်တတ်၊ စာနာတတ်နေပါပြီ။ မေဇင်က တကယ်တော်တဲ့မိန်းမ

http://www.cherrythitsar.org



တစ်ယောက်ပါ။ ဒါပေမဲ့ တစ်ခါတစ်ခါကျတော့ သူသွားချင်တဲ့လမ်းတွေက လမ်းလွဲတွေဖြစ်နေတတ်တယ်။ ဒါကို သူ့ရှေ့မှာလည်း အန်တီပြောရပါတယ်"

လို့ပြောရင်း ချိုမှိုင်းကို အကဲခတ်နေတယ်။ ချိုမှိုင်းက သောက်လက်စ ကော်ဖီခွက်ကို ညင်ညင်သာသာချရင်း

"သမီးအန်တီ့ဆီလာတာ တကယ့်ကို အဒေါ်ရင်းတစ်ယောက်လိုအားကိုးပြီးလာတာပါအန်တီ။ မိခင်နဲ့ သမီးကြားမှာ ပွင့်ပွင့်လင်းလင်း သိချင်တာတွေ၊ မေးချင်တာတွေရှိပေမယ့် မိခင်ရဲ့ဂုဏ်ကျေးဇူးနဲ့ စိတ်အနှောင့်အယှက်ဖြစ်မှာကိုစိုးရိမ်ပြီး သမီးမေးလို့မထွက်ခဲ့ပါဘူး။ အန်တီ့အနေနဲ့ပြောချင်တဲ့ဆန္ဒရှိခဲ့မယ်ဆိုရင် အန်တီ့ဆီမှာမေမေ ဘာတွေလာပြီး တိုင်ပင်သွားတယ်၊ ပြောသွားတယ်ဆိုတာ သမီးသိချင် ပါတယ် အန်တီ"

လို့ပြောလိုက်ပါတယ်။ အန်တီဖြူသွဲ့က ခဏငိုင်ပြီးစဉ်းစားနေတယ်။

"ကဲ . . . အန်တီပြောမယ်။ လိုရင်းပြောရရင်တော့ကွယ်၊ မေဇင်က ဘဝမှာ စားဝတ်နေရေး အတန်အသင့်ချောင်လည်အဆင်ပြေနေပေမယ့် မိန်းမသားတစ်ယောက်ရဲ့ Unsecure life ဆိုတဲ့ လုံခြုံမှုကင်းမဲ့တဲ့ အနေအထားမျိုးနဲ့ တာရှည်မနေချင်ဘူး။ သူ့ဘေးမှာ အိမ်ထောင်ဦးစီး တစ်ယောက်လို မားမားမတ်မတ်ရပ်တည်ပေးနိုင်မယ့် လူကို ဆန်ခါတင်စဉ်းစားရွေးချယ်လိုက်တော့ အခုသူနဲ့တွဲနေတဲ့ ဦးပြည့်မောင်ကို ဆုံးဖြတ်လိုက်တယ်။

ပထမအချက်က ဦးပြည့်မောင်ရဲ့ဘဝ။ ပညာတတ်၊ လုပ်ငန်းနဲ့ စီးပွားရေးကောင်းတယ်၊ အိမ်ထောင်ဖက်ဆုံးသွားတာ ၅ နှစ်ရှိပြီ၊ သားသမီးမရှိဘူး၊ ဖခင်အိုကြီးတစ်ယောက်ရှိတာကလည်း ပြင်ဦးလွင်မှာ၊ သူ့မြေသူ့အိမ်နဲ့ ပင်စင်စားကြီး။ ရန်ကုန်မှာ

http://www.cherrythitsar.org



ညီမတစ်ယောက်နဲ့နေတယ်။ ညီမကလည်း အပျိုကြီး၊ အစ်ကို နောက်အိမ်ထောင်ပြုမယ်ဆိုရင်ဘာမှ ယောက်မနဲ့ မပြေလည်စရာမရှိအောင် သဘောသကာယ ပြည့်ဝတယ်လို့ဆိုတယ်။ ဒီတော့ သမီးတို့ကိုလည်း အနွံအတာခံနိုင်မယ်လို့ ကတိပေးထားတဲ့ ဦးပြည့်မောင်နဲ့ မေဇင်က အိမ်ထောင်ရေးထူထောင်ချင်တယ်။ အန်တီ့ကို လာတိုင်ပင်တယ်။

ပထမတစ်ကြိမ် သမီးတို့အဖေဦးရွှေသာထွန်းနဲ့ ကွာရှင်းပြတ်စဲဖို့ကြိုးစားတုန်းကလည်း တစ်ဘက်က လုံးဝကွာရှင်းခွင့်မပေးတော့ အန်တီက ဘာမှမကူညီနိုင်ခဲ့ပါဘူး။ သမီးမေမေက အန်တီ့ကို စိတ်ဆိုးဖူးတာ သမီးကြားမိမှာပေါ့။ ခုတစ်ခါကျပြန်တော့လည်း သူကလို အင်ဆန္ဒ တိုင်ပင်လာတယ်။ ပထမအချက်ကတော့ ရပ်ဝေးမှာရှိနေ တဲ့ သမီးအကြီးဆုံး စုဝေဖြိုးကို သူ့ဆီပြန်ခေါ်ချင်တယ်။ ပြန်ခေါ်ခွင့် ဦးရွှေသာထွန်းဆီက ရယူချင်တယ်။ ဒုတိယအချက်က ဦးရွှေသာထွန်း ဆီက ကွာရှင်းခွင့်လက်မှတ် ယူချင်တယ်။ တတိယအချက်ကတော့ အားလုံး All Clear ယတိပြတ်ရှင်းရှင်း လင်းလင်းဖြစ်ပြီဆိုရင် ဦးပြည့် မောင်နဲ့ လက်ထပ်ချင်တယ်။

သူ့အတွေးက တစ်ခါတစ်ခါ ဘယ်လောက်ချော်သွားလဲဆိုရင် အန်တီ့ကို သူပြောသွားတဲ့စကားတစ်ခွန်းဟာ သိပ်ကလေး ကလားဆန်လွန်းအားကြီးတယ်။ ဦးပြည့်မောင်ကိုအဖော်ခေါ်ပြီး နယ်ကို သူတိတ်တိတ်ကလေးပြန်သွားမယ်။ ဦးရွှေသာထွန်းမသိအောင် သူ့သူငယ်ချင်းတစ်ယောက်အိမ်မှာ ခဏတည်းရင်း ကြားလူကတစ်ဆင့် စုဝေဖြိုးကို ဉပါတ်မျဉ်နဲ့ သူတည်းတဲ့အိမ်ကို ခေါ်ခိုင်းလိုက်မယ်။ သားအမိနှစ်ယောက်တွေ့ကြတဲ့အခါ သူ့ကိုသနားအောင်ပြောပြီး သမီးကြီးကို တိတ်တိတ် ရန်ကုန်ကိုခိုးယူလာခဲ့မယ်တဲ့။ သမီးစဉ်းစားကြည့်။ ဒါဟာ ပြဿနာတက်သွားနိုင်တဲ့ကိစ္စ။ သမီးဖေဖေက လူပျောက်ဆိုပြီး ရဲစခန်းတိုင်တော့မှာပေါ့။ သတင်းစာထဲထည့်

http://www.cherrythitsar.org



ကြော်ငြာတော့မှာပေါ့။ ကိုယ့်သားသမီးကိုယ် ပြန်ခေါ်တယ်ဆိုပေမယ့် နှစ်ရှည်လများ ရင်အုပ်မကွာ ပြုစုပျိုးထောင်စောင့်ရှောက်ပြီး ထိန်းသိမ်းထားရတဲ့ဖခင်ကိုတော့ တရားဝင်အသိပေးသင့်တာတော့ မေဇင်နားလည်ဖို့ကောင်းတယ်။ တရားဝင်ကွာရှင်းခွင့်ကိစ္စလည်း အရေးကြီးတယ်။ မျက်နှာချင်းမဆိုင်ချင်လို့ မရဘူး။ ကိုယ့်ဘက်ကတရားဝင်ရှေ့နေဥပဒေအကျိုးဆောင်ငှားပြီး သက်ဆိုင်ရာရုံးတော်မှာ ဦးတိုက်လျှောက်ထားရမယ်။ ဘာကြောင့်ကွာရှင်းချင်တယ်ဆိုတာ လုံလောက်ခိုင်မာတဲ့ သက်သေတွေနဲ့ နှစ်ဦးနှစ်ဘက် တရားရင်ဆိုင်ရမယ်။ သမီးအဖေဘက်ကလည်း ဘာကြောင့်ကွာရှင်းခွင့် မပေးနိုင်ဘူး၊ ကွာရှင်းမပေးနိုင်ဘူးဆိုတာကို တရားဝင်အကြောင်းပြချက် ခိုင်လုံရမယ်။ ကွာရှင်းခွင့်ရပြီဆိုတဲ့အခါမှာတောင်မှ သမီး(၃)ယောက်ကိစ္စက မပြီးပြတ်သေးဘူး။ ဘယ်သူက ဘယ်သမီးကို ပိုင်ဆိုင်ခွင့်ရယူလိုပါတယ်ဆိုတဲ့ကိစ္စကရှိသေးတယ်။ တကယ်လို့ မေဇင်က သမီးသုံးယောက်လုံးကိုပိုင်ဆိုင်ခွင့်ရသွားပြန်ရင်လည်း ဦးရွှေသာထွန်းဘက်က ဒီကလေးတွေဘယ်အရွယ်အထိ သားသမီးစရိတ် ထောက်ပံ့စေဆိုတဲ့ အမိန့်ဒီဂရီဆိုတာ ဥပဒေကြောင်းများမှာရှိသေးတယ်။ အားလုံးပြီးပြတ်ကင်းရှင်းပြီဆိုတဲ့အခါကျမှ မေဇင်ဟာ နောက်အိမ်ထောင် တရားဝင်ပြုခွင့်ရမယ်။ ဘာတစ်ခုမှ ကလနားသတ် ပြီးပြတ်ကင်းရှင်းတာမရှိသေးဘဲ တရားလက်လွတ် ကိုယ်လုပ်ချင်တာတွေ လျှောက်လုပ်ရင်မေဇင်နစ်နာပြီး ပြဿနာတွေ တစ်ခုပြီးတစ်ခု ရှုပ်ထွေးလာလိမ့်မယ်။ သူလာပြီး အန်တီ့ကို တိုင်ပင်တော့ အန်တီက ဒီအတိုင်းပဲ ပြောလိုက်တယ်။ သူစိတ်ဆိုးဆိုး မဆိုးဆိုး အန်တီကတော့ သူငယ်ချင်းကောင်းပီသစွာ မိတ်ဆွေကောင်းပီသစွာ မှန်ရာကိုပဲ လမ်းကြောင်းရွေးပေးလိုက်တယ်။ ဒီလောက်ပြောတာတောင်မှ ဖြစ်ချင်ရာဖြစ် လုပ်ချင်ရာဇွတ်လုပ်မယ်ဆိုရင်တော့ သူ့သဘောသူဆောင်တာ သူ့ပြဿနာပဲ။ အဲဒီနေ့က

http://www.cherrythitsar.org



ဦးပြည့်မောင် မကြားစေချင်တဲ့စကားတစ်ခွန်းပြောပြီး မေဇင့်ကို အသိပေးချင်လို့ အတွင်းခန်းထဲခေါ်ပြီး မေဇင့်ကို အန်တီဘာပြောလိုက်သလဲ သိလား”

အန်တီဖြူသွဲ့က စကားကိုခဏနားလိုက်တယ်။

ချိုမှိုင်းက စိတ်ဝင်တစားနဲ့ . . .

“ပြောပါ အန်တီ”

လို့ဆိုတော့မှ

“အန်တီက မေဇင့်ကိုသတိပေးလိုက်တယ်။ ဘာမှသူ့လုပ်စာစားရတာ မဟုတ်ဘူး၊ ကိုယ့်အရည်အချင်းနဲ့ကိုယ် ရပ်တည်လာတာ နှစ်တွေကြာခဲ့ပြီဆိုတဲ့ အတွေးနဲ့တော့ တရားဝင် လင်ခန်းမယားခန်း မပြတ်စဲမကွာရှင်းသေးဘဲနဲ့ ဦးပြည့်မောင်ကို လက်မထပ်နဲ့နော်လို့။ ဘယ်လောက်ပဲ နှစ်တွေကြာကြာ၊ တရားဝင်ခင်ပွန်းဖြစ်နေသေးတာက ဦးရွှေသာထွန်းပဲ။ မေဇင်လုပ်ချင်တာလုပ်တဲ့သတင်းကြားလို့ ဦးရွှေသာထွန်းက တရားဥပဒေအရ ဦးပြည့်မောင်ကို မယားခိုးမှုနဲ့ တရားစွဲရင် အားလုံးအရှက်တကွဲ အကျိုးနည်းနစ်နာကြလိမ့်မယ်လို့ အန်တီက သတိပေးလိုက်တယ် သမီးရယ်”

လို့ပြောပါတယ်။

“ခက်တယ်အန်တီရယ် . . . မိသားစု အေးအေးဆေးဆေး စားဝတ်နေရေးပြေလည်နေပြီပဲဟာ၊ ဘာလို့များ မေမေက အပိုသောကတွေ ရှာဖွေချင်တယ် မသိပါဘူး။ မိန်းမသားတစ်ယောက်ရဲ့ဘဝ မလုံခြုံမှု Unsecure Life ဆိုတာလည်း ကိုယ်ကအနေအထိုင်တတ်ရင် ဘယ်သူက ထိကပါးရိကပါးစော်ကားရဲမှာလဲ။ မေမေဟာ နေတတ်ပြောတတ် အကင်းပါးတဲ့သူပါ။ ဒီအရွယ်ရောက်မှတော့ အနားမှာ သမီးတွေရှိနေတာပဲ။ အိမ်ထောင်ဦးစီးယောက်ျား အားကိုးအားထားဆိုတာ မလိုပါဘူး အန်တီရယ်။ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ၊ စော်ကားချင်

http://www.cherrythitsar.org



တိုင်း လာစော်ကားလို့ ရမှာတဲ့လား။ အန်တီဆို ဘယ်လိုလုပ်မလဲ၊ အိမ်ထောင်မှ မရှိဘဲ၊ တစ်ကိုယ်တည်း ရပ်တည်လာတာ။ ဒါတွေကို မေမေ စဉ်စားနိုင်ရင် သိပ်အဆင်ပြေမှာပဲ”

လို့ ချိုမှိုင်းက ညည်းညူနေတယ်။

“အေး . . . အဲဒါ အန်တီပြောတာပေါ့။ အန်တီမြင်ချင်တာ ဘာပြဿနာမှ မတက်သေးခင်မှာ သမီးတို့မိသားစု သိုင်းသိုင်းဝန်းဝန်း ပြန်ဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက် အငြိုးအတေးတွေမထားတော့ဘဲ တောင်းပန်စရာရှိတာ တောင်းပန်၊ ခွင့်လွှတ်စရာရှိတာ ခွင့်လွှတ်ပြီး၊ တစ်လုံးတစ်စည်းထဲ ဖြစ်စေချင်တယ်ကွယ်။ အဲဒါ အန်တီမြင်ချင်တွေ့ချင်တဲ့ သမီးတို့မိသားစု ရှုခင်းပဲ”

လို့ အန်တီဖြူသွဲ့က ပြောပါတယ်။

“သမီးတစ်ခုခု ကြိုးစားကြည့်ပါဦးမယ် အန်တီ”

လို့ ချိုမှိုင်းက ပြောပါတယ်။

“အန်တီ့ကို အဒေါ်လို မိခင်လို သဘောထားပြီး သမီးတစ်ခု ကြိုတင်အသိပေးပါဦးမယ်။ မေမေ့ကိုလည်း အချိန်တန်ရင် သမီးဖွင့်ပြောမှာပါ။ တခြားမဟုတ်ပါဘူးအန်တီ ဟောဒီက ကိုမျိုးမော်နဲ့သမီးနဲ့ တစ်ချိန်ချိန်မှာ လက်ထပ်ဖြစ်မယ်ဆိုတဲ့အကြောင်းပါ”

လို့ ချိုမှိုင်းကပြောတော့ အန်တီဖြူသွဲ့ဟာ ဝမ်းသာလွန်းလို့ ထင်ပါရဲ့။ ခေါင်းတဆတ်ဆတ်ညိတ်ရင်း မျက်နှာတစ်ပြင်လုံးမှာ ပီတိ ရိပ်တွေ ဝေလို့နေလေရဲ့။

* * *

လုပ်ငန်းခွင်က တစ်ခါမှ ဝေးဝေးလံလံအရပ်ကိုသွားဖို့ ခွင့်မယူဖူးသေးဘဲ ခုလိုခွင့်ယူပြီး ခရီးရှည်ထွက်လာတော့ တည်းခိုအိမ်မှာကျန်ရစ်တဲ့ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတွေနဲ့ အလုပ်သမားတွေက

http://www.cherrythitsar.org



အုံသြကောင်းအံ့သြနေကြပေလိမ့်မယ်။ ဦးဇေယျတင်ကိုတော့ ကိုယ့်လူရင်းမို့ ချိုမှိုင်းရဲ့အစီအစဉ်အရ နယ်ကချိုမှိုင်းတို့အဖေ ဦးရွှေသာထွန်းနဲ့တွေ့ဖို့ ချိုမှိုင်းနဲ့ အဖော်လိုက်သွားမယ်လို့ ပြောထားရစ်ခဲ့တယ်။ တစိမ်းရပ်ဝန်းကိုထွက်လာခဲ့ကြတာတော့ မဟုတ်ပါဘူး။ ဆွေစဉ်မျိုးဆက်ပိုင် 'စံချိန်မီ'ဆီစက်ကြီးတည်ရှိခဲ့ဖူးတဲ့ မြို့ကလေးဆီကိုပါပဲ။ ဒီမြို့ကလေးဟာ ချိုမှိုင်းတို့အမေအဖေရဲ့ဇာတိမြို့၊ မျိုးမော်တို့အဖေနဲ့အမေရဲ့ ဇာတိမြို့မို့ သဘောဆိုက်ဆိုက်ချင်း ဆိုက်ကားငှားပြီးမြို့မလမ်းက ချိုမှိုင်းတို့အဒေါ် ဒေါ်မြတ်သူအေးတို့ခြံရောက်တယ်ဆိုရင်ပဲ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ဆွေမျိုးသားချင်းတွေရောက်လာကြပါတယ်။ နှုတ်ဆက်ကြတယ်။ မျိုးမော်ရဲ့အမျိုးတွေကလည်း ချက်ချင်းမပြန်ဖို့နဲ့ သူ့အိမ်မှာလာတည်းပါ၊ ငါ့အိမ်မှာလာတည်းပါဆိုပြီး လိုက်လုံပျူငှာနေကြတယ်။ ထမင်းစားဖိတ်တဲ့အိမ်တွေကလည်း တသီကြီး။ စိတ်လွတ်ကိုယ်လွတ်လာရတဲ့ခရီးမဟုတ်ဘဲ ချိုမှိုင်းတို့မိသားစု အတွင်းရေးကိစ္စအတွက် လာရတဲ့ခရီးဖြစ်နေတော့ ကြာကြာနေဖြစ်လိမ့်မယ်မထင်မိပါဘူး။

ချိုမှိုင်းက ရန်ကုန်ကအဘွားနဲ့ သူ့အမေလက်ဆောင်ပါးလိုက်တဲ့ပစ္စည်းတချို့ ဒေါ်မြတ်သူအေးနဲ့တကွ တခြားဆွေမျိုးတွေအတွက်ပေးပြီးတာနဲ့ သူ့ဖေဖေဦးရွှေသာထွန်းနဲ့ သူ့အစ်မကြီးစုဝေဖြိုး နေတဲ့ခြံဝိုင်းဘက် ထွက်လာခဲ့တယ်။

သစ်ပင်တွေဝိုင်းရံအုပ်ဆိုင်းနေတဲ့ နှစ်ထပ်ဆင်ဝင်အိမ်ဟောင်းကြီးထဲ ဝင်ခဲ့ကြတယ်။ အံ့အားသင့်သွားသူကတော့ ဦးရွှေသာထွန်း ကိုယ်တိုင်ပါပဲ။ အရပ်ပုပု၊ အသားညိုစိမ့်စိမ့်၊ ထိပ်ပြောင်ပြောင်၊ မျက်မှန် ကိုင်းထူထူ၊ မျက်နှာပေါက်ခပ်ကြမ်းကြမ်းမို့ ချိုမှိုင်းတို့ညီအစ်မတစ်တွေဟာ အမေတူသမီးတွေမို့သာ ရုပ်ဆင်းကြန်အင် သန့်စင်ပြေပြစ်ကြတာပါလားလို့ မျိုးမော်တွေးလိုက်မိပါတယ်။ ချိုမှိုင်း

http://www.cherrythitsar.org



အစ်မကြီး စုဝေဖြိုးလည်း ရုပ်မဆိုးလှပါဘူး။ သူကတော့ အသား နည်းနည်းညိုသွားတာတစ်ခု ထူးခြားနေတယ်။

ချိုမှိုင်းက မျက်ရည်တွေရစ်ဝဲပြီး သူ့အစ်မကြီး စုဝေဖြိုးရဲ့ လက်ကို ဆုပ်ကိုင်ရင်း ဧည့်ခန်းထဲကဆက်တီခုံတစ်ခုံမှာ ဝင်ထိုင်လိုက် တယ်။

"ကြိုတင်အကြောင်းမကြားပဲ သမီးရောက်လာတာ ဖေဖေ ဝမ်းသာပါတယ်။ ပြီးတော့ အံ့ဩနေတယ်"

လို့ ဦးရွှေသာထွန်းကပြောရင်း၊ ဆေးပြင်လိပ်တစ်လိပ်ကို မီးညှိဖွာလိုက်တယ်။

"သမီးဘွားဘွားနဲ့ မေမေဇွတ်တားတဲ့ကြားက မလာရရင် မဖြစ်တဲ့ကိစ္စတစ်ခုနဲ့ လာခဲ့ရတာပဲ။ မေမေက ဆေးရုံတက်နေရတယ်။ ဆေးရုံပေါ်မှမို့သာ တင်းတင်းကျပ်ကျပ်လိုက်ပြီး မတားသာလို့ မေမေ ကျန်ရစ်ခဲ့တာပါ။ မေမေက ဘာကိစ္စသွားမှာလဲမေးတော့ ချိုမှိုင်းက မမကြီး စုဝေဖြိုးကိုလွမ်းလို့၊ သတိရလို့ဆိုပြီး အကြောင်းပြခဲ့တယ်။ တကယ်တမ်း သမီးလာတာက ဖေဖေ့ကို သမီးတို့မိသားစုကိစ္စ ပြောပြ ချင်လို့ပဲ"

လို့ ချိုမှိုင်းက ပြောပြီး၊ ပွင့်ပွင့်လင်းလင်းပဲ လက်ရှိရန်ကုန်က သားအမိ မြေးအဘွားတတွေရဲ့ စားဝတ်နေရေးအခြေအနေ၊ မိခင်ဖြစ်သူ ဒေါ်မေဇင်ရဲ့ လုပ်ငန်းအခြေအနေ၊ ဒေါ်မေဇင်နဲ့ ဦးပြည့်မောင်ကိစ္စ၊ အန်တီဖြူသွဲ့ရဲ့ အကြံပေးတဲ့ဆန္ဒတွေကို ဆက်တိုက်လိုလို ခရီးရောက် မဆိုက် ပြောပြနေပါတယ်။

ဦးရွှေသာထွန်းက အာရုံစူးစိုက်ပြီး နားထောင်နေတယ်။

"သမီးလာတဲ့ အဓိကကိစ္စက ပြီးခဲ့တာတွေပြီးခဲ့ကြပြီ။ ဖေဖေ မှားတာရှိမယ်၊ မေမေ့ဘက်ကအားနည်းချက်တွေလည်း ရှိရင်ရှိမယ်။

http://www.cherrythitsar.org



ဘွားဘွားစကားပြောမတတ်တာတွေလည်း ပါကောင်းပါမယ်။ ဒါတွေကို ဖေဖေတို့မေ့ပစ်လိုက်စေချင်တယ်။ ဒီအတိုင်းဆက်ပြီး တစ်ယောက်နဲ့တစ်ယောက် တင်းနေကြရင် အခုပြိုကွဲနေတဲ့ မိသားစုဟာ ရှေ့လျှောက်ပိုပြီး ကြီးကြီးမားမားပြိုကွဲတော့မယ်။ ဦးပြည့်မောင်လိုသူစိမ်းဝင်လာပြီ။ လူကြားလို့မှ မသင့်တော်တဲ့ ရုံးပြင်ကနားတရားတဆောင် ပြဿနာတွေ ရှုပ်ထွေးလာတော့မယ်။ သမီးတို့ ညီအစ်မသုံးယောက် ဘယ်လောက်မျက်နှာငယ်မလဲ။ ဘယ်လောက် ခိုကိုးရာမဲ့မလဲဆိုတာ ဖေဖေစဉ်းစားကြည့်ပါ။ အခုအခြေအနေက ဘာမှကြီးကြီးမားမား လမ်းဆုံးမရောက်ကြသေးဘူး။ အချိန်ဆိုတာ ကတ်သီးကပ်သတ် ကျဉ်းထဲကျပ်ထဲကလုပြီး ယူလို့ရတာတွေရှိပါသေးတယ်။ ချမ်းသာတာ ဆင်းရဲတာထက် မိသားစုတစ်ခုအနေနဲ့ ချစ်ချစ်ခင်ခင်တိုင်တိုင်ပင်ပင် စုစုစည်းစည်း ပြန်နေချင်တယ်။ သမီးတို့မှာ လူဖြစ်ရကျိုးမနပ်သေးတာ၊ ဖအေက တစ်နေရာ၊ အစ်မကတစ်နေရာဖြစ်နေတဲ့ကိစ္စပဲ။ ဖေဖေလည်း ၅၀ကျော်ပြီပဲ။ ဘဝမှာ ဖေဖေပျော်သလို နေခဲ့နိုင်တာတွေ ဖေဖေ့ကိုယ်ဖေဖေ အသိဆုံးပဲ။ တော်လောက်ပါပြီဖေဖေ၊ တင်းမာမှုတွေဆိုတာ လျှော့တတ်ရင် လျော့ပါတယ်။ ပြေပါတယ်။ ဖေဖေပိုသိပြီးသားပါ။ ဖေဖေတို့ဆက်ပြီးတင်းမာနေကြလို့ မိသားစုကြီးဒီ့ထက်ပိုပြဿနာတွေတက်၊ ဖရိုဖရဲပြိုကွဲတာ ပိုပြင်းထန်လာရင်သမီးတော့ ပညာရေးလည်း ဆုံးခန်းတိုင်အောင် မသင်ချင်တော့ဘူး။ အိမ်မှာလည်း မနေချင်တော့ဘူး။ သမီးဆန္ဒက ပညာရေးအတွက် ဘွဲ့ရပြီး မေမေစီစဉ်ပေးတဲ့ ကုမ္ပဏီတစ်ခုခုမှာ အလုပ်ဝင်လုပ်ဦးမယ်၊ အိမ်အတွက် စရိတ်ထောက်နိုင်သလောက် ပြန်ထောက်ရင်း ရှေ့ရေးအတွက် ငွေလည်းဖွဲ့စုချင်တယ်။ ၂နှစ်တန်သည် ၃နှစ်တန်သည်ကြာတော့မှ ဟောဒီက ကိုမျိုးမော်နဲ့ သမီးလက်ထပ်ဖို့ဆန္ဒ ညှိနှိုင်းပြီး

http://www.cherrythitsar.org



သားပါ။ ဖေဖေ့ကို မိတ်ဆက်ပေးပါဦးမယ်။ ဒါ တခြားလူမဟုတ်ဘူး ဖေဖေ။ ဒီမြို့လေးမှာ တစ်ချိန်က အထင်ကရရှိခဲ့ဖူးတဲ့ 'စံချိန်မီ' ဆီစက် ကြီးရဲ့ မိသားစုအနွယ်ဝင် ကိုမျိုးမော်တဲ့။ သူက ရန်ကုန်မှာ သူငယ်ချင်း တွေနဲ့စုပြီး တည်းခိုအိမ်လုပ်ငန်း လုပ်တယ်။ မေမေတို့ ဘွားဘွားတို့ ဆီကိုလည်း အဝင်အထွက်ရှိပါတယ်။ ဖေဖေနဲ့လည်း တွေ့ဖူးစေချင်လို့ အဖော်ခေါ်လာခဲ့တာပါ"

လို့ ချို့မှိုင်းကပြောပြတော့ ဦးရွှေသာထွန်းဟာ ပြတင်းပေါက် ကတဆင့် အဝေးကိုငေးပြီး စဉ်းစားနေတယ်။

"ဖေဖေစဉ်းစားပါ ဖေဖေ။ သမီးမကြီးနဲ့ အပေါ်ထပ်ခဏ တက်ပြီး စကားတွေပြောလိုက်ဦးမယ်။ ကိုမျိုးရော အပေါ်ထပ်တက်ပြီး ဘုရားခန်းကြည့်ဦးမယ် မဟုတ်လား"

လို့ချို့မှိုင်းကမေးတော့ မျိုးမော်ကခြံထဲဆင်းပြီး လမ်းလျှောက်ဦးမယ် လို့ပြောပြီး ဆင်းလာခဲ့တယ်။

ခြံဝင်းထဲမှာ သက်ရင့်သစ်ပင်ကြီးတွေကအစ ရိပ်ရိပ်ဆိုင်း ဆိုင်းပါပဲ။ သရက်ပင်တစ်ပင်အောက်က ဝါးကွပ်ပျစ်လေးမှာထိုင်ရင်း စီးကရက်တစ်လိပ် မီးညှိဖွာလိုက်မိတယ်။

"မောင်မျိုးမော် ဘာတွေများစဉ်းစားနေလဲ"

ဆိုတဲ့အသံကြားလို့ ဖျတ်ခနဲကြည့်လိုက်တော့ အနားမှာ ရောက်နေတဲ့ ဦးရွှေသာထွန်းကို တွေ့လိုက်ရတယ်။

"ဩော် . . . ဘာရယ်လို့တော့ မဟုတ်ပါဘူး ဦး . . . စိတ် ချမ်းသာမှုဆိုတာ စိတ်ရဲ့ ငြိမ်းအေးမှုနဲ့အတူတူပါပဲ။ မနေ့ကမှားခဲ့ တာတွေဟာ ဒီနေ့မှာဆက်မမှားကြဘဲ၊ နောက်ရက်တွေမှာ ပိုပြီးအမှားအ ယွင်းကင်းလာရင် ငြိမ်းအေးမှုဟာ ကိုယ့်ရင်ထဲရောက်လာမှာပဲဆိုတာ တွေးမိလို့ပါ"

http://www.cherrythitsar.org



လို့ မျိုးမော်က ပြောလိုက်တယ်။

"ငါ့တူက မျိုးကြီးဆွေကြီးပါပဲ၊ ချိုမှိုင်းနဲ့ပတ်သက်လို့ ငါ့တူကို ဦးယုံပါတယ်"

ဦးရွှေသာထွန်းစကားကြောင့် မျိုးမော်လက်ခနဲ အပြုံးရိပ် သမ်းသွားတယ်။

"မိန်းကလေးတစ်ယောက်ရဲ့ မိသားစုဘဝကို အခြေခံကျကျ သိထားရတော့ ညီမချင်းစာနာတတ်ပါတယ် ဦး . . . "

လို့ မျိုးမော်ကပြောပြလိုက်တယ်။

"မင်းစကားကြားရတာ ဦးကျေနပ်ပါတယ်ကွာ"

ဦးရွှေသာထွန်းက ဆေးပြင်းလိပ်ကို ခပ်မှုဉ်းမှုဉ်းဖွာနေတယ်။

"ယောက်ျားတစ်ယောက်ရဲ့ အနိုင်ကျင့်စိုးမိုးမှုအတွက်တွေ ဦး ဘာကြောင့်များ ပြင်းထန်ခဲ့မိတာလဲ မသိပါဘူးကွယ်။ ထားလိုက်ပါ တော့ကွာ။ ဒါတွေလည်း နောင်တမရချင်တော့ဘူးကွာ။ မင်းပြောသလိုပေါ့၊ မနေ့ကအထိကိစ္စတွေပါ။ ချိုမှိုင်းပြောသွားတာ ဟုတ်တယ်ကွ၊ ကြာရင် ပြဿနာက အရမ်းကြီးမားလာမှာ သေချာတယ်။ ဦးရဲ့အတွက်က ဦးကို သတ်တော့မှာလေ။ ခုနက စိတ်အေးအေးထားပြီး တွေးကြည့်တော့ သမီးလေးတွေရဲ့အမေ၊ မေဇင်မမှားပါဘူး။ သူ့နေရာမှာနေကြည့်ရင် ဒီလိုပဲ အားကိုးအားထားဆိုတာ ရှာမိကြမှာပဲ။ ဒါပေမဲ့ သမီးပြောသ လိုဆိုရင် အချိန်မလွန်သေးဘူး။ အချိန်မီသေးတယ်လို့ ဆိုရမှာပေါ့။ ယောက္ခမကို ကျေနပ်တာတွေ၊ မကျေနပ်တာတွေလည်း ပြီးပြီလို့ ဦးစိတ်နှလုံး တုံးတုံးချလိုက်ပါပြီ။ သမီးလေးတွေကို ငဲ့ရမယ့်အချိန် ရောက်နေပြီလေကွာ။ မင်းတို့နဲ့အတူ ဦးတို့သားအဖ ရန်ကုန်လိုက် ခဲ့မယ်။ ဒီမှာတော့ တပည့်တွေ အိမ်အပ်ထားခဲ့ရင်ရပါတယ်။ မေဇင့်ကို ဦးတောင်းပန်လိုက်မယ်။ သူ့ဘက်က ယုံကြည်ကျေနပ်တယ်ဆိုရင်

http://www.cherrythitsar.org



မိသားစု တစ်စုတည်းဖြစ်အောင် ဦးပြန်ပြီးကြိုးစားကြည့်ဦးမယ်”

ဦးရွှေသာထွန်းရဲ့စကားကြောင့် မျိုးမော်စိတ်ထဲမှာ ကြည်နူး သွားတယ်။

“ဝမ်းသာလိုက်တာ ဦးရယ်၊ ချိုမှိုင်းတို့ ညီအစ်မဆီ တက်သွားခွင့်ပြုပါနော် ဦး၊ သူတို့ဝမ်းသာစေချင်လို့ ဦးပြောတာလေးတွေကို ကျွန်တော်သွားပြီး အသိပေးချင်လို့ပါ”

လို့ မျိုးမော်ကပြောတော့ ဦးရွှေသာထွန်းက ခေါင်းညိတ်ပြတယ်။

* * *

ဒီနေ့မနက် ၇နာရီခွဲမှာ ရန်ကုန်စဥ့်အိုးတန်းဆိပ်ကမ်းကို မျိုးမော်တို့စီးလာတဲ့ သင်္ဘောဆိုက်တယ်။

“သမီးတို့ ပြန်နှင့်ကြပါ။ ဖေဖေ လောလောဆယ် ရွှေတောင်တန်းလမ်းက မိတ်ဆွေပွဲစားတစ်ယောက်အိမ်မှာတည်းမယ်။ သမီးကြီးက သမီးငယ်နဲ့လိုက်သွားနော်။ ညနေငါးနာရီလောက် ဗဟိုစည်ဆေးရုံကို ဖေဖေလာခဲ့မယ်။ သမီးအဘွားနဲ့ သမီးမေမေကို ဖေဖေတောင်းပန်စကားတွေပြောမယ်။ သမီးတို့လည်း အနားမှာရှိစေချင်တယ်။ နောက်ပြီးမှ တခြားကိစ္စတွေ မိသားစုတိုင်တိုင်ပင်ပင်နဲ့ ဆက်ပြီး ဆောင်ရွက်ကြတာပေါ့”

လို့ ဦးရွှေသာထွန်းကပြောပြီး အငှားကားတစ်စီးပေါ် မျိုးမော်တို့ကိုတင်ပေးတယ်။ သူကတော့ ဆိုက်ကားငှားပြီး မလှမ်းမကမ်းမှာရှိတဲ့ ရွှေတောင်တန်းလမ်းကို ထွက်သွားတယ်။

“ဗဟိုစည်ဆေးရုံကို မောင်းပါ”

ချိုမှိုင်းက ကားဒရိုင်ဘာကို လမ်းညွှန်တယ်။ နယ်မှာကတည်းက အန်တီမေဇင်ဆေးရုံကဆင်းမယ့်နေ့ကို ဖုန်းဆက်ပြီး

http://www.cherrythitsar.org



မေးထားတော့ မဆင်းသေးတာသိတာနဲ့ ဆေးရုံကိုလာကြတာပါ။

"ဟယ် . . . သမီးကြီးရော၊ သမီးငယ်ရော ပြန်လာကြပြီ"

အန်တီမေဖင်က မြင်မြင်ချင်း ပီတိရိပ်တွေ လွှမ်းသွားတယ်။

"မေမေ သက်သာရဲ့လား"

လို့ စုဝေဖြိုးက မေးတော့ အသံတွေတုန်ပြီး

"အနာကျက်တာနဲ့ သန်ဘက်ခါဆင်းရမှာပါ သမီးကြီးရယ်"

လို့ ဝမ်းသာအားရပြောပါတယ်။

"မောင်မျိုးမော်လည်း ခရီးပန်းလာပြီထင်တယ်"

လို့ မေးနေသေးတယ်။ လူနာစောင့် သူနာပြုမလေးတစ်ယောက်ရှိနေတယ်။ ဦးပြည့်မောင်က သံပရာဖျော်ရည်ပုလင်းနဲ့ လိမ္မော်သီးတွေလာပို့တာ တွေ့ရတယ်။

ချိုမြိုင်းက စာအိတ်လေးတစ်အိတ် သူ့မိခင်လက်ထဲလှမ်းပေးတယ်။ ဆေးမှာ တခြားလူတွေရှိရင် ဆေးရုံပေါ်မှာ ပြောချင်တာပြောရခက်မှာစိုးလို့ဆိုပြီး ဆေးရုံဝနားက လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်ရေးခဲ့တဲ့စာပါ။ စာအိတ်ထဲမထည့်ခင် မျိုးမော်နဲ့စုဝေဖြိုးကိုလည်း ပေးဖတ်ပါသေးတယ်။

*မေမေ*

*ဖေဖေလိုက်လာတယ်။ တစ်နေ့ရာမှာ လောလောဆယ် ခဏ တည်းနေတယ်။ သူ့အမှားတွေကို ဘွားဘွားနဲ့မေမေ့ကို အမှန်တကယ် ဝန်ချတောင်းပန်ပြီး မိသားစု ရေရှည်လက်တွဲမယ်လို့ ကိုမျိုးမော်၊ မမကြီး စုဝေဖြိုးနဲ့ သမီးရှေ့မှာ ဖေဖေကတိပေးပြီး လိုက်လာတာပါ။ ညနေကျရင် အဘွားနဲ့နီတိုးလည်း*

http://www.cherrythitsar.org



*လာမှာမဟုတ်လား။ လူစုံတက်စုံပေါ့။ ညနေ ၅ နာရီဆေးရုံကို ဖေဖေရောက်မယ်။ သမီးတို့လည်း လာခဲ့မယ်။ ဦးပြည့်မောင်ကိုတော့ မေမေ ဒီစာဖတ်ပြီးရင် အကျိုးရယ်အကြောင်းရယ် ပြေပြေလည်လည် ကြိုတင်အသိပေးထားရင် သင့်မယ်လို့ သမီးထင်ပါတယ်။ ဖေဖေလာရင်သာ သူနာပြုဆရာမလေးနဲ့ ဦးပြည့်မောင်ကို ကော်ရစ်ဒါမှာဖြစ်ဖြစ် ခဏလေးထွက်နေပေးဖို့ တောင်းပန်ပေးပါမေမေ။ သူတို့လည်း အနေခက်မှာစိုးလို့ပါ။*

*သမီး*
*ချိုမှိုင်း*

လို့ရေးထားတဲ့စာပါ။

“မေမေ ဖတ်ကြည့်နော်။ သမီးတို့အိမ်ပြန်ပြီး ရေချိုး၊ တစ်ရေးလောက်မှေးလိုက်ဦးမယ်။ ညကသဘော်ပေါ်မှာ စကားတွေထိုင်ပြောကြတာ အိပ်ရေးမဝသေးလို့”

ဆိုပြီး ချိုမှိုင်းက ပြန်ဆင်းလာခဲ့တယ်။ ချိုမှိုင်းနဲ့ စုဝေဖြိုးကိုသူတို့အိမ်လိုက်ပို့ပြီး မျိုးမော်လည်း အလုပ်ရှိရာတည်းခိုအိမ်ကို ပြန်လာခဲ့ပါတယ်။

ဦးဇေယျတင်နဲ့ လုပ်ဖော်ကိုင်ဖက်တွေက ဝမ်းသာအားရဆီးကြိုကြတယ်။ ရေချိုး၊ ထမင်းစားပြီးတော့ လုပ်ငန်းခွင်ကိစ္စလေးတွေဝိုင်းကူလုပ်ပေးနေရာက သတိရတာနဲ့ ဦးဇေယျတင်ရဲ့ အစောင့်အိမ်လေးဆီလာခဲ့မိတယ်။ တကယ်တော့ ဦးဇေယျတင်ကလည်း အန်တီမေဇင်တို့ မိသားစုကိစ္စ အတန်အသင့်သိထားပြီးသားမို့ အခုသွားခဲ့တဲ့ခရီး အတွေ့အကြုံလေးတွေ မျိုးမော်က ပြောပြလိုက်မိတယ်။

http://www.cherrythitsar.org



"အင်း မောင်မျိုးမော် ပြောသလိုဆိုရင်တော့ မေဇင်တို့ဘက်ကလည်း ဒေါသနဲ့အာဃာတတွေ ဖယ်ပစ်သင့်တဲ့အချိန်ပေါ့ကွာ"

"ဒီလိုဖြစ်ပါစေလို့ပဲ မျှော်လင့်ရတာပေါ့ ဦးလေးရယ်"

လို့ မျိုးမော်က ပြောလိုက်မိတယ်။

"ဦးက ဘဝပေးအခြေအနေအရလို့ပဲပြောရမလား၊ စိတ်မဝင်စားခဲ့လို့ ပဲဆိုရမလား၊ အပိုဒုက္ခမရှာချင်လို့ လို့ပဲ ဝန်ခံရမလားတော့ မသိဘူးပေါ့ကွာ။ ဦးမှာ အိမ်ထောင်ဖက်ရယ်လို့ မရှိခဲ့ဘူး။ ဦးရဲ့ သာမန်လူတစ်ယောက်အမြင်နဲ့ပြောရရင်၊ လူရယ်လို့ဖြစ်လာပြီ ဆိုတဲ့အခါ စားဝတ်နေရေးဆိုတဲ့ ဆူးတွေကို အစူးခံရတော့တာပဲ။ မောင်မျိုးမော်စဉ်းစားကြည့်၊ လူဟာ ဒီဆူးတွေကြားထဲမှာ ဆူးအစူးခံပြီး ရုန်းကန်လှုပ်ရှားနေထိုင်ကြရတာ ဘယ်လောက်ပင်ပန်းလဲ။ မစားချင်ပါဘူး၊ မဝတ်ချင်ပါဘူး၊ မနေချင်ပါဘူးဆိုလို့မှ မရတာ။ ဒီတော့ အဲဒီဆူးတွေအစူးခံကြရတယ်။ အဲဒီကြားထဲမှာပဲ တစ်ကိုယ်တည်းဆူးစူးခံရတာ ငြီးငွေ့လှပါတယ်ဆိုပြီး ဘဝကြင်ဖော်ဆိုတဲ့ ပန်းကလေးကို ခူးဆွတ်ချင်ကြပြန်တယ်။ ဒီပန်းကလေးကိုယ့်လက်ထဲရောက်လာတော့လည်း စောစောကပြောတဲ့ ဆူးတွေကြားမှာပဲ လက်တွဲပြီး အတူတကွနေကြထိုင်ကြရတာပဲမဟုတ်လား။ တစ်ဦးနဲ့တစ်ဦး ကျေကျေနပ်နပ် မျှမျှတတနဲ့ နေကြထိုင်ကြရင် ဆူးကြားက ခူးမိတဲ့ ပန်းကလေးတွေဟာ လှနေမွှေးနေတယ်လို့ ထင်စရာပေါ့။ ဒီလိုမှမဟုတ်ဘဲ တစ်ယောက်နဲ့တစ်ယောက် အာဃာတတွေ၊ မာနတွေ၊ ပကာသနတွေနဲ့ ဆူဝေပေါက်ကွဲလာရင် ဆူးကြားကပန်းကလေးဟာ မလှမပဖြစ်ရပြန်တာပေါ့ကွာ။ မင်းရော . . .ဆူးကြားကပန်းကလေး ခူးဖို့နီးပြီလား"

လို့ ဦးဇေယျတင်ကမေးတော့ မျိုးမော်ကပြုံးနေလိုက်မိတယ်။

"ဒါနဲ့ ညနေကျရင် မေဇင်တက်နေတဲ့ဆေးရုံကို ငါ့တူသွားဦးမှာလား"

http://www.cherrythitsar.org



"မသွားတော့ဘူးဦးလေး၊ ဒီညနေက သူတို့မိသားစုပြန်ဆုံပြီး အရေးကြီးတဲ့စကားတွေ ပြောကြဆိုကြမှာဆိုတော့ ကျွန်တော်ရှိနေဖို့ မသင့်တော်ဘူးလေ"

"ဟုတ်တာပေါ့ . . . "

"ချိုမှိုင်းကတော့ အခြေအနေကို ဖုန်းဆက်ပြီး ကျွန်တော်သိအောင် ပြောလိမ့်မယ်ထင်ပါရဲ့"

* * *

မျှော်လင့်ထားတဲ့အတိုင်းပါပဲ။ ညနေ ၇နာရီသာသာလောက်မှာ ချိုမှိုင်းဆီက ဖုန်းလာတယ်။ တထိတ်ထိတ်နဲ့ ဘာများကြားရမလဲဆိုပြီး နားထောင်လိုက်မိတယ်။

"မောင်ရေ . . . ချိုမှိုင်းသိပ်ပျော်တာပဲ မောင်ရယ်။ ညနေကဆေးရုံကို ဖေဖေရောက်လာပြီး ဘွားဘွားနဲ့မေမေ့ကို အမှားတွေ၊ သူဆိုးခဲ့တာ၊ လွန်ခဲ့တာတွေအတွက် ဝန်ချတောင်းပန်လိုက်တာအားလုံး အဆင်ပြေသွားပြီမောင်"

"ဝမ်းသာလိုက်တာ ကလေးရယ် . . . "

"မောင်က ချိုမှိုင်းကို ကလေးတဲ့၊ အချစ်တဲ့၊ ချိုမှိုင်းတဲ့၊ ကဲတခြား ဘယ်လိုများခေါ်ချင်သေးလဲ ပြောပါဦး"

"မိန်းမရေ . . . လို့"

ဖုန်းထဲမှာ ချိုမှိုင်းရဲ့ ရယ်သံလွင်လွင်လေးကြားရတယ်။

"သြော် . . . ဒါနဲ့ ဦးပြည့်မောင်ကြီးအနေအထား ဘယ်လိုရှိလဲ"

"သူလည်း လူမှုရေးနားလည်တဲ့ ပညာတတ်တစ်ယောက်ဖြစ်ကောင်းဖြစ်မှာပါ မောင်ရယ် . . . နောက်ဆုတ်သင့်ပြီလို့ယူဆရတဲ့အခြေ

http://www.cherrythitsar.org



အနေမို့ ထင်ပါရဲ့၊ ညနေက အရိပ်အယောင်တောင် မတွေ့ရဘူး။ ပြီး တော့ မနက်က ချိုမှိုင်းစာကိုဖတ်ပြီး မေမေကသူ့ကို ကြိုတင်စကား ဘာတွေပြောလိုက်မှန်းမှ မသိတာ။ ဘာပဲဖြစ်ဖြစ်မောင်ရယ် . . . ရင်ထဲ မှာ အေးသွားတာပဲ။ မောင် နားလည်ခံစားတတ်မှာပါ”

“သိပ်ဝမ်းသာတာပေါ့။ အန်တီမေဇင် ဆေးရုံကဆင်းတဲ့ည နေကျရင် မောင်လာခဲ့ဦးမယ်နော်၊ ဂွတ်ဒ်နိုက်၊ ဒီညအိပ်ပျော်ပါစေကွယ်”

* * *

ဦးလေးဦးဇေယျတင်ကတော့ ထုံးစံမပျက် သူ့အစောင့်အိမ် ကလေးထဲမှာ ညညဆိုရင် ရေနွေးတစ်အိုးကျိုရင်း ဆေးပေါ့လိပ်ကို ပါးစောင်မှာခဲလို့။

ဒီညလည်း ဆေးရုံကဆင်းပြီး အိမ်ပြန်ရောက်လို့ ကိုယ်ရေး ကိုယ်တာကိစ္စတွေ ဆက်လက်စီစဉ်နေရတဲ့ အန်တီမေဇင့်အခြေအနေကို ပြောပြစမ်းပါဦးဆိုတာနဲ့ မျိုးဇော်က ပြောပြနေရတယ်။

“ဦးရွှေသာထွန်း နယ်ကိုပြန်သွားတယ်ဦးလေး။ သူ့စီးပွား ရေးက နယ်မှာအခြေတည်ထားတာ ဖျက်လို့မရဘူးလေ။ စုဝေဖြိုး လည်း သူ့အဖေနဲ့ ခဏတော့ပြန်လိုက်သွားရတာပေါ့။ ဒီနှစ်ဆယ်တန်း ကို အပြင်ဖြေအနေနဲ့ နယ်အိမ်ကပဲဖြေမယ်တဲ့။ ဒီနှစ်တော့ အောင်လိမ့် မယ်လို့ ထင်တယ်တဲ့။ စုဝေဖြိုးဆယ်တန်းဖြေပြီးရင် ရန်ကုန်က အန်တီ မေဇင်တို့ အိမ်ကို ပြန်လာလိမ့်မယ်။ ဦးရွှေသာထွန်းကတော့ လူသိရှင် ကြား ရန်ကုန်လာရင် အန်တီမေဇင်တို့အိမ်မှာ နေလိမ့်မယ်။ အန်တီ မေဇင်တို့ သားအမိ၊ မြေးအဘွားတွေကလည်း အလုပ်အားရက် ကျောင်းပိတ်ရက်တွေမှာ နယ်ကဦးရွှေသာထွန်းဆီ သွားနေကြလိမ့် မယ်။ စီးပွားရေးကတော့ ပေါင်းလို့မရဘူး ဦးလေးရဲ့။ သူ့လုပ်ငန်းနဲ့သူ မဟုတ်လား”

http://www.cherrythitsar.org



"အေးကွာ ကြားရတာ ကောင်းပါတယ်။ ဒါမျိုးပဲ ကြားချင်တယ်။ မေဇင့်သူငယ်ချင်း ဖြူသွဲ့လည်း ဒီသတင်းကြားပြီးရောပေါ့"

"သိလောက်ပါပြီ ဦးလေး၊ သူတို့ချင်းအဆက်အသွယ်ရှိတတ်ပါတယ်"

"ရေနွေး သောက်ဦးလေကွာ"

"တော်ပြီဦးလေး၊ ကောင်တာကို ခဏသွားလိုက်ဦးမယ်"

"ဧည့်သည်အဝင်အထွက် ကောင်းတယ်မဟုတ်လား"

"ဟုတ်ကဲ့ . . . သင့်ပါတယ်။ သွားလိုက်ဦးမယ်နော် ဦးလေး"

"အေး အေး"

မျိုးမော် ကောင်တာရှိရာ ဧည့်ရိပ်သာဆီကို လှမ်းဝင်လာခဲ့တယ်။ နံရံကနာရီလေးကို မော့ကြည့်မိတယ်။ စိတ်ရဲ့အသိက ညတိုင်း ညတိုင်း ချိုမှိုင်းဆီ ဖုန်းလှမ်းဆက်နေကျအချိန်ရောက်ပြီဆိုတာ သိလိုက်ရတယ်။ ဖုန်းနံပါတ်လေးတွေ နှိပ်လိုက်တယ်။ ဟင် . . . ဖုန်းလိုင်းမအားပါလား။ နာရီဝက်လောက်အကြာမှာ တစ်ခါထပ်ဆက်တော့မှ ချိုမှိုင်းနဲ့ တိုက်ရိုက်ကြုံရတယ်။

"အားနာလိုက်တာ မောင်ရယ် . . . စောစောတုန်းကလေ မေမေပေါ့၊ နယ်ကဖေဖေနဲ့မမကြီးဆီကို ဖုန်းလှမ်းပြောနေတာ အကြာကြီးပဲ ချိုမှိုင်းက စိတ်ရှည်ရှည်နဲ့ နားစွင့်ထိုင်စောင့်နေရတယ် . . . "

"ဩော် . . . အန်တီမေဇင်ပြောတာ ပြောကြပါစေချိုမှိုင်းရယ်။ ခုမှဆူးတွေကြားက ပန်းပွင့်ကလေးဟာ ပြန်ပြီးချိုမှိုင်းတို့ဘဝလေးထဲ ရောက်လာချိန်မဟုတ်လား"

"မှတ်မိပြီ၊ မောင်တို့ခြံထဲက ဦးလေးဦးဇေယျာတင် ပြောတဲ့ ဥပမာလေးကို ချိုမှိုင်းသိအောင် မောင်ပြောပြဖူးတာ မှတ်မိပြီလေ။

http://www.cherrythitsar.org



ဟုတ်တယ်နော်မောင် . . . သူ့ ဥပမာပေးတဲ့အတိုင်းပါပဲ။ စားဝတ်နေရေး ဆိုတဲ့ လူ့ဘဝကို ပိုင်းရံထားတဲ့ ဆူးတွေကြားထဲက ဘဝကြင်ဖော်ရှာ ခြင်းဆိုတဲ့ပန်းကလေးကိုမှ ဆူးစူးပါစေ ခူးပါရစေဆိုသူတွေလည်း အသင်္ချေအနန္တပါပဲ"

"ချိုမြိုင်းနဲ့မောင်လည်း အဲဒီပန်းကလေးကို တစ်နေ့နေ့မှာ ခူးကြရဦးမှာပဲနော်"

"ဟုတ်တယ် မောင်၊ မောင့်အတွက်ဆို ဆူးလေးတွေစူးပါစေ"

ချိုမြိုင်းရဲ့အသံလွင်လွင်လေးကြောင့် မျိုးမော်ရင်ထဲမှာ လန်း ဆန်းပေါ့ပါးသွားရတယ်။

ဩော် . . . ဘဝတစ်ကွေ့ ချမ်းမြေ့လေပြီလို့။ ။

**ဆောင်းဝင်းလတ်**

http://www.cherrythitsar.org

